# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၆၁)


# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးနှင့် နယ်စပ်နှင့် ပုံမှန်ကုန်သွယ်မှုချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်ရေး မေတ္တာရပ်ခံပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။ (ဓာတ်ပုံ)



အဆိုပါ အစည်းအဝေးကို "ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အေးအတူပူအမျှ အနာဂတ်ဆီသို့ - ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊


*စာမျက်နှာ ၄ ကော်လံ ၁* ❏


## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမိန့်အမှတ် (၁၉၈/၂၀၂၀) ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အမိန့်အမှတ် (၁၉၈/၂၀၂၀)
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ ကုန်ကြမ်းယူ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့်ညှိနှိုင်း၍ နောက်ဆက်တွဲအမိန့်စာ ထုတ်ပြန်ပေးရန် ဖော်ပြပါရှိပါသည်။

၂။ နိုင်ငံတော်တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနေမှုများကို ထိရောက်စွာ ထိန်းသိမ်းနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရောဂါဖြစ်ပွားမှုများပြားနေသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆိုပါဒေသများရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို မထိခိုက်စေဘဲ ထိန်းညှိလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❊



**မြေယာခွန် စည်းကြပ်ခြင်းနှင့် ခိုင်ကြေး** ဆောင်းပါး စာ ၆

**အားကောင်းလာသည့် ကာကွယ်ဆေးဆိုင်ရာ မျှော်လင့်ချက်များ** စာ ၁၄





**ကျွန်တော်နဲ့ လူငယ်များ** ဆောင်းပါး စာ ၂၀



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကိုဗစ်အလွန်ကာလနှင့် ခရီးသွားလုပ်ငန်း

ကိုဗစ်ကပ်ရောဂါ၏ ကမ္ဘာကြီးပေါ်သို့ ရိုက်ခတ်မှုများတွင် ကျန်းမာရေးရာသာမက စီးပွားရေးအရထိခိုက်မှုကလည်း အတော်ပင်ကြီးမား၏။ စီးပွားရေးရာထိခိုက်မှုဆိုရာတွင် ကမ္ဘာနှင့်အဝန်းဆက်စပ်ပတ်သက်နေသော ခရီးသွားလုပ်ငန်းများအပေါ် သက်ရောက်မှုက အထူးကြီးမားများပြားလှသည်ဟု ဆိုရပါမည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတစ်ခုလုံး လုံးဝရပ်ဆိုင်းသွားသကဲ့သို့ ဖြစ်ပါသည်။

ရောဂါပိုးကူးစက်ပြန့်ပွားမှုအန္တရာယ်အရ အပန်းဖြေခရီးစဉ်မဆိုထားနှင့် ပုံမှန်မိသားစုအလည်အပတ်ခရီးစဉ်များ၊ ဆေးကုသမှုဆိုင်ရာ ခရီးစဉ်များ၊ စီးပွားရေးအရ တစ်နယ့်တစ်နယ် သွားလာမှုခရီးစဉ်များ စသည့် အလုံးစုံသော ခရီးသွားလာမှုတို့ ရပ်သွား၏။ တစ်နယ်မှ တစ်နယ်သို့၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းသွားလာမှုများမရှိတော့။ ပုံမှန်ရှိနေသော လေယာဉ်ပျံသန်းမှုများ၊ ရထား၊ ကား၊ သင်္ဘောခရီးစဉ်များ အားလုံးရပ်တန့်သွား၏။ ခရီးသွားအများအပြားလာရောက်ရာဒေသများမှ ဟိုတယ်နှင့် တည်းခိုစရာများ၊ စားသောက်ဆိုင်များ၊ အမျိုးမျိုးသော ဧည့်သည်ဝန်ဆောင်မှု လုပ်ငန်းများနှင့်အတူ လုပ်ငန်းရှင်များ၊ လုပ်ငန်းများရပ်၊ ဝင်ငွေအားလုံးရပ် ဖြစ်ကုန်၏။ ယင်းနှင့်အတူ ဝန်ထမ်းများ၊ အလုပ်သမားများအားလုံး အလုပ်မရှိတော့သည့် ပြဿနာကို စတင်ရင်ဆိုင်ရတော့သည်။

ထို့ပြင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများ ရပ်ဆိုင်းရခြင်း၊ ကျဆင်းရခြင်းဖြစ်သည့်အခါ ဒေသခံပြည်သူတို့၏ ဆက်စပ်လုပ်ငန်းများပါ ထိခိုက်မှုများစွာ ဖြစ်ရပါသည်။ ပျံကျဈေးသည်များ၊ အနေးယာဉ်လုပ်သားများ၊ ဒေသခံအစားအစာနှင့် ခရီးသွားအမှတ်တရ လက်ဆောင်ထုတ်လုပ်သည့် အိမ်တွင်းလုပ်ငန်းများ၊ လက်မှုပညာရှင်များ၊ လက်လီရောင်းချသူများ၊ ဧည့်လမ်းညွှန်များ စသည်ဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အလုပ်လုပ်သူအများအပြား ထိခိုက်နစ်နာမှုများ ရှိလာရပါသည်။

အကယ်၍ လာမည့် ဒီဇင်ဘာလဆန်းပိုင်းကာလတွင် ကိုဗစ်ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်လာသောကြောင့် ခရီးသွားလုပ်ငန်းများကို ပြန်လည်ခွင့်ပြုမည်၊ နိုင်ငံများအကြား ပြည်ဝင်ခွင့်ဗီဇာများပြန်လည်ထုတ်ပေးနိုင်မည်ဆိုလျှင်ပင် နိုင်ငံတကာခရီးသွားလာမှုသည် ယမန်နှစ်ကထက် ၇၈ ရာခိုင်နှုန်းထိ လျော့ကျသွားနိုင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထား၏။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းအဖြစ် တင်စားပါသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းတွင် အဓိကအကျဆုံးလုပ်ငန်းအဖြစ် သတ်မှတ်သည့် နိုင်ငံများလည်း ရှိပါသည်။ ခရီးသွားလုပ်ငန်းကို မြှင့်တင်စေခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရာရောက်သလို ကျေးလက်ဒေသများ မဖွံ့ဖြိုးသေးသည့်ဒေသများကိုပါ မြှင့်တင်ပေးနိုင်သည့် အလားအလာကောင်းများ ရှိပါသည်။

မြန်မာနိုင်ငံကဲ့သို့ ခရီးသွားများ စိတ်ဝင်စားစရာ ယဉ်ကျေးမှုအမွေအနှစ်၊ မြို့ပြအမွေအနှစ်၊ သဘာဝ အမွေအနှစ်များ ကြွယ်ကြွယ်ဝဝရှိသောနိုင်ငံအဖို့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းတို့ကို ချိန်ဆတိုးမြှင့်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းကောင်းများ တူတူတန်တန်ရှိနေပါသည်။ ယင်းအလားအလာနှင့် အခွင့်အလမ်းတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်တွဲလျက်ရှိနေသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။ ကိုဗစ်ကပ်ရောဂါကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ကာကွယ်နိုင်သည့် အနေအထားသို့ရောက်ရှိရေးသည် နိုင်ငံ၏ အကျပ်အတည်းမျိုးစုံမှ လွတ်မြောက်ရာလမ်းတစ်ခုဖြစ်ပါသည်။ ယင်းသို့ ထိန်းချုပ်နိုင်ရန် အစိုးရက ထိထိရောက်ရောက် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်သူတို့ကလည်း ဥပဒေနှင့် စည်းမျဉ်းများကို တိတိကျကျ လိုက်နာကျင့်ကြံကြရန်လိုပါသည်။

ကိုဗစ်အလွန်ကာလအတွက်လည်း အထက်ပါ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စိတ်ကူးသစ်များ၊ နည်းနာသစ်များ၊ ပုံစံသစ်များကို ကြံဆကြရန်လည်း လိုအပ်မည်ဟု ယူဆပါသည်။ ကပ်ရောဂါအေးချမ်းသည်နှင့် ခြေချုပ်မိနေကြရသည့် လူအပေါင်းသည် ဘေးကင်းလုံခြုံရာအရပ်များဆီသို့ ခရီးသွားလာကြရန် အလားအလာရှိပါသည်။ မိမိတို့က လွတ်လပ်စိမ်းမြကျယ်ဝန်းသော သဘာဝဝန်းကျင်များကို စနစ်တကျ ဖန်တီးနိုင်လျှင်၊ အမွေအနှစ်ဒေသများကို ကျယ်လွင့်သည့် အာဝါသများဖြင့် ဆွဲဆောင်နိုင်မည်ဆိုလျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အခြေခံများဖြစ်လာမည်ဟု ယုံကြည်ပါသည်။

မူလ လုပ်ရိုးလုပ်စဉ် ခရီးသွားလုပ်ငန်းများနေရာတွင် ခေတ်အခြေအနေနှင့်ကိုက်ညီသော လူမှုနေထိုင်ရေး စံနှုန်းသစ် လုပ်ငန်းအဖြစ် ကြံဆဖန်တီး ပြင်ဆင်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ ကပ်ဘေးအလွန် ခရီးသွားလုပ်ငန်းတိုးတက်ပါစေကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (၂၀၂၀) ကို ဂုဏ်ပြုဆုတောင်းလိုက်ရပါကြောင်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခြွင်းချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပင်လည်ဘူးမြို့နယ် မူးမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**နေပြည်တော် စက်တင်ဘာ ၂၇**



သဘာဝရေပြင်များတွင် ငါးသယံဇာတများပေါ်ကြွယ်ဝစေရန်၊ ဒေသခံပြည်သူများ ငါးစားသုံးမှုဖူလုံလာစေရန်နှင့် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပင်လည်ဘူး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမြစ်ချင်း ငါးသန်ကောင်ရေ တစ်သိန်းအား မျိုးစိုက်ထည့်ခြင်းကို ပင်လည်ဘူးမြို့ မူးမြစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ယမန်နေ့က ဆောင်ရွက်သည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသက်နောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်နှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ် ငါးမွေးမြူထုတ်လုပ်ရေးသမဝါယမအသင်းများမှ ငါးများဈေးချိုသာစွာဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ မနောသုခ ရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် ငါးကန်ဧက ၂၀၀ နှင့် ထော်ကူးရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ပိုင် ငါးကန် ဧက ၁၂၀ တို့တွင် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၊ ငါးကြင်းကောင်ရေ ၁၀၀ ၊ ငါးသိုင်း ခေါင်းပွကောင်ရေ ၅၀ တို့ကို ထည့်သွင်းမွေးမြူခဲ့ပြီး အသားတိုးကာလ ၁၂ လအတွင်း မနောသုခ ရေချိုငါးမွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ငါးပိဿာချိန် ၁၄၀၀၀ နှင့် ထော်ကူးရေချိုငါး မွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ငါးပိဿာချိန် ၇၀၀၀၀ ခန့် အသီးသီးထွက်ရှိကာ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀နှင့် ငါးသိုင်း ခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် စားသုံးသူများသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**



ပြည်သူသာလျှင် အဓိက

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအတွက် စိတ်ခွန်အားမြှင့်တင်ပေးခြင်းသင်တန်းသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော်  စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများအား စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်းနှင့် စိတ်လူမှုစောင့်ရှောက်မှုပေးခြင်း သင်တန်းကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ အတွက် စိတ်ခွန်အား မြှင့်တင်ပေးခြင်း သင်တန်းသို့ အွန်လိုင်းစနစ်ဖြင့် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

### ကူးစက်မှုမရှိရေးသည် အရေးကြီး

ရှေးဦးစွာ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် ထိန်းချုပ်ရေးလုပ်ငန်းစဉ်သည် အဓိကကျပါကြောင်း၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွင် အားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် အကန့်အသတ်ဖြင့် နေထိုင်ရခြင်းရှိမည်ဖြစ်ကြောင်း၊ သို့မှသာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များသည် ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ ထိန်းချုပ်ရာတွင် အဓိကပါဝင်ကူညီဆောင်ရွက်ကြရသူများဖြစ်ကြောင်း၊ ထိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ရောဂါပိုးကူးစက်ခံရမှုမရှိစေရေးနှင့် မိမိမှတစ်ဆင့် အခြားသူများကို ကူးစက်မှုမရှိရေးသည် အရေးကြီးပါကြောင်း။

### ကြိုးစားဖြည့်ဆည်းပေးနေ

ထို့ကြောင့် ရောဂါထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ကြသည့်သူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိနှင့် သတိကောင်းစွာရှိရန် လိုအပ်ပါကြောင်း၊ ထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ကြသူများအတွက် ပံ့ပိုးရန်လိုအပ်ချက်များ၊ အချိတ်အဆက်မိစေရန် စီမံအုပ်ချုပ်မှုများ၊ ရောဂါပိုးကူးစက်ပျံ့နှံ့စေနိုင်သည့် အခြေအနေများ မဖြစ်ပေါ်စေရေးကို အားလုံးက ဝိုင်းဝန်းညှိနှိုင်း၊ အဖြေရှာကြရန် လိုပါကြောင်း၊ ထို့ကြောင့် မိမိတို့ စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် မြေပြင်တွင် လက်တွေ့ကူညီဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများနှင့် ဝိုင်းဝန်းဆွေးနွေးအဖြေရှာ၊ ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ယူဆောင်ရွက်နေသည့် လူမှုရေးဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ၊ အချိတ်အဆက်မိမိ စီမံဆောင်ရွက်နိုင်ရန် ကိစ္စများကို ဆွေးနွေး၊ ညှိနှိုင်း၊ အဖြေရှာခဲ့ပါကြောင်း၊ ထိုလိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် အတတ်နိုင်ဆုံး၊ အလျင်မြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများကိုယ်တိုင်ကလည်း ရောဂါကူးစက်ခံရမည်ကို စိုးရိမ်စိတ်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အပါအဝင် လူတိုင်းက ဤရောဂါကူးစက်ခံရမည်ကို စိုးရိမ်စိတ်ရှိကြပါကြောင်း၊ မိမိကူးစက်ခံရပါက မိမိ၏ မိသားစု၊ ပတ်ဝန်းကျင်ကို ကူးစက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းစီက မိမိကိုယ်ကိုယ် ကူးစက်မခံရအောင် ထိထိရောက်ရောက် စနစ်တကျကာကွယ်နိုင်လျှင် တစ်နိုင်ငံလုံး ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ပါကြောင်း၊ Quarantine Center များတွင် တာဝန်ယူဆောင်ရွက်ကြရသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များအတွက် အရည်အသွေးကောင်းသော ကျန်းမာရေး အကာအကွယ်ပစ္စည်းများ လုံလောက်စွာရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် အစိုးရအနေဖြင့် အတတ်နိုင်ဆုံး စာရင်းဇယားများ အတိအကျကောက်ယူ၍ ကြိုးစားဖြည့်ဆည်းပေးနေပါကြောင်း၊ ယခုလိုအပ်ချက်များမှာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အနေဖြင့် စိုးရိမ်မှု၊ ကြောက်ရွံ့မှု၊ သံသယစိတ်များ ဖြစ်ကြမည်ဖြစ်ပါကြောင်း။

### စိန်ခေါ်မှုကို ကျော်လွှားနိုင်

နေ့စဉ်တာဝန်များ ဆောင်ရွက်ကြရာတွင် တစ်ဖက်မှ စိတ်ဓာတ်တက်ကြွနေသလို တစ်ဖက်မှာလည်း စိုးရိမ်သောကများ ဖြစ်ကြမည်ဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် မဖြစ်မနေ လိုအပ်လာပါကြောင်း၊ ထို့အတွက် ယနေ့သင်တန်းကို စီစဉ်ပေးခြင်းဖြစ်ပြီး စိတ်ဓာတ်မြှင့်တင်ခြင်းနှင့် စိတ်လူမှုဆိုင်ရာတွင် ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့် တစ်ဦး ဆက်ဆံကြရာတွင် မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ သည်းခံစိတ်၊ ယုံကြည်စိတ်များ လျော့နည်းမသွားဘဲ ပိုပြီးစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုလိုစိတ်လူမှုရေးဆိုင်ရာပံ့ပိုးမှုသင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် သည်းခံစိတ်၊ မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ ယုံကြည်စိတ် ပိုမိုများပြားပြီး ပိုမိုရင်းပင်းကူညီနိုင်သည့် ညီညွတ်သော အင်အားများရရှိလာမည်ဟု မျှော်လင့်ပါကြောင်းနှင့် လူတစ်ဦးချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ရလျှင် တစ်နိုင်ငံလုံး ကာကွယ်နိုင်သည့် အဆင့်ကို ရောက်ရှိသွားမည်ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိတ်လူမှုရေးကျွမ်းကျင်ပညာရှင် ဒေါက်တာအေးမြတ်လွင်က "မိမိကိုယ်မိမိ စိတ်ခံစားချက်အပေါ် ဆန်းစစ်ခြင်း"၊ ဒေါက်တာသက်တင်ထွန်း က "စိတ်ဖိစီးမှုအပေါ် ကိုယ်တိုင်ဖြေလျှော့ခြင်း"၊ ဒေါက်တာမြတ်သူစံက "တစ်ဦးချင်းအားပေးခြင်းနှင့် ဝိုင်းဝန်းအားပေးခြင်း" နှင့် ဒေါက်တာမေပြုံးမြင့်က "လိုအပ်ချက်ရှိပါက စနစ်တကျလွှဲပြောင်းပေးခြင်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

### တစ်နေ့လျှင် အချိန်နှစ်နာရီခန့် ဆောင်ရွက်

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ တစ်နေ့လျှင် အချိန် နှစ်နာရီခန့် ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၅၀၀ ခန့် သတ်မှတ်ရက်များအလိုက် တက်ရောက်သွားမည်ဖြစ်သည်။

### Online စနစ်ဖြင့် သင်တန်းများပို့ချ

ထို့ပြင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် စေတနာ့ဝန်ထမ်း သင်တန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စေတနာ့ဝန်ထမ်းအသစ် ၇၇ ဦး တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်များအသင်းတို့မှ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက Online စနစ်ဖြင့် သင်တန်းများ ပို့ချပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ *ရှေ့ဖုံးမှ*

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် လိုက်နာဆောင်ရွက်မည့် အချက်များကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာပေးထားခဲ့ပြီးဖြစ်ပါသည်-

(က) Coronavirus Disease 2019(COVID-19) ကာကွယ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများသို့ လမ်းညွှန်ချက် (၁၉-၃-၂၀၂၀)၊

(ခ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်များသို့ လမ်းညွှန်ချက် (၃၀-၃-၂၀၂၀)၊

(ဂ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များ(၁၉-၄-၂၀၂၀)၊

(ဃ) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန် ချက်(၁၉-၄-၂၀၂၀)၊

(င) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(၂၆-၆-၂၀၂၀)၊

(စ) COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြု လိုက်နာရမည့်အချက်များ (၂၆-၈-၂၀၂၀)။

၄။ ထိုသို့ကြေညာချက်များထုတ်ပြန်ခဲ့သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူ ဖြစ်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကြီးကြပ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ သွားရောက်စစ်ဆေးပြီး ညွှန်ကြားချက်နှင့် ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြု လက်မှတ်များထုတ်ပေး၍ ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည့်အပြင်၁၃-၆-၂၀၂၀ ရက်စွဲဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ကြီးကြပ်ဆောင်ရွက်ရမည့်အစီအစဉ် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

၅။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ထားမှု ရှိ/မရှိကို စာပိုဒ် ၄ ပါအတိုင်း စနစ်တကျကြပ်မတ် စိစစ်ဆောင်ရွက်ပါက COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကိုလည်း ဆက်လက်ဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာပါ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ ကုန်ကြမ်းယူ ကုန်ချောပေး ဆောင်ရွက်သော လက်ခစား လုပ်ငန်း (CMP) များနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်များဖြင့် စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ ဆက်လက်ဖွင့်လှစ်ခွင့် ပြု/မပြု တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဆုံးဖြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

❑ *ရှေ့ဖုံးမှ*

နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးဆဲနိုင်ငံ (၁၃)နိုင်ငံမှ ဒုတိယ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Ms. Amina Mohammed ၊ စီးပွားရေးနှင့်လူမှုရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ် Mr. Liu Zhenmin ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) အုပ်ချုပ်ရေးမှူး Mr. Achim Steiner တို့လည်း တက်ရောက်ကြသည်။

**အလေးထားပြောကြား**

အစည်းအဝေး၌ ဝန်ကြီးများက ကိုဗစ်-၁၉ တိုက်ဖျက်ရေး၊ ကုလသမဂ္ဂ ၂၀၃၀ အာဂျင်ဒါနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာနက်ရှိုင်းစေရေးသည် အရေးကြီးကြောင်း အသိအမှတ်ပြုပြောကြားခဲ့ကြပြီး ကိုယ်စားလှယ်များက ဖွံ့ဖြိုးဆဲနိုင်ငံများအားအရင်းအမြစ်များနှင့် နည်းပညာအကူအညီများ ထောက်ပံ့ရေးအတွက် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း အလေးထားပြောကြားကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ပိုမိုဆိုးရွားလာသည့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပေးအပ်ကြရန် တိုက်တွန်းပြောကြားကြသည်။

**ကာကွယ်ဆေးအဖြစ် ဖြန့်ဝေ**

ပြည်ထောင်စုဝန်ကြီးဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ လက်ရှိကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ တုံ့ပြန်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပုံစံမျိုးစုံကို တိုက်ဖျက်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရင်းအမြစ်အကန့်အသတ်များကြားမှ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ပါက ကမ္ဘာ့ပြည်သူများ အသုံးပြုနိုင်မည့် ကာကွယ်ဆေးအဖြစ် ဖြန့်ဝေပေးရန် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဈေးနှုန်းချိုသာစွာဖြင့် စောစီးစွာရရှိရေးအတွက် တရုတ်နိုင်ငံအား မေတ္တာရပ်ခံပါကြောင်း ထည့်သွင်းပြောကြားသည်။

**မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ကိုဗစ်-၁၉ ၏ ပြင်းထန်သော သက်ရောက်မှုများကို တန်ပြန်ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်သွားရန် လိုအပ်ကြောင်း အလေးထားပြောကြားသည်။

**ပိုးလမ်းမစီမံကိန်း၏ အရေးပါမှု**

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်မှုများ၊ ကျန်းမာရေး ကဏ္ဍဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်မှုများ၊ ပူးတွဲသုတေသနအစီအစဉ်များ တိုးမြှင့်ဖော်ဆောင်မှုတို့ ပြုလုပ်ကြရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိသည့် ကာလအတွင်း ဒေသတွင်းကုန်သွယ်မှုနှင့် ပို့ကုန်တန်ဖိုးကွင်းဆက်များ ခိုင်မာစေရေးအတွက် စီးပွားရေး တုံ့ပြန်မှုများ ပြုလုပ်ရာတွင် ပူးပေါင်းညှိနှိုင်းမှုများ တိုးမြှင့်ဖော်ဆောင်သွားကြရန် အကြံပြုပြောကြားခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မိတ်ဖက်နိုင်ငံများ၌ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များ ပြည့်မီရေးနှင့် ကိုဗစ်-၁၉ အလွန်ကာလ၌ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးတို့အတွက် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အရေးပါမှုကိုလည်း အလေးထားပြောကြားသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်မှုအစီအမံများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်နှင့် ပုံမှန်ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုကွင်းဆက် လွယ်ကူချောမွေ့စေရေးကို မထိခိုက်စေဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း ပြောကြားသည်။

အဆိုပါ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့် အစည်းအဝေးသည် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခါသမယတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောအခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးအပြီး၌ သဘာပတိ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာမြို့ အဝင်/အထွက် ကိုဗစ် -၁၉ ရောဂါ ကျန်းမာရေးစစ်ဆေးရေးဂိတ်များနှင့် အသွားအလာကန့်သတ်ရေးနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မုံရွာ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့် (ခ) ဒေါ်ချူးချူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီက မုံရွာမြို့ အဝင်/အထွက် ကိုဗစ် -၁၉ ရောဂါ ကျန်းမာရေးစစ်ဆေးရေး ဂိတ်များဖြစ်သည့် ကျောက္ကာ၊ မုံရွေး၊ အလုံနှင့် ပြည်တော်သာတို့တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကူညီဆောင်ရွက်ပေးနေသူများအား လည်းကောင်း၊ အသွားအလာကန့်သတ်ရေးနေရာများဖြစ်သည့် မုံရွာစီးပွားရေးတက္ကသိုလ်၊ နန္ဒဝန်အိမ်ရာစခန်းနှင့် ဒေါနခြံရပ်ကွက်တို့သို့ သွားရောက်စစ်ဆေးပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုတို့က တစ်နေ့တာ အာဟာရဒါနအဖြစ် အချိုရည်ဘူးများ၊ စားသောက်ဖွယ်ရာ မုန့်မျိုးစုံတို့အပြင် အပူချိန်တိုင်းပစ္စည်းများနှင့် လက်သန့်ဆေးရည်ဘူးများအား ကုသိုလ်ပြုပေးအပ်ခဲ့ပြီး **(ယာပုံ)** အသွားအလာကန့်သတ်ရေး နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်သူများ အေးချမ်းစွာ အပန်းဖြေနားနေစေရန်အတွက် မုံရွာမြို့ ကန်သာယာကန်တွင် ဆောင်ရွက်လျက်ရှိသော စတီးလက်ရန်း တပ်ဆင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးတိုင်များ သွယ်တန်းတပ်ဆင်ခြင်း၊ သစ်ပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ကျောက်ထုပ်ရိုက်ခြင်း၊ မြက်ခင်းပြင်များပြုလုပ်ခြင်းစသည့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့အားကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**





# ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ လမ်းလုပ်ငန်း ၁၃ ခု ရာနှုန်းပြည့်ပြီးစီး

**ရေကြည် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးမှု အားနည်းသောကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန်နှင့် မိသားစုဝင်ငွေရရှိရေးလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိကျေးရွာ ၁၃ ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စီမံကိန်းရန်ပုံငွေ စုစုပေါင်း ငွေကျပ် သိန်း ၁၃၀၀ ဖြင့်လမ်းလုပ်ငန်း ၁၃ ခုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စက်တင်ဘာလ ပထမပတ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး Cash For Work စီမံကိန်းရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ ၁၃ ရွာရှိ အိမ်ထောင်စု ၈၈၉ စုရှိ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး သွားလာဆက်သွယ်မှုအဆင်ပြေစေရေးအတွက် အကျိုးပြုမည်ဖြစ်ကာ စီမံကိန်းလုပ်သားတစ်ဦးချင်းစီ၏ နေ့စားလုပ်အားခ ရရှိသည့်အတွက် မိသားစုဝင်ငွေရရှိခဲ့ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ်၌ Cash for work စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီး

**ရမ်းဗြဲ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ်တွင် Cash for work စီမံကိန်းလုပ်ငန်းများကို ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များ၌ ကိုဗစ်-၁၉ ကာလ (CERP) အစီအစဉ်အရ Cash for work စီမံကိန်းကို ကျေးရွာပေါင်း ၁၁၁ရွာ၌ ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၁၁၁၀ ဖြင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်း ၁၅၈ ခု၊ ရေရရှိရေးနှင့် ကျန်းမာရေးလုပ်ငန်း ၉၀၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်း ၁၈ ခုနှင့် အခြားလုပ်ငန်း သုံးခု စုစုပေါင်း လုပ်ငန်းခွဲပေါင်း ၂၆၉ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျေးလက်ဦးစီးမှူးရုံးမှ သိရသည်။

၎င်းလုပ်ငန်းခွဲများ အားလုံးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူကာကျေးလက်ဝန်ထမ်းများက နည်းပညာပံ့ပိုးပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရကာ စီမံကိန်းဆောင်ရွက်သည့်မြို့နယ် လေးမြို့နယ်မှ အလုပ်သမား ၁၂၅၂၁၅ ဦးတို့ကို လုပ်ငန်းများ ပေးထားနိုင်ခဲ့သည့်အတွက် စီမံကိန်းကျေးရွာနေပြည်သူများ ဝင်ငွေရရှိသည့်အပြင် မိမိတို့ ကျေးရွာ၌ လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အဦများလည်း ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း ပြည်နယ် ကျေးလက်ဦးစီးဌာနက သိရသည်။ **အောင်လှဖြူ (ရမ်းဗြဲ)**



# သစ်တော သစ်ပင် တို့ချစ်ခင်၊ နှစ်စဉ်စိုက်ပျိုး အလှတိုး

# ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်မြို့နယ်မှတစ်မြို့နယ်သို့ ခွင့်ပြုချက်မရှိဘဲ သွားလာမှု မရှိစေရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြပ်မတ်မှုများ ဆောင်ရွက်နေ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်၌ ပူးပေါင်း ပါဝင်လာစေရေးအတွက် ယနေ့ နံနက်ပိုင်းမှ စတင်ကာ တစ်မြို့နယ်မှတစ်မြို့နယ် ခွင့်ပြုချက်မရှိဘဲ သွားလာမှုမရှိစေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြပ်မတ်မှုများ ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ယနေ့နံနက်ပိုင်းမှ စတင်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(ယာပုံ)**

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများက ပြည်သူများ မိမိနေအိမ်တွင် နေထိုင်ရေးအစီအစဉ်ကို လိုက်နာရန် နှိုးဆော်မှုများ ပြုလုပ်လျက်ရှိပြီး မြို့နယ်ခြားသွားလာမှုများကိုလည်း နေ့စဉ်စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ပြည်သူများ သွားလာရာ၌ သတ်မှတ်ဦးရေထက် ပိုမိုလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိသည်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ထံ အကြောင်းကြား၍ ခွင့်ပြုချက်ဖြင့် သွားလာရန် အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိနေရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခေတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်အသီးသီး(ကိုကိုးကျွန်းမြို့နယ်မပါ)မှ ပြည်သူများအား မိမိနေအိမ်တွင်



နေထိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စက်တင်ဘာ ၂၀ ရက်နေ့ နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ယနေ့မှစတင်ကာ မိမိနေအိမ်တွင် နေထိုင်ရေးအစီအစဉ်ကို အထူးကြပ်မတ်ဆောင်ရွက်နေပြီး ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – IPRD Kamayut**

# ရန်ကုန်တိုင်းဒေသကြီးတွင် မိမိနေအိမ်၌နေထိုင်ရေးကာလ ရက်သတ္တနှစ်ပတ်အတွင်း ခွင့်ပြုလုပ်ငန်းများ လည်ပတ်မည်ဆိုပါက အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးတွင် မိမိနေအိမ်၌နေထိုင်ရေး ကာလ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တနှစ်ပတ်အတွင်း ဖွင့်လှစ်ရန် ခွင့်ပြုထားသည့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်းများသည် လုပ်ငန်းလည်ပတ်ရန်အတွက် အွန်လိုင်းမှ တစ်ဆင့် မှတ်ပုံတင်၍ QR Pass ထုတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က အသိပေးအကြောင်းကြားစာ ထပ်မံထုတ်ပြန်ထားသည်။

အဆိုပါ အကြောင်းကြားစာ၌ မိမိနေအိမ်တွင် နေထိုင်ရေးကာလအတွင်း လည်ပတ်ရန်ခွင့်ပြုထားသောလုပ်ငန်းများမှ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၊ ကုမ္ပဏီ၊ လုပ်ငန်း၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ သွားရောက်ရာတွင်လည်းကောင်း၊ လိုအပ်ချက်အရ အခြားမြို့နယ်များသို့ ဖြတ်ကျော်ရာတွင် လည်းကောင်း QR Pass ရရှိကိုင်ဆောင်ထားရန် လိုအပ်ကြောင်း၊ QR Pass ရရှိထားခြင်းမရှိဘဲ မြို့နယ်တစ်ခုမှတစ်ခုသို့ ဖြတ်ကျော်ခြင်း၊ ခွင့်ပြုထားခြင်းမရှိသောလုပ်ငန်းများ ဖွင့်လှစ်လည်ပတ်ခြင်းများ မပြုလုပ်ရန်လိုကြောင်း၊ ခွင့်ပြုထားသောလုပ်ငန်းများ QR Pass ရယူနိုင်ရန် https://QRpass.SawSawShar. gov. mm သို့ ဝင်ရောက်၍ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။



ကိုဗစ်-၁၉ ကြောင့် မိမိနေအိမ်၌နေထိုင်ရေးကာလအတွင်း ရန်ကုန်မြို့ ပြည်လမ်းမကြီးမှနေ၍ ဟံသာဝတီအဝိုင်းကို တွေ့ရစဉ်။

ထို့ပြင် ပြည်သူများအနေဖြင့် မဖြစ်မနေဈေးဝယ်ယူခြင်း၊ ဆေးရုံဆေးခန်းများသို့ သွားရောက်ခြင်းတို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်ဖြစ်ပြီး ယခု QR Pass အစီအစဉ်တွင် အကျုံးမဝင်ကြောင်း ဖော်ပြထားသည်။

UMFCCI ၏ အသိပေးအကြောင်းကြားစာတွင် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ အလုပ်သမားများ အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေးကာလ ရက်သတ္တနှစ်ပတ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်လိုအပ်ပြီး လိုက်နာမှုမရှိပါက ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကုန်သည်/စက်မှုအသင်းချုပ်မှ ထပ်ဆင့် အသိပေးအကြောင်းကြားကြောင်းလည်း ဖော်ပြထားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်မှုနှုန်းမြင့်မားလာသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမပါ) တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် အိမ်တွင်နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း စက်တင်ဘာ ၂၀ ရက်တွင် အမိန့်ထုတ်ပြန် ကြေညာထားသည်။

**သတင်း-ညွန့်ကိုကို**
**ဓာတ်ပုံ-ဖိုးထောင်**

# သာစည်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထပ်မံမဖြစ်ပွားစေရန် မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်လာမည့်ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန်အချက်များ ကြေညာ

**သာစည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထပ်မံမဖြစ်ပွားစေရန် မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်လာမည့်ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန်အချက်များကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက စက်တင်ဘာ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်စေရန် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

### သုံးရက်ကြိုတင်သတင်းပို့ရန်

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် မည်သည့်ဒေသမှ ပြန်လာသည်ဖြစ်စေ မိမိလာရောက် နေထိုင်မည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ် ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ သုံးရက် ကြိုတင်သတင်းပို့ရန်၊ မိမိနောက်ဆုံးနေထိုင်ခဲ့သည့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်ယူဆောင်လာရန်၊ မိမိနေအိမ်တွင်နေထိုင်ရေးအစီအစဉ် သတ်မှတ်သည့်ဒေသမှ ပြန်လာသူဖြစ်ပါက သက်ဆိုင်ရာမှ ခရီးသွားလာခွင့်



သာစည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များ လိုက်လံကြေညာစဉ်။

ထောက်ခံချက်များ၊ ကျန်းမာရေးထောက်ခံချက်များပါမှသာ လာရောက်ရန်၊ မလိုလားအပ်သော ထိတွေ့ဆက်စပ်မှု မရှိစေရေးအတွက် လာရောက်မည့် ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား၊ ယာဉ်မောင်းအမည်၊ လိုက်ပါမည့် လူဦးရေစာရင်းအား မိမိလာရောက်မည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့ ကြိုတင်၍ တိကျစွာ သတင်းပေးပို့ရန်၊ မိမိလာရောက်မည့်နေရပ်သို့ ရောက်ရှိပါက သက်ဆိုင်ရာမှ ကြိုတင်စီစဉ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ ချက်ချင်းလိုက်နာနေထိုင်ရန်၊ ၎င်းစည်းကမ်းချက်များကို မြို့နယ်အတွင်း ပြန်လည်လာရောက်မည့် ပြည်သူများအနေဖြင့် စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီမှ စတင်ကျင့်သုံးလိုက်နာပေးကြရမည်ဖြစ်ပြီး ကြိုတင်သတင်းပေးပို့မှု၊ ဆက်သွယ်မှုမရှိဘဲ လာရောက်သူများအား ကျန်းမာရေးကဏ္ဍဆောင်ရွက်ပြီးစီးပါက တာဝန်ရှိသူများက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအချက်များကို ပြည်သူများသိရှိစေရန် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်နေ့လျှင် သုံးကြိမ်အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာပေးသွားရန်တို့ ပါဝင်ကြောင်း သိရသည်။

### လူနာလေးဦးသာရှိ

သာစည်မြို့နယ်တွင် ယနေ့အချိန်ထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ခုနစ်ဦးရှိခဲ့ရာ လူနာသုံးဦးမှာ ပိုးမတွေ့ရှိတော့ဘဲ ကျန်းမာရေးကောင်းမွန်ပြီး သတ်မှတ်ရက်ပြည့်သောကြောင့် ဆေးရုံမှဆင်းခွင့်ရရှိကာ လက်ရှိအချိန်တွင် ကိုဗစ်အတည်ပြုလူနာ လေးဦးသာရှိကြောင်း သိရသည်။

**ထွန်းထွန်း(ပြန်/ဆက်)**

# မြေယာခွန်စည်းကြပ်ခြင်းနှင့် ခိုင်ကြေး

ညီညီမင်း(ထွေ/အုပ်)

### ရှေးခေတ် မြေခွန်ကောက်ခံပုံ

မြန်မာနိုင်ငံတွင် မြေခွန်ကို ရှေးမြန်မာမင်းများလက်ထက်မှစ၍ ကောက်ခံလာခဲ့ရာ မျက်မှောက်ကာလအထိ ကောက်ခံနေဆဲဖြစ်သည်။ ရှေးဟောင်း လူ့အဖွဲ့အစည်းများတွင် မြေခွန်အနေဖြင့် စိုက်ပျိုးထွက်ရှိသည့် သီးနှံ၏ အချိုးအစားတစ်ခုကို အုပ်ချုပ်သူများသို့ ပေးကြရသည်။ ယနေ့ မြေခွန်ကောက်ခံမှုစနစ်တွင်လည်း စိုက်ပျိုးထွက်ရှိလာသည့် သီးနှံတန်ဖိုးမှ စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်တို့ကို နုတ်ကာ ကျန်ရှိသည့် အသားတင် လက်ကျန်တန်ဖိုး သင့်တင့်သည့် အချိုးတစ်ခုကို မြေခွန်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မြန်မာ့ လူ့အဖွဲ့အစည်းနှင့် တိုင်းသူပြည်သားများ၏ မိမိတို့ထွန်ယက်စိုက်ပျိုးသည့် အောင်မြင်ဖြစ်ထွန်းလာမည့် အနှံ၊ အသီး၊ အပွင့်၊ အခိုင်တို့မှ ဆယ်ဖို့တစ်ဖို့ကို ပေးရသည့်နည်းတူ အခြားသော လူ့အဖွဲ့အစည်းများတွင်လည်း အောင်မြင်ဖြစ်ထွန်းလာသော ကောက်ပဲသီးနှံများ၏ တစ်စုံတစ်ခုသော အချိုးကို မြေခွန်အဖြစ် အုပ်ချုပ်သူ အရှင်ဘုရင်ထံ ဆက်သရကြောင်း တွေ့ရပါသည်။

ရှေးကျသည့် လူ့အဖွဲ့အစည်းများတွင် လူအားလုံးနီးနီးသည် စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။ အုပ်ချုပ်သူများထံ ဆက်သရသည့် မြေခွန်မှာ ကောက်ပဲသီးနှံထွက်၍ သင့်လျော်ရာသတ်မှတ်ထားသည့် အချိုးအစားတစ်ခုဖြစ်သည်။ မြန်မာ့ လူ့အဖွဲ့အစည်းတွင်လည်း မြန်မာဘုရင်များ ခေတ်အခါက ရွှေခွန်၊ ငွေခွန်၊ တောခွန်၊ ယာခွန်၊ ကိုင်းခွန်၊ ကင်းခွန်၊ သစ္စေးတော်ခွန်၊ တရားကွမ်းဘိုး၊ ဖရောင်းခွန်၊ သစ်သီးခွန်၊ အဘိုးတော်အခွန်တော်၊ စပါးအခွန်တော် စသဖြင့် အမျိုးမျိုးအထွေထွေသော အမည်များဖြင့် သမုတ်ခေါ်ဝေါ်၍ အခွန်အမျိုးမျိုးကို ကောက်ခံခဲ့သည်။ အင်္ဂလိပ် ကိုလိုနီခေတ်တွင်လည်း မြေခွန်တော်၊ ဆားခွန်၊ လူခွန်၊ အမြတ်တော်ခွန်၊ ဝင်ငွေခွန်၊ တံဆိပ်တော်ခွန်၊ ယစ်မျိုးခွန် စသည်ဖြင့် အခွန်အမျိုးမျိုးကို ကောက်ခံခဲ့ကြသည်။

### ကိုလိုနီခေတ်က မြေခွန်

ကိုလိုနီခေတ်တွင် မြေခွန်သည် အင်္ဂလိပ်အစိုးရက ကောက်ခံသည့် အခွန်အကောက် အရပ်ရပ်တို့တွင် ထိပ်ဆုံးက ရပ်တည်ခဲ့သည့် အခွန်အကောက်တစ်ရပ်ဖြစ်သည်။ ၁၉၃၉-၁၉၄၀ ပြည့်နှစ်တွင် မြေခွန်ကောက်ခံရရှိငွေမှာ ကျပ် ၅၁ သန်းခန့်ရှိရာ အရပ်ရပ်ရရှိသည့် စုစုပေါင်းအခွန်၏ သုံးပုံတစ်ပုံနီးနီး ရှိခဲ့သည်။ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကောက်ခံရရှိသည့် အခွန်အကောက် ငွေစုစုပေါင်းမှာ ငွေကျပ် ၄၅၇၇ သန်းခန့်ဖြစ်ရာ မြေခွန်မှ ရရှိငွေ ၄၆ ဒသမ ၉၄ သန်းခန့်သည် အခွန်အကောက် အရပ်ရပ် စုစုပေါင်းရငွေ၏ ၀ ဒသမ ၀၁ ရာခိုင်နှုန်းခန့်သာ ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကောက်ခံရရှိသည့် အခွန်အကောက် စုစုပေါင်းသည် ငွေကျပ် ၇၁၂၂၃၂၁ သန်းခန့်ဖြစ်ပြီး မြေခွန်မှရရှိငွေမှာ ငွေကျပ် ၄၄၂၄ ဒသမ ၆၃ သန်းခန့်ဖြစ်ရာ အခွန်အရပ်ရပ် စုစုပေါင်းရငွေ၏ ၀ ဒသမ ၀၆၂ ရာခိုင်နှုန်းခန့်သာဖြစ်ကြောင်း တွေ့ရှိရသည်။

### မြေမျိုးကြီးများ ခွဲခြားခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များတွင် မြေခွန်နှုန်းထားသတ်မှတ်ခြင်းနှင့် မြေခွန်စည်းကြပ်ခြင်းလုပ်ငန်းသည် ပင်မလုပ်ငန်းများဖြစ်ကြသည်။ မြေခွန် သတ်မှတ်နိုင်ရန်အတွက် ၁၉၂၈ ခုနှစ် ကြေးတိုင်သွန်သင်ချက်(ကြေးတိုင်လုပ်ငန်းဆောင်ရွက်ခြင်း)အရ မြေမျိုးကြီး ခုနစ်မျိုး ခွဲခြားသတ်မှတ်သည်။ ယင်းမြေမျိုးကြီးများမှာ လယ်မြေ(မိုးကောင်းသောက်)၊ လယ်မြေ(ဆည်ရေသောက်)၊ ယာမြေ၊ ကိုင်း/ကျွန်းမြေ၊ ဥယျာဉ်ခြံမြေ၊ ဥယျာဉ်ခြံမြေ(ဆည်ရေသောက်)နှင့် ဓနိမြေတို့ ဖြစ်သည်။

မြေမျိုးကြီးများ သတ်မှတ်ခြင်းနှင့် မြေမျိုး အတန်းအစား သတ်မှတ်ခြင်းကို ကြေးတိုင်စိုက်ခြင်းဖြင့် ခွဲခြားဆောင်ရွက်သည်။ ကြေးတိုင်သွန်သင်ချက်တွင် ညွှန်ကြားချက်အရ ကြေးတိုင်လုပ်ငန်းဆောင်ရွက်ရာ၌ အခွန်တော်ရပ်ကွက်ခွဲခြားခြင်း၊ မြေမျိုးကြီး ခွဲခြားခြင်း၊ မြေမျိုးအတန်းအစားခွဲခြားခြင်း၊ သီးနှံအထွက်နှုန်း ရိတ်သိမ်းစစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ သီးနှံဈေးနှုန်း(တလင်းပေါက်ဈေးနှုန်း)စုံစမ်းစစ်ဆေးခြင်း၊ တစ်ဧက သီးနှံစိုက်ပျိုးမှုကုန်ကျစရိတ် မေးမြန်းစစ်ဆေးခြင်း၊ အသားတင် အကျိုးအမြတ် တွက်ချက်ခြင်း၊ ဓမ္မတာအထွက်နှုန်း သတ်မှတ်ခြင်းနှင့် မြေခွန်နှုန်းထားသတ်မှတ်ခြင်း လုပ်ငန်းစဉ်များကို အခြေခံ၍ မြေမျိုးအတန်းအစားများနှင့် အခွန်နှုန်းများကို စည်းကြပ်နိုင်ရန် သတ်မှတ်ဆောင်ရွက်သည်။

### ကြေးတိုင်စိုက်ပြီး အခွန်ကောက်ခံခြင်း

ကြေးတိုင်သွန်သင်ချက်အရ ကြေးတိုင်စိုက်ပြီး ဒေသများတွင် မြေမျိုးအတန်းအစား ခွဲခြားရာ၌ ရေမြေသဘာဝ၊ သီးနှံအထွက်နှုန်းနှင့် အသားတင် အကျိုးအမြတ်များအပေါ် မူတည်၍ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အများအားဖြင့် လယ်မြေတွင် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းဟူ၍ လည်းကောင်း၊ ယာမြေတွင် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ဟူ၍လည်းကောင်း သုံးမျိုး ခွဲခြားသတ်မှတ်သော်လည်း အချို့ဒေသများတွင် အဆင့်အတန်းလေးမျိုးမှ ခုနစ်မျိုးအထိ ခွဲခြားသတ်မှတ်သည်။ ထိုသို့ မြေမျိုးအဆင့်အတန်းအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကိုလည်း ကြေးတိုင်ပြန်တမ်းဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ကြေးတိုင်လုပ်ငန်းဆောင်ရွက်၍ မြေခွန်နှုန်းသတ်မှတ်ပြီး ဒေသများတွင် နောက်ဆုံးဆောင်ရွက်ခဲ့သည့် ကြေးတိုင်မှ သတ်မှတ်သော မြေခွန်နှုန်းထားများဖြင့် မြေခွန်စည်းကြပ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ဘဏ္ဍာရေးနှင့် အခွန်ဌာန၏ ၁၉၆၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နေ့စွဲပါ အမိန့်ကြေညာစာ အမှတ်(၄၂၅)ကို ထုတ်ပြန်၍ ကြေးတိုင်စိုက်ပြီးဒေသများ၌ ကြေးတိုင် မြေခွန်နှုန်းထားများဖြင့် ဆက်လက်စည်းကြပ်ရန်နှင့် ကြေးတိုင်မစိုက်ရသေးသည့် ဒေသများတွင် စပါးစိုက်ပျိုးပါက တစ်ဧက ၁ ကျပ် ၅၀ ပြားနှုန်း၊ အခြားသီးနှံ စိုက်ပျိုးပါက တစ်ဧက ၁ ကျပ်နှုန်းဖြင့် စည်းကြပ်ရန် ပြဋ္ဌာန်းခဲ့သည်။ ကြေးတိုင်စိုက်၍ မြေခွန်နှုန်းထားများ သတ်မှတ်ခဲ့သည့် ခရိုင်ပေါင်း ၃၆ ခုရှိသည်။ နောက်ဆုံး ကြေးတိုင်စိုက်ခဲ့သည်မှာ မြောင်းမြခရိုင်ဖြစ်ပြီး ၁၉၃၈-၁၉၄၀ ပြည့်နှစ်တွင် ဖြစ်သည်။

မြေခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၁၈၇၆ ခုနှစ် မြေနှင့်အခွန်အက်ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရပြီး လက်ရှိ ကောက်ခံလျက်ရှိသော မြေမျိုးကြီးအလိုက် ပျမ်းမျှ တစ်ဧက မြေခွန်စည်းကြပ်မှုများမှာ ကြေးတိုင်စိုက်ပြီးဒေသတွင် အမြင့်ဆုံးနှုန်း တစ်ဧက ၉ ကျပ် ၇၅ ပြားခန့်မှ အနိမ့်ဆုံးဈေးနှုန်း တစ်ဧက ပျမ်းမျှ ၁ ကျပ် ၁၄ ပြားနှုန်းခန့်ဖြင့် စည်းကြပ်ကောက်ခံလျက်ရှိသည်။ ကြေးတိုင်စိုက်ပြီးဒေသတွင် အထူးသီးနှံဖြစ်သည့် ကြံ၊ ဆေး၊ ကြက်သွန်နှင့် ကွမ်းအတွက် တစ်ဧက မြေခွန်စည်းကြပ်နှုန်း ပျမ်းမျှ ၁၂ ကျပ် ၅၀ ပြားမှ အနိမ့်ဆုံးဈေးနှုန်း တစ်ဧကလျှင် ၃ ကျပ်နှုန်းဖြင့် မြေခွန် စည်းကြပ်ကောက်ခံလျက်ရှိသည်။

### ဆိုရှယ်လစ်ခေတ် မြေခွန်ကောက်ခံခြင်း

၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးဖော်ဆောင်သည့် ကာလမှစ၍ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တိုင်အောင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ မြေခွန်စည်းကြပ်ခြင်း စာရင်းများနှင့် မြေခွန်ပြေစာများကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ပေးပို့ပါသည်။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၏ ၂၈-၂-၁၉၈၉ ရက်စွဲပါ စာအမှတ်၊ ၀၂၃/၁-၁/နဝတ ဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ရရှိသော မြေခွန်ပြေစာများကို ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ပေးပို့၍ ကျေးရွာပြည်သူ့ကောင်စီများမှတစ်ဆင့် မြေခွန်ကောက်ခံခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် မြေခွန်ကောက်ခံခြင်းလုပ်ငန်းကို ပြည်တွင်းအခွန်များဦးစီးဌာနထံမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လွှဲပြောင်းရယူခဲ့သည်။ သို့ဖြစ်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ပေးပို့သော ပြေစာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ခံ၍ ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များသို့ ဖြန့်ဝေပြီး မြေခွန်ကို ကောက်ခံစေလျက်ရှိသည်။ လက်ရှိအချိန်တွင် မြေခွန်စည်းကြပ်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆောင်ရွက်၍ မြေခွန်ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ကောက်ခံရရှိသည့် အခွန်ငွေများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)၊ အပိုဒ် ၁(ဂ)ပါ "မြေယာခွန်"ဟူသည့် ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိသည်။

### ခိုင်ကြေးဆိုသည်မှာ

တည်ဆဲမြေခွန်နှုန်းထားများအရ မြေခွန်စည်းကြပ်လျက်ရှိရာ စည်းကြပ်သည့်မြေခွန်ပေါ်တွင် နောက်ထပ် ၁၀ ရာခိုင်နှုန်း ထပ်မံစည်းကြပ်သည့် ငွေကို ခိုင်ကြေးဟုခေါ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ခိုင်ကြေးဆိုသည်မှာ အခွန်တော်ကောက်ခံပေးရသည့်အတွက် အချိုးကျရငွေဖြစ်ပြီး အခွန်တော်အပေါ်၌ ခိုင်ကြေးကိုရသည်ဟု ဆိုလိုပါသည်။ ၁၈၈၀ ပြည့်နှစ် ခရိုင် ခိုင်ကြေးအက်ဥပဒေ (The District Cesses Act,1880) ပုဒ်မ(၁)အရ မြူနီစီပယ် အက်ဥပဒေ အာဏာသက်ရောက်သည့် မြို့မြေ(Urban Area)များသည် ခိုင်ကြေးအက်ဥပဒေတွင် အကျုံးဝင်ခြင်းမရှိသဖြင့် မြူနီစီပယ်အက်ဥပဒေ အာဏာသက်ရောက်သည့် မြို့မြေ(Urban Area)များအတွင်း စည်းကြပ်သည့် မြေခွန်ပေါ်တွင် ခိုင်ကြေးမထည့်သွင်းရကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် အက်ဥပဒေ အမှတ်(၂၅)ဖြင့် ပြဋ္ဌာန်းထားသော ခရိုင်ခိုင်ကြေးအက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ(The District Cesses Amendment Act,1947)အရ အထက်မြန်မာနိုင်ငံတို့လည်း အကျုံးဝင်သည်ဟု ဖော်ပြထားသည့်အတွက် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အကျုံးဝင်ကြောင်း လေ့လာတွေ့ရှိရသည်။

ယခင် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၁၉၇၃ ခုနှစ် ဇူလိုင် ၃၀ ရက် စာအမှတ် (၁-၂/၄/အဒ-၂)ဖြင့် ခိုင်ကြေး(Cess)နှင့် ပတ်သက်သည့် အထွေထွေညွှန်ကြားချက်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူးများအားလုံးသို့ ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ယခင် ဒီစတြိတ်ကောင်စီနှင့် ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရန်ပုံငွေ အဖွဲ့အစည်းဟောင်းများ ကဲ့သို့ပင် ခိုင်ကြေး(Cess)များကို မိမိတို့နယ်နိမိတ်အလိုက် အချိုးကျရပိုင်ခွင့်ရှိကြောင်း ညွှန်ကြားထားသည်။

၁၉၇၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ လယ်ခွန်၊ မြေခွန်များ ပေးသွင်းသူတို့သည် အခွန်ကောက်လက်မှတ်တွင် ပါရှိသည့်အတိုင်း ငွေအားလုံးကို မြေခွန်များ တာဝန်ယူကောက်ခံရသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ရငွေစာရင်းတွင် ပေးသွင်းရပါမည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေထုတ်သူ အရာရှိက ထိုရငွေများကို သက်ဆိုင်ရာ အခွန်ငွေခေါင်းစဉ်အောက်တွင် စုစုပေါင်းစာရင်းချုပ်ဖြင့် သက်ဆိုင်ရာလကုန်ဆုံးသည့် နောက်လလဆန်း ၇ ရက်ထက် နောက်မကျစေဘဲ တစ်လအတွင်း ကောက်ခံရရှိသည့် အခွန်များအနက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ပြန်လည်ထုတ်ပေးရန် ခိုင်ကြေးအားလုံးကို တွက်ချက်ပြီး သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ထုတ်ပေးရမည်ဟု အထက်ပါ ညွှန်ကြားချက်တွင် ဖော်ပြပါရှိသည်။

ယနေ့အချိန်အခါတွင် မြေခွန် ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ မြေခွန်ကောက်ခံခြင်း တာဝန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရမည်ဖြစ်သည်။ ငွေကို အထူးမျဉ်းသား ချက်လက်မှတ်ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံသို့ ထုတ်ပေးရန်ဟု ညွှန်ကြားထားပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူးသည် အထူးမျဉ်းသား ချက်လက်မှတ်ကို လက်ခံရရှိကြောင်း မိမိစာရင်းတွင် သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်ဖြစ်သော ၁-၁။ ပစ္စည်းခွန်များ၊ ၁-၁။ အိမ်နှင့် မြေယာခွန်များဟု စာရင်းပြုစု၍ ရငွေစာရင်းသို့ပေးသွင်းရန် အထက်ပါညွှန်ကြားချက်တွင် ညွှန်ကြားထားရှိသည်။

အဆိုပါ ညွှန်ကြားချက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခိုင်ကြေးကောက်ခံခြင်းနှင့် ပတ်သက်၍ မှန်ကန်ခြင်းရှိ/မရှိကို မိမိ ရသုံးမှန်းခြေ ငွေစာရင်းနှင့် နှိုင်းယှဉ်၍ ကောက်ခံရန်ပျက်ကွက်သည့် ကိစ္စများနှင့် ကွဲလွဲချက်များကို ရှာဖွေတွေ့ရှိနိုင်ရန်အတွက် သုံးလတစ်ကြိမ် မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် စာရင်းဂဏန်းများညှိနှိုင်းရန် ဖော်ပြပါရှိသည်။

မြို့နယ်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိသော မြို့မြေများမှ စိုက်ပျိုးမြေများကို ခိုင်ကြေး ကောက်ခံရန်မလိုကြောင်း၊ မြို့မြေငှားခ(Town Land Rent)၊ မြို့တွင်းမြေခွန်(Town Land Revenue)တို့ကိုလည်း ခိုင်ကြေး ကောက်ခံရန်မလိုအပ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ညွှန်ကြားလွှာအမှတ် ၁/၇၃(မယ)ဖြင့် ညွှန်ကြားထားပါသည်။

၁၈၈၀ ပြည့်နှစ် ခရိုင်ခိုင်ကြေး အက်ဥပဒေပုဒ်မ(၄)တွင် **"အခွန်စည်းကြပ်ရာတွင် ကျသင့်သည့်အခွန်ပေါ်၌ ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍ ခိုင်ကြေးအဖြစ် ထပ်မံစည်းကြပ်ရမည်"**ဟု ဖော်ပြပါရှိသည်။

ယင်းညွှန်ကြားလွှာရှိ ခိုင်ကြေး တွက်ချက်ပုံမှာ ခိုင်ကြေးအပါအဝင် မြေခွန် ငွေကျပ် ၁၁၀ ကောက်ခံရရှိသည်။ ပထမအဆင့် ခိုင်ကြေးသည် (၁/၁၁x၁၁၀)=၁၀ကျပ်ဖြစ်ပါသည်။ ထိုဒေသအတွက် လုပ်အားခမှာ ၅ ရာခိုင်နှုန်းနှင့် ရှားပါးစရိတ် ၅ ရာခိုင်နှုန်းဖြစ်လျှင် ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော လုပ်အားခ ၁ ကျပ်ကို အထက်ပါ ခိုင်ကြေး ၁၀ ကျပ်မှ နုတ်ပယ်ရပါမည်။ အသားတင်ခိုင်ကြေးသည် (၁၀-၁)=၉ကျပ် ဖြစ်ပါသည်။ ထို ၉ ကျပ်ကိုသာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ထုတ်ပေးရမည်ဖြစ်သည်။

ခိုင်ကြေးကောက်ခံခြင်းကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ညွှန်ကြားလွှာအမှတ် ၁/၇၃(မယ)ဖြင့် ခိုင်ကြေးစည်းကြပ်ကောက်ခံခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ခိုင်ကြေး(Cess)လွှဲပြောင်းပေးခြင်းကိစ္စ၊ ကြေးတိုင်နှင့် မြေစာရင်း မင်းကြီးရုံး၏ ၁၉၁၁-၁၉၆၉ ရက်စွဲပါစာအမှတ်(၄၇၁/၃သ-၂)ဖြင့် ၁၈၈၀ ပြည့်နှစ် ခရိုင်ခိုင်ကြေးအက်ဥပဒေအရ ခိုင်ကြေးစည်းကြပ်ခြင်း ရှင်းလင်းချက်နှင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃၀-၇-၁၉၇၃ ရက်စွဲပါစာအမှတ်(၁-၂/၄/အဒ-၂)ဖြင့် ခိုင်ကြေး(Cess)နှင့် ပတ်သက်သည့် အထွေထွေညွှန်ကြားချက်တို့ဖြင့် ညွှန်ကြားထားရှိပြီးဖြစ်သည်။ ခိုင်ကြေးနှင့်ပတ်သက်၍ ခေတ်ကာလနှင့် လျော်ညီသော အမိန့် ညွှန်ကြားချက်များကို သက်ဆိုင်ရာဌာနအသီးသီးက ထပ်မံထုတ်ပြန်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

> **"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် မြေခွန်ကောက်ခံခြင်းလုပ်ငန်းကို ပြည်တွင်းအခွန်များ ဦးစီးဌာနထံမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လွှဲပြောင်းရယူခဲ့သည်။ သို့ဖြစ်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ပေးပို့လာသော ပြေစာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ခံ၍ ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များသို့ ဖြန့်ဝေပြီး မြေခွန်ကို ကောက်ခံစေလျက်ရှိ"**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုဗစ် - ၁၉ ရောဂါ ဆက်စပ်သူများထားရှိရာ အိမ်ရာများသို့ အသံချဲ့စက်ဖြင့် အားပေးစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် စက်တင်ဘာ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ လူနာများနှင့် ထိတွေ့ဆက်စပ်သူများထားရှိရာ တောင်ဒဂုံမြို့နယ် အောင်မြင့်မိုရ် အိမ်ရာသို့သွားရောက်၍ အသံချဲ့စက်ဖြင့် အားပေးစကား ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံအတွင်း၊ တိုင်းဒေသကြီးအတွင်း ဖြစ်နေသော ကိုဗစ် - ၁၉ ရောဂါကို မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှသာလျှင် ယခုအခြေအနေမှ လွန်မြောက်နိုင်မှာ ဖြစ်ပါကြောင်း၊ ဒီမှာ ရောက်နေသည့်သူ အားလုံး စိတ်ဓာတ်ကျစရာ မလိုပါကြောင်း၊ ယခုဖြစ်ပေါ်နေသော ရောဂါကြီးကို အားလုံးညီညီညွတ်ညွတ်နှင့် တွန်းလှန်နိုင်ရန် ကြိုးစားနေကြပါကြောင်း၊ အလှူရှင်များနှင့် နိုင်ငံတော်ကလည်း ဖြည့်စွက်ပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ အမြို့မြို့အနယ်နယ်က ဆရာဝန်၊ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များမှ စေတနာရှင် ပုဂ္ဂိုလ်များကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးနေပါကြောင်း၊ ဒါကြောင့် ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်နေကြသူများအားလုံးက မိမိရဲ့ကျန်းမာရေးကောင်းအောင် ကြိုးစားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို ဝိုင်းဝန်းတိုက်ဖျက်ပေးရန် ပြောချင်ပါကြောင်း၊ ယခု ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်နေကြသူများအားလုံး စားရေး၊ နေရေး၊ ထိုင်ရေး အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမအိမ်ရာရှိအုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ရောဂါ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ကိုဗစ် – ၁၉ ရောဂါနှင့် ဆက်စပ်သူများနေထိုင်ရာ အောင်မြင့်မိုရ်အိမ်ရာနှင့် ရိုးမအိမ်ရာတို့အတွက် အလှူရှင်များနှင့် We Love Yangon ပရဟိတ လူမှုကူညီရေးအဖွဲ့က တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အဲကွန်းစက်များ၊ Skynet လိုင်း တပ်ဆင်ထားသော TV များ၊ ထမင်းချက်စားရန် ထမင်းပေါင်းအိုးပေါ်ဆန်းမွှေးဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် အခြားစားဖွယ်တို့ကို လှူဒါန်းထားရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

---

❑ *ကျောဖုံးမှ*

Mv Thor Insuvi သင်္ဘောပေါ်မှ သင်္ဘောသားငါးဦး၊ စုစုပေါင်း သင်္ဘောငါးစင်းပေါ်မှ သင်္ဘောသား ၃၈ ဦး ယမန်နေ့ ညနေပိုင်းက ထွက်ခွာလာရာ ကော့သောင်းမြို့ ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် ဟိုတယ်၌ အသွားအလာကန့်သတ်စောင့်ကြည့်ရန် ၁၄ ရက်ထားရှိပြီး ၎င်းတို့၏ တို့ဖတ်နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ထွက်ခွာလာသည့် အဆိုပါ မြန်မာသင်္ဘောသား ၃၈ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MV.Doreen သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးဟိန်းမွန်အောင်ပါ သင်္ဘောသား ရှစ်ဦး၊ M.T S-T Jacobi သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးသန်းထွန်းပါ သင်္ဘောသား ၁၂ ဦး၊ MT Global Iris သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးသန့်ဇင်ပါ သင်္ဘောသား ရှစ်ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်ပြီး MV Yu Rong သင်္ဘောနှင့် MV Thor Insuvi သင်္ဘောများပေါ်သို့ တက်ရောက်မည့်သင်္ဘောသားများ မပါရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---

# ကျောက်ဆည်မြို့၌ စပါးခင်းဧက ၁၅၀ တွင် ငါးမျိုးများစိုက်ထည့်

**ကျောက်ဆည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကျောက်ဆည်ခရိုင်ငါးဦးစီးနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၇ ရက်တွင် ကျောက်ဆည်မြို့နယ် ငါးလုန်ကုန်းကျေးရွာအတွင်းရှိ စပါးခင်းဧက ၁၅၀ တွင် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ အား စပါးစိုက်တောင်သူများသို့ ပေးအပ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စပါးခင်းများအတွင်း အခမဲ့မျိုးစိုက်ထည့်ပေးသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ငါးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စပယ်လှိုင်နှင့် ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် စခန်းဝန်ထမ်းများ၊ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စပါးစိုက်တောင်သူများ တက်ရောက်ကြောင်း သိရသည်။


**သတင်းစဉ်**

---

# ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာသာရှိသည့် မြန်မာ့ရေချိုငါးမျိုးစိတ်သစ်များကို မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းဒေသများ၌ တွေ့ရှိမှတ်တမ်းတင်နိုင်

**မိုးညှင်း စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းဒေသများ၌ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာသာရှိသည့် မြန်မာ့ရေချို ငါးမျိုးစိတ်သစ်များကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(မြန်မာ)FFI မှ သိရသည်။



ချင်းတွင်းရေချို ငါးလိပ်ကျောက် (*Makararaja chindwinensis*)



မိကျောင်းသွားကြားထိုးတံငါး (*Microphis dunckeri*)



အင်းတော်ကြီးငါးသလဲထိုး (*Schistura indawgyiana*)

**ဒေသအလိုက်မှတ်တမ်းတင်နိုင်**

ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(မြန်မာ)FFI သည် မြန်မာနိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းရန်နှင့် မြန်မာ့ငါးမျိုးစိတ်များစာရင်းကို ပြုစုနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ ဒေသတွင်းတက္ကသိုလ်များမှ ပညာရှင်များနှင့်အတူ ပူးပေါင်းလေ့လာခဲ့ရာ မြန်မာ့မြစ်ချောင်းများမှ သိပ္ပံအတွက် မျိုးစိတ်အသစ်များနှင့် ရှားပါးမျိုးစိတ်များကို နေရာဒေသအလိုက် မှတ်တမ်းတင်နိုင်ခဲ့သည်ဟု ဆိုသည်။

ထိုသို့ လေ့လာမှတ်တမ်းတင်မှုများဆောင်ရွက်မှုနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(မြန်မာ)FFI မှ ရေချို ရေငန်ထိန်းသိမ်းရေးအစီအစဉ်မန်နေဂျာ ဦးဇော်လွန်းက "မေခ၊ မလိခမြစ်တွေမှာ ငါးမျိုးစိတ် ၄၆ မျိုး၊ အင်းတော်ကြီးဒေသမှာ ၉၅ မျိုး၊ ဧရာဝတီမြစ်မှာ ၁၁၆ မျိုး၊ တနင်္သာရီမြစ်မှာ ၁၁၃ မျိုး၊ လေညာမြစ်မှာ ၅၄ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အသစ်တွေ့ရှိရတဲ့ ငါးမျိုးစိတ်သစ် ၁၀ မျိုးကို သိပ္ပံအမည်သစ်တွေပေးပြီး အပြည်ပြည်ဆိုင်ရာသိပ္ပံစာစောင်တွေမှာ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်" ဟု ပြောသည်။

**ရေချိုငါးမျိုးစိတ်များဖြစ်**

ယခုမျိုးစိတ်သစ်အဖြစ် သတ်မှတ်ခံရသည့် ငါးမျိုးစိတ်များသည် ငါးသလဲထိုးအုပ်စုဝင်နှင့် တောင်ပေါ်ရေစီးသန်သောချောင်းများရှိ ကျောက်များတွင်ကပ်လျက် ရှင်သန်နေထိုင်နေသည့် ငါးစင်ရိုင်းပုံသဏ္ဌာန် ရေချိုငါးမျိုးစိတ်များဖြစ်ပြီး မေခနှင့်မလိခမြစ်များမှ လေးမျိုး၊ အင်းတော်ကြီးဒေသမှ လေးမျိုး၊ တနင်္သာရီမြစ်မှ တစ်မျိုးနှင့် သံလွင်မြစ်ဝှမ်းမှ တစ်မျိုးတို့ဖြစ်ကြောင်း၊ ကမ္ဘာပေါ်၌ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏



မလိခငါးသလဲထိုး (*Malihkaia aligera*)

ရေချိုမြစ်ချောင်းများတွင်သာ တွေ့နိုင်သော ဒေသရင်းမျိုးစိတ်များဖြစ်သည့် အင်းတော်ကြီးဒေသမှ မိကျောင်းသွားကြားထိုးတံငါး (Microphis dunckeri)နှင့် ချင်းတွင်း ရေချိုငါးလိပ်ကျောက် (Makararaja chindwinensis) တို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ငါးထိန်းသိမ်းရေးရေပြင်**

မြန်မာ့ရေချို ငါးလုပ်ငန်းကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစ်ချောင်းများအတွင်း နေထိုင်ကျက်စားသည့် ငါးသယံဇာတတို့၏ စာရင်းကို မှတ်တမ်းတင်ရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် မည်သည့်မြစ်၊ ချောင်းများတွင် မည်သည့် ငါးအမျိုးအစားများ ရှင်သန်ကျက်စားနေကြောင်း သိရှိရရာ အဆိုပါ ငါးအမျိုးအစားများ မပျောက်ကွယ်သွားစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ငါးများအတွက် အရေးပါသော ငါးနေငါးထိုင်နေရာများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ဒေသခံများနှင့် ပူးပေါင်းထိန်းသိမ်းသော ရေချိုငါးထိန်းသိမ်းရေးရေပြင် (Locally Managed Freshwater Area-Fish Conservation Zone) များ တည်ထောင်နိုင်ရန်အတွက် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့်အတူပူးပေါင်းပြီး ဒေသခံများနှင့်ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် Indo-Burma Biodiversity Hotspot ခေါ် အင်ဒို-မြန်မာ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲနေရာတွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲအရ အရေးပါသောနေရာ အဓိကနေရာ ၁၀ နေရာထဲတွင် အပါအဝင်ဖြစ်ကြောင်း၊ ဒေသမျိုးရင်း သတ္တဝါနှင့်အပင်များ၊ ကမ္ဘာပေါ်တွင် ရှားပါးသောသတ္တဝါများ၊ အပင်များနှင့် ၎င်းတို့ရှင်သန်နေထိုင်ရန်အတွက် ကောင်းမွန်သောနေရာများ တည်ရှိနေမှသာလျှင် Biodiversity Hotspot ခေါ် ဇီဝမျိုးစုံမျိုးကွဲများအတွက် အရေးပါသော နေရာများအဖြစ် သတ်မှတ်ကြောင်း၊ သို့ဖြစ်၍ အင်ဒို-မြန်မာ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲနေရာထဲတွင် ပါဝင်သော မြန်မာ့ရေမြေတောတောင်တို့တွင် သတ္တဝါနှင့် အပင်အမျိုးအစားစုံလင်စွာ ပေါက်ရောက်ကျက်စားနေကြကြောင်း၊ ဧရာဝတီမြစ်၊ မေခမြစ်၊ မလိခမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ တနင်္သာရီမြစ်၊ ကုလားတန်မြစ်ကြီးများနှင့်အတူ ၎င်းမြစ်ကြီးများအတွင်း စီးဝင်နေသော မြစ်လက်တက်များသည် မြန်မာ့ရေချိုငါးများအတွက် လွန်စွာအရေးပါသော ငါးနေငါးထိုင်နေရာများဖြစ်ကြောင်း၊ အဆိုပါ မြစ်ကြီးများနှင့် မြစ်၊ ချောင်းလက်တက်များကို အမှီပြု၍ မြန်မာ့ရေချိုငါးများသည် အစုန်အဆန် ကူးခတ်သွားလာနေကြပြီး မြန်မာလူမျိုးများအတွက် ငါးဖမ်းလုပ်ငန်း၊ ၎င်းမှတစ်ဆင့် မြန်မာလူမျိုးများ၏ အဓိကအာဟာရဓာတ်ဖြစ်သော ငါးပိ၊ ငံပြာရည်နှင့်အတူ ရေချိုငါးလုပ်ငန်းကဏ္ဍမှ နိုင်ငံအတွက် အခွန်ဘဏ္ဍာများရစေရန် ပံ့ပိုးပေးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (မြန်မာ) FFI မှ သိရသည်။

**သတင်း-ပိန်းဇလုပ်သိန်းညွှန့်**
**ဓာတ်ပုံ-FFI**

# အခြေအမြစ်မရှိတဲ့ ကုသနည်းတွေကို ယုံရင်မှားမယ်



အခြေအမြစ်မရှိတဲ့ ကုသနည်းတွေကို ဖြန့်ပေးနေတာတွေ ရှိတယ်လို့ ကျွန်မနားလည်ပါတယ်။ အဲဒီဟာတွေကို နားထောင်ပြီးတော့၊ ယုံကြည်ပြီးတော့ အဲဒီလိုလုပ်လို့၊ ကုသလို့ ရမယ်ဆိုလို့ရှိရင် မှားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုထိ ကိုဗစ်ရောဂါ မဖြစ်အောင် ဘယ်လိုကာကွယ်နိုင်လဲဆိုတာ ဘယ်သူမှ သတ်သတ်မှတ်မှတ် မသိသေးပါဘူး။ ကာကွယ်ဆေးတွေ ထုတ်လုပ်ဖို့ ကြိုးစားနေတဲ့နိုင်ငံတွေ ရှိပါတယ်။ ကာကွယ်ဆေးတွေ ထုတ်လုပ်လို့ ရခါနီးပြီလို့ ကျွန်မနားလည်ပါတယ်။ တချို့နိုင်ငံ ၂ နိုင်ငံ၊ ၃ နိုင်ငံလောက်မှာ၊ ဒါပေမယ့် တကယ်ရတယ်၊ တကယ်သေချာတယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီးတော့ ဒီဟာ မှန်ကန်တယ်လို့ သတ်မှတ်လိုက်လို့ရှိရင် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေအတွက် စောစောရနိုင်ဖို့အတွက် ကျွန်မတို့ အခုကတည်းကစပြီး စီစဉ်နေပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၄၃ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၀၇၃၄ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၆ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၇ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၅၂၇၂ ခု အား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၄၃ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၀၇၃၄ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၀၇၃၄ ဦးအနက် သေဆုံးသူ ၂၂၆ ဦးနှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၈၆၂ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၄၅၁၅၄ | ၁၀၇၃၄ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၈၆၂ | ၂၂၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၁၃၇၇၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၆၂ ဦး

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ၂၇-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၂၈၇၅၉၃ | ၄၅၂၄၁၀၈ | ၂၀၉၁၇၇ |
| ၂။ | အိန္ဒိယ | ၅၉၉၆၈၂၃ | ၄၉၄၁၆၂၇ | ၉၄၅၅၉ |
| ၃။ | ဘရာဇီး | ၄၇၁၈၁၁၅ | ၄၀၅၀၈၃၇ | ၁၄၁၄၄၁ |
| ၄။ | ရုရှား | ၁၁၅၁၄၃၈ | ၉၄၃၂၁၈ | ၂၀၃၂၄ |
| ၅။ | ကိုလံဘီယာ | ၈၀၆၀၃၈ | ၇၀၀၀၁၂ | ၂၅၂၉၆ |
| ၆။ | ပီရူး | ၈၀၀၁၄၁ | ၆၅၇၈၃၆ | ၃၂၁၄၂ |
| ၇။ | စပိန် | ၇၃၅၁၉၈ | စိစစ်ဆဲ | ၃၁၂၃၂ |
| ၈။ | မက္ကဆီကို | ၇၂၆၄၃၁ | ၅၂၁၂၄၁ | ၇၆၂၄၃ |
| ၉။ | အာဂျင်တီးနား | ၇၀၂၄၈၂ | ၅၅၆၄၈၉ | ၁၅၅၄၃ |
| ၁၀။ | တောင်အာဖရိက | ၆၆၉၄၉၈ | ၆၀၁၈၁၈ | ၁၆၃၇၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ - ၉ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၀၄၂၂၆ | ၂၅၂၅၁၀ | ၅၃၄၄ |
| အင်ဒိုနီးရှား | ၂၇၅၂၁၃ | ၂၀၃၀၁၄ | ၁၀၃၈၆ |
| စင်ကာပူ | ၅၇၇၀၀ | ၅၇၃၅၉ | ၂၇ |
| မလေးရှား | ၁၀၉၁၉ | ၉၈၃၅ | ၁၃၄ |
| မြန်မာ | ၁၀၇၃၄ | ၂၈၆၂ | ၂၂၆ |
| ထိုင်း | ၃၅၂၃ | ၃၃၆၇ | ၅၉ |
| ဗီယက်နမ် | ၁၀၇၄ | ၉၉၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၆ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီ**

၁။ (၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာ (၈၈၀) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ် | ၆၅ |
| | | တွံတေးမြို့နယ် | ၆၃ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၅၇ |
| | | မင်္ဂလာဒုံမြို့နယ် | ၃၉ |
| | | အင်းစိန်မြို့နယ် | ၃၈ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၃၀ |
| | | သဃ်္ဃန်းကျွန်းမြို့နယ် | ၂၉ |
| | | လမ်းမတော်မြို့နယ် | ၂၇ |
| | | ပန်းဘဲတန်းမြို့နယ် | ၂၆ |
| | | လသာမြို့နယ် | ၂၆ |
| | | ဒေါပုံမြို့နယ် | ၂၅ |
| | | သာကေတမြို့နယ် | ၂၄ |
| | | သန်လျင်မြို့နယ် | ၂၃ |
| | | လှိုင်မြို့နယ် | ၂၂ |
| | | ကျောက်တံတားမြို့နယ် | ၂၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၂၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁၉ |
| | | တာမွေမြို့နယ် | ၁၈ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၆ |
| | | ဒလမြို့နယ် | ၁၆ |
| | | ဗိုလ်တထောင်မြို့နယ် | ၁၅ |
| | | ဗဟန်းမြို့နယ် | ၁၄ |
| | | အလုံမြို့နယ် | ၁၄ |
| | | မရမ်းကုန်းမြို့နယ် | ၁၂ |
| | | စမ်းချောင်းမြို့နယ် | ၁၂ |
| | | ခရမ်းမြို့နယ် | ၁၂ |
| | | ရန်ကင်းမြို့နယ် | ၁၂ |
| | | ပုဇွန်တောင်မြို့နယ် | ၉ |
| | | ရွှေပြည်သာမြို့နယ် | ၉ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၆ |
| | | မှော်ဘီမြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၅ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၅ |
| | | သုံးခွမြို့နယ် | ၄ |
| | | ကော့မှူးမြို့နယ် | ၄ |
| | | လှည်းကူးမြို့နယ် | ၄ |
| | | ထန်းတပင်မြို့နယ် | ၄ |
| | | ဒဂုံမြို့နယ် | ၃ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | တိုက်ကြီးမြို့နယ် | ၂ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စိစစ်ဆဲ | ၁ |
| | | စုစုပေါင်း | ၇၆၉ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၃ |
| | | မြောက်ဦးမြို့နယ် | ၁၂ |
| | | မောင်တောမြို့နယ် | ၅ |
| | | ကျောက်ဖြူမြို့နယ် | ၃ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၁ |
| | | ပေါက်တောမြို့နယ် | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၁၀ |
| | | ဟင်္သာတမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန်မြို့နယ် ** | ၃ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၅ |
| | | ပေါင်းတည်မြို့နယ် | ၄ |
| | | ကဝမြို့နယ် | ၃ |
| | | လက်ပံတန်းမြို့နယ် | ၂ |
| | | အုတ်ဖိုမြို့နယ် | ၁ |
| | | ပေါက်ခေါင်းမြို့နယ် | ၁ |
| | | ညောင်လေးပင်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ် | ၂ |
| | | ကနီမြို့နယ် | ၂ |
| | | ရွှေဘိုမြို့နယ် | ၁ |
| | | မုံရွာမြို့နယ် | ၁ |
| | | စုစုပေါင်း | ၆ |
| ၇ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၈ |
| | | သထုံမြို့နယ် | ၃ |
| | | ဘီးလင်းမြို့နယ် | ၁ |
| | | ချောင်းဆုံမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၈ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၁၁ |
| | | ဒက္ခိဏသီရိမြို့နယ် | ၂ |
| | | ပျဉ်းမနားမြို့နယ် | ၂ |
| | | စုစုပေါင်း | ၁၅ |
| ၉ | ကရင်ပြည်နယ် | သံတောင်ကြီးမြို့နယ် | ၁ |
| | | မြဝတီမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ချောက်မြို့နယ် | ၃ |
| | | ဂန့်ဂေါမြို့နယ် * | ၂ |
| | | ပခုက္ကူမြို့နယ် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂ | ကချင်ပြည်နယ် | ဖားကန့်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၆-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၈၈၀ |

* မြို့နယ်များမှ အချို့သည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** ပြည်ကြီးတံခွန်မြို့နယ်မှ (၁) ဦးသည် ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❊ ကျောဖုံးမှ

| | | | | | |
|---|---|---|---|---|---|
| ၁၈ | Case 9694 * | ၅၈ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ညနေ (၄:၀၀) နာရီ |
| ၁၉ | Case 9723 * | ၁၀ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ ညနေ (၅:၁၅) နာရီ |
| ၂၀ | Case 9727 * | ၅၀ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ နံနက် (၁၁:၃၀) နာရီ |
| ၂၁ | Case 9730 * | ၃၆ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၂:၁၅) နာရီ |
| ၂၂ | Case 9731 * | ၆၈ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ ည (၁၀:၁၅) နာရီ |
| ၂၃ | Case 9726 * | ၇၅ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၁၂:၃၀) နာရီ |
| ၂၄ | Case 9729 * | ၈၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ နံနက် (၅:၄၀) နာရီ |
| ၂၅ | Case 9728 * | ၆၀ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၁:၃၀) နာရီ |
| ၂၆ | Case 9725 * | ၄၀ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ နံနက် (၉:၀၀) နာရီ |
| ၂၇ | Case 9328 * | ၈၇ | မ | သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၈:၂၅) နာရီ |
| ၂၈ | Case 9733 | ၆၅ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၇-၉-၂၀၂၀) ရက်နေ့ နံနက် (၆:၁၅) နာရီ |

* အဆိုပါ လူနာများ သေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ

(၂၆-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီမှ (၂၇-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီအထိ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၇၄၃) ဦး | (၁၀,၇၃၄) ဦး |
| ဆေးရုံဆင်း | (၁၈၁) ဦး | (၂,၈၆၂) ဦး |
| သေဆုံးလူနာ | (၂၈) ဦး | (၂၂၆) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ငွေကျပ် ၆၇ သိန်းကျော် လှူဒါန်း

**ကျောင်းကုန်း စက်တက်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ ကျောင်းကုန်းမြို့နယ် အသင်းအတွင်းရေးမှူးက ကာလဒါန အလှူအဖြစ် ဆန်၊ ဆီနှင့် ကုလားပဲ လှူဒါန်းမှုကို ယနေ့နံနက်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ကော်မတီအနေဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလှူရှင်များက လှူဒါန်းငွေများကို ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုလျက်ရှိကြောင်း၊ ယနေ့လှူဒါန်းသည့် ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလှူရှင်များ၊ ရန်ကုန်မြို့ရောက် ကျောင်းကုန်းမြို့သား အားလုံးနှင့် ကိုဗစ်ကော်မတီသို့ ကျောင်းကုန်းမြို့နယ်အတွင်းမှ အလှူရှင်များ အားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေတို့က ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အကြောင်း ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် မြို့နယ်ကိုဗစ်ကော်မတီသို့ ရန်ကုန်မြို့ရောက် ကျောင်းကုန်းမြို့နယ် အသင်းသားများက ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပြီး ကျောင်းကုန်းမြို့နယ်အသင်းအတွင်းရေးမှူး ဦးကြည်လွင်-ဒေါ်သီသီဆန်း မိသားစု (ထွန်းမြတ်သူကုမ္ပဏီ)က ဆန်အိတ် ၁၅၀၊ ဆီ ၁၀ ပိဿာ ပုံး ၇၀၊ ကုလားပဲ ၁၀ ပိဿာအိတ် ၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၇ သိန်းကျော် လှူဒါန်းမှုအား အလှူရှင်ကိုယ်စား ဦးစိန်ဝင်းက ပေးအပ်ကြောင်း သိရသည်။

ဝင်းကြိုင်

(ပြန်/ဆက်)

## အသွားအလာကန့်သတ်ထိန်းချုပ်သည့်စင်တာများအတွက် ခုတင်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အသွားအလာကန့်သတ်ထိန်းချုပ်သည့် စင်တာများတွင် အသုံးပြုရန်အတွက် ခုတင်များနှင့် ဆက်စပ်အသုံးဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။ အဆိုပါလှူဒါန်းပွဲတွင် ရွှေမင်းဝံကျောင်းတိုက်ဆရာတော်ကြီးက ခုတင်တစ်လုံးလျှင် ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ ခုတင်အလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ခုတင်မွေ့ရာစုံများကိုလည်းကောင်း၊ မဟာစည်သာသနာ့ရိပ်သာမှ ခုတင်အလုံး ၇၀ ကို လည်းကောင်း၊ ဂိုအင်ဂါတရားရိပ်သာမှ ခုတင်အလုံး ၄၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာသို့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ ဗဟန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး(ယာပုံ) ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပိုးတွေ့လူနာများ၏နေအိမ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း ရောဂါပိုးကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးတွေ့လူနာနှင့် ဆက်စပ်ထိတွေ့မှုရှိသူများအား အချိန်မီ အသွားအလာကန့်သတ်ထားရှိနိုင်ရေး စသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အာကာစိုး

# ရောဝတီ၏ ရှုံးပွဲကြောင့် နိုင်ပွဲဆက်သည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်း ထိပ်ဆုံးရောက်လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ချန်ပီယံမျှော်လင့်ချက်ရှိနေသည့်အသင်းများအနက် ရောဝတီအသင်း အရေးနိမ့်ခဲ့သောကြောင့် ၁၀ ပွဲဆက်အနိုင်ရသည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်း ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရောဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ဟံသာဝတီအသင်း၏ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းမယူနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်အခွင့်အရေးနည်းသွားပြီး တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။ သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ရန်ကုန်အသင်းသည် ယခုပွဲတွင် ရှန်းကန်ခဲ့ပြီး ဂိုးပြတ်ရလဒ်နှင့်အတူ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

ရောဝတီအသင်းသည် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာမူ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အထောင်တိုက်စစ်မှူးအဖြစ် ဘာဖိုကို အသုံးပြုခဲ့သည်။

ရန်ကုန်အသင်းသည် ချန်ပီယံမျှော်လင့်ချက်မရှိသော်လည်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် ဘာဖိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရောဝတီအသင်း ချေပဂိုးပြန်ရရန် တိုက်စစ်မြှင့်ခဲ့သော်လည်း အခွင့်အရေးများကို အသုံးမချနိုင်၍ နစ်နာခဲ့ရပြီး ၃၇ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့၍ ချေပဂိုးပြန်ရခဲ့ခြင်းဖြစ်သည်။ ယင်းပယ်နယ်တီကို ဆာဆက်က အမှားအယွင်းမရှိ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရောဝတီအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ရာ ရန်ကုန်အသင်း စိတ်ကြိုက်ဖြစ်သွားပြီး ရောဝတီခံစစ် ဟာကွက်များကို အသုံးချကာ ဂိုးများသွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို မိနစ် ၅၀ တွင် ကြည်လင်း၊ ၅၃ မိနစ်တွင် ဘာဖိုနှင့် ၇၈ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။ မိနစ် ၈၀ တွင် သီဟဇော်က ရောဝတီအတွက် ဒုတိယချေပဂိုးပြန်သွင်းသော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်၍ နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ရောဝတီနှင့် ဟံသာဝတီတို့၏ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ၁၀ ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ လက်ကျန်တစ်ပွဲအလိုတွင် ရမှတ် ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိလာသည့် ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် ရတနာပုံကို အနိုင်ကစားနိုင်ရုံဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရခဲ့သော်လည်း Southern အသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ၁၉ မိနစ်တွင် ဘုန်းမြတ်ကျော်က Southern အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ဈာနေရသူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးကို ၅၇ မိနစ်တွင် မက်ဆီမင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၂၊ ၅၉ မိနစ်တွင် ကြည်စိုး၊ ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဝေလင်းအောင်က သွင်းယူခဲ့ပြီး ရခိုင်အသင်းအတွက် ချေပဂိုးကို ၃၇ မိနစ်တွင် နေမျိုးအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) အပြီးတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာပြီး ဟံသာဝတီအသင်းက ရမှတ် ၄၀၊ ရောဝတီအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၄ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၇ မှတ်၊ မကွေးအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်ရရှိထားသည်။

**ညီမြတ်သော်တာ**



ရောဝတီတိုက်စစ်မှူး ဆာဆက်၏ ထိုးဖောက်မှုကို ရန်ကုန်နောက်ခံလူ အဘူဘာကာ တားဆီးစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# စပါးနှင့် နယူးကာဆယ် သရေကျပြီး မန်စီးတီးတို့ လက်စတာကို ဂိုးပြတ်ရှုံး

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃) စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် စပါးနှင့် နယူးကာဆယ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်စပါးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်နယူးကာဆယ်သည် ၅-၄-၁ ခံစစ်ကစားကွက်အသွင်ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၂၅ မိနစ်တွင် ဟယ်ရီကိန်း ပေးပို့မှုမှတစ်ဆင့် လူးကပ်စ်မော်ရာက အနီးကပ် ပိတ်သွင်းယူခဲ့ပြီး စပါးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ **(အောက်ပုံ)** စပါးအသင်းသည် တစ်ဂိုး အသာဖြင့် ဦးဆောင်ခဲ့ရာ ပထမပိုင်းကို စိုးမိုးနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နည်းပြမော်ရင်ညို လူစားပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာမှ နယူးကာဆယ်အသင်း ပြန်လည်ဖိအားပေး တိုက်စစ်ဆင်ခွင့်ရခဲ့သည်။ ဧည့်သည် နယူးကာဆယ်အသင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုတွင် စပါးကစားသမား လက်ထိခဲ့၍ ကွင်းလယ်ဒိုင်က VAR စနစ်ဖြင့် ပယ်နယ်တီအခွင့်အရေးပေးခဲ့ရာ နယူးကာဆယ်တိုက်စစ်မှူး ဝီလ်ဆန်က အမှားအယွင်းမရှိ ချေပဂိုးသွင်းယူပေးခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင်စပါးအသင်းက အနည်းငယ်ဘောလုံး ပိုင်ဆိုင်မှု ရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ ၂၃ ကြိမ် ရရှိခဲ့ကာ ၁၂ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၃) မှ စနေနေ့ည၏ နောက်ကျပွဲစဉ်များဖြစ်သော ဝက်စ်ဘရွန်းနှင့် ချယ်ဆီးပွဲတွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေတစ်မှတ်စီခွဲယူခဲ့သည်။

မန်စီးတီးနှင့်လက်စတာပွဲတွင် မန်စီးတီးတို့ ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ လက်စတာတိုက်စစ်မှူး ဗာဒီသည် ပယ်နယ်တီသွင်းဂိုး နှစ်ဂိုးအပါအဝင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ မန်စီးတီးအသင်းအနေဖြင့် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်း၌ ပေးဂိုးအများဆုံး ခွင့်ပြုပေးခဲ့ရသော ပွဲဖြစ်သည်။ လက်စတာအသင်းသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ် သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်ထားနိုင်သည်။

ပွဲစဉ်(၃) အခြားပွဲစဉ်ရလဒ်များအဖြစ် ဆောက်သမ်တန်က ဘန်လေကို တစ်ဂိုး-ဂိုးမရှိ၊ လိဒ်က ရှက်ဖီးလ်ယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**သီဟ**






❍ *ကျောဖုံးမှ*

အနိုင်ရရှိကာ ကွန်မြူနတီဒိုင်းကို (၁၆)ကြိမ်မြောက် ဆွတ်ခူးထားသည်။ လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ယခုပရီမီယာလိဂ် ပွဲစဉ် (၃) ယှဉ်ပြိုင်ကစားအပြီးတွင်လည်း လိဂ်ဖလား စတုတ္ထအဆင့်ပြိုင်ပွဲတွင် ထပ်မံဆုံတွေ့နေသည်။ အဆိုပါ လိဂ်ဖလား စတုတ္ထအဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အာဆင်နယ်အသင်းအနေဖြင့် ထိုပွဲစဉ်ပြီးလျှင် ရှက်ဖီး၊ မန်စီးတီး၊ လက်စတာစီးတီး စသည့် အသင်းများနှင့် ဆက်တိုက်ရင်ဆိုင် ကစားသွားရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ရာသီ အပြောင်းအရွှေ့ကာလတွင် အိုလံပီယာကော့စ်အသင်းမှ ဆီမီကပ်စ်၊ ဘိုင်ယန်မြူးနစ်အသင်းမှ အယ်ကန်တာယာနှင့် ဝုဖ်အသင်းမှ ဂျိုတာတို့ကို ခေါ်ယူအားဖြည့်ထားသည်။ အာဆင်နယ်အသင်းက ကစားသမားခေါ်ယူမှုတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ချယ်ဆီးအသင်းမှ ဝီလီယံနှင့် ဖရမ်အသင်းမှ လီဝစ်တို့ကို ခေါ်ယူထားဖြည့်ထားပြီး လိုင်လီအသင်းမှ မက်ဂါလှဲစ်ကို ယူရို ၂၆ ဒသမ ၃ သန်း၊ ရီးရဲမက်ဒရစ်အသင်းမှ စီဘယ်လော့ကို အငှားဖြင့် ယခုနှစ်ရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူအားဖြည့်ထားနိုင်သည်။ အင်အားဖြည့်တင်းမှုအသီးသီး ပြုလုပ်ထားသည့် အသင်းနှစ်သင်းဖြစ်သည့်အပြင် ရလဒ်ကောင်းများ ပိုင်ဆိုင်ထားသည့်အသင်းများဖြစ်သည့်အတွက် ကြည့်ရှုသူပရိသတ် အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်ပေသည်။

လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးငါးကြိမ်တွင် လီဗာပူးအသင်းက သုံးကြိမ် အနိုင်ရရှိထားပြီး အာဆင်နယ်အသင်းက နှစ်ကြိမ်ပြန်လည်အနိုင်ရရှိထားသည်။ နည်းပြအာတီတာ၏ အာဆင်နယ်အသင်းသည် ယခုအကြိမ်တွေ့ဆုံမှုတွင် ကလော့ပ်၏ လီဗာပူးအသင်းကို အနိုင်ရရှိသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ၌ အိမ်ကွင်းအန်ဖီးလ်တွင် ၂၀၁၇ ခုနှစ် ဧပြီလ၌ ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုအချိန်အထိ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ၂၀၁၇ ခုနှစ် နောက်ပိုင်း လီဗာပူးအိမ်ကွင်း အန်ဖီးလ်တွင် အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# မူဆယ်မြို့နှင့် နောင်ချိုမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီက မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် ငွေဆင်အိမ်ရာနေ ရင်ကွယ်ရှိုင်၏ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်တံမိုချောင်း ၈၀ ၊ Tartaric Acid ကီလို ၇၅၀၊ Theophylline ကီလို ၁၁၅၀၀၊ အရိုးမီးသွေးကီလို ၁၀၀၀ ၊ Dimethyl Carbonate လီတာ ၂၄၀၀ ၊ Phosphoric Acid 10 Percent လီတာ အရည် ၆၄၀ နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ စုစုပေါင်း ငွေကျပ် ၅၀၆၂ ဒသမ ၆ သိန်းတန်ဖိုးကို လည်းကောင်း၊၊

အလားတူ စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် အိုက်စိုင်း မောင်းနှင်ပြီး မခင်မြိုင်(ခ)အေးနွမ်း လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ရင်ကွယ်ရှိုင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# လောင်းလုံးမြို့နယ် ထားဝယ်-ရှင်မော်ကားလမ်းဘေး ဓာတ်ဆီဆိုင်နှင့်ကုန်စုံဆိုင် မီးလောင်

**ထားဝယ် စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သာယာကုန်း ရပ်ကွက် ထားဝယ်-ရှင်မော် ကားလမ်းဘေး(ဓာတ်ဆီဆိုင်နှင့်ကုန်စုံဆိုင်) နေအိမ်တွင် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထားဝယ်-ရှင်မော် ကားလမ်းဘေး ဓာတ်ဆီဆိုင်နှင့် ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်မြစိန် နေအိမ်တွင် ဖုန်းအားသွင်းရာမှ အပူရှိန်လွန်ကဲကာ ဘေးနားရှိဓာတ်ဆီပုံးအား ကူးစက်လောင်ပြီး မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွဋ်ဦး ဦးဆောင်၍ ထားဝယ်ခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ လောင်းလုံးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ ဇမ္ဗူသီရိ အရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့နှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ (ဝဲပုံ)



မီးလောင်မှုတွင် လူနေအိမ်နှစ်ထပ်တစ်လုံးမီးလောင်ခဲ့ပြီး မီးအပူဟပ်၍ ဒဏ်ရာရရှိသူ အိမ်ပိုင်ရှင်၏သား မောင်အောင်မြတ်သူအား ဇမ္ဗူသီရိ အရေးပေါ်လူနာကူညီသယ်ဆောင်ရေးယာဉ်ဖြင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ နေအိမ်ပိုင်ရှင် ဒေါ်မြစိန်အား မောင်းမကန် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တံတားဦးမြို့နယ် ထန်းပေါက်ကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်

**တံတားဦး စက်တင်ဘာ ၂၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ထန်းပေါက်ကုန်း ကျေးရွာအုပ်စု ထန်းပေါက်ကုန်းကျေးရွာတွင် စက်တင်ဘာ ၂၆ ရက် ည ၁၀ နာရီက ထန်းပေါက်ကုန်းကျေးရွာ ဦးညွန့်မောင်စိန်၏ နေအိမ်၌ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တံတားဦးမြို့မ ရဲစခန်းအပိုင် ထန်းပေါက်ကုန်းကျေးရွာ ဦးညွန့်မောင်စိန်၏ နေအိမ်ဝိုင်းအတွင်းရှိ မီးဖိုဆောင်အတွင်း မီးပလပ်ခုံမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ပြီး ၎င်း၏ဝိုင်းဘေး ကပ်လျက်ရှိ ဦးဝင်းကို၏ နေအိမ်နှင့် ဦးရဲလင်းထွန်း၏ နေအိမ်တို့ကို မီးလောင်မှုဖြစ်ကြောင်း တံတားဦးမြို့မရဲစခန်းမှ သိရသည်။

မီးလောင်ရာသို့ တံတားဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များ၊ တံတားဦးမြို့မ ရဲစခန်းမှ ရဲအုပ်ဘုန်းကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များ ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီတွင် မီးငြိမ်းခဲ့သည်။

**အရေးယူဆောင်ရွက်ထား**

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးညွန့်မောင်စိန်(၆၅ နှစ်)အား ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ယာဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၄ စီး၊ သွင်းကုန် ၃၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃၅ ဒသမ ၀၀၀ တန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ Toyota Lexus ယာဉ်တစ်စီး ဖမ်းဆီးရမိသည်။ **သတင်းစဉ်**

## ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန်ထုတ်ပြန်ထားသည့် စည်းကမ်းကို ချိုးဖောက်သည့်ဆိုင်နှစ်ဆိုင် အရေးယူ

**ကျောက်မဲ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတို့သည် ယနေ့နံနက်ပိုင်းက ကျောက်မဲမြို့ပေါ်ရှိ စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်ဖြင့်သာ ရောင်းချရမည်ဆိုသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ လိုက်နာမှုမရှိသည့် ဆိုင်နှစ်ဆိုင်အား ခုနစ်ရက် ယာယီပိတ်သိမ်းစေခြင်းဖြင့် အရေးယူခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ ကျောက်မဲမြို့ စည်ပင်သာယာရေး ကော်မတီမှ စားသောက်ဆိုင်များအားလုံး စက်တင်ဘာ ၂၅ ရက်မှစ၍ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် စက်တင်ဘာ ၂၄ ရက်က ကြော်ငြာစာအမှတ် ၆/၂၀၂၀ ဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါ ထုတ်ပြန်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်အသိပေးကြေညာခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၂၅ ရက်က ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းရီလှိုင်ဦးတို့ ဦးဆောင်သည့်အဖွဲ့က မြို့ပေါ်ရှိ စားသောက်ဆိုင်များသို့သွားရောက်ပြီး ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဆိုင်ရှင်များအား အသိပေးရှင်းလင်းပြောကြားပြီး သိရှိကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးစေခြင်းများ ဆောက်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းကဲ့သို့ ထုတ်ပြန်ကြေညာ၊ အသိပေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပြီးသည့်နောက် စားသောက်ဆိုင်များအား တာဝန်ရှိသူများက ရှောင်တခင် ကွင်းဆင်းစစ်ဆေးရာ လိုက်နာမှုမရှိသည့် အမှတ် ၁ ရပ်ကွက်ရှိ ဆိုင်တစ်ဆိုင်၊ အမှတ် ၈ ရပ်ကွက်ရှိ ဆိုင်တစ်ဆိုင် စုစုပေါင်းနှစ်ဆိုင်ကို ခုနစ်ရက် ဆိုင်ရောင်းချခြင်း ယာယီပိတ်သိမ်းစေခဲ့ပြီး အဆိုပါဆိုင်များက သတ်မှတ်စည်းကမ်းများကို ထပ်မံချိုးဖောက်ခဲ့ပါက ၁၄ ရက် ထပ်မံယာယီပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ တတိယအကြိမ် ထပ်မံချိုးဖောက်ပါက ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ်ကာကွယ်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်သူဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၅ ရက်က လက်ခုပ်ကုန်းကျေးရွာရှိ ဆံတော်ရှင်ကျောက်ဆူးငြိစေတီတော်မြတ်ကြီး၌ ချုံနွယ်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်စဉ်။ ရဲပြန်ကြား



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နေလင်းအောင် ဦးစီး၍ ကွန်ဟိန်းမြို့မရဲစခန်းမှူးရဲမှူး ဇော်လေးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက် မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ရဲပြန်ကြား

# တက်စ်မေးနီးယားကျွန်းပေါ်တွင် သောင်တင်လာသည့် ဝေလငါး ၁၀၈ ကောင်ကို ကယ်တင်နိုင်ခဲ့

ဆစ်ဒနီ စက်တင်ဘာ ၂၇

**ဩစတြေးလျနိုင်ငံတွင် ဝေလငါး အစုလိုက်အပြုံလိုက် သောင်တင်မှုဖြစ်ပွားခဲ့ပြီးနောက် ဝေလငါးစုစုပေါင်း ၁၀၈ ကောင်ကို အသက်ရှင်လျက် ပင်လယ်အတွင်းသို့ ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း ပင်လယ်ရေကြောင်း ကျွမ်းကျင်သူများက ပြောသည်။**

ယခုအခါ တက်စ်မေးနီးယား အနောက်ဘက်ကမ်းရိုးတန်းရှိ မက်ကွာရီဆိပ်ကမ်းတွင် ဝေလငါးများ ရှင်းလင်းသွားပြီဟု ၎င်းတို့က ယုံကြည်ထားကြသည်။

သို့သော်လည်း ဝေလငါး အကောင်ရေ ၃၅၀ မှာ သောင်တင်သေဆုံးသွားသည့်အတွက် ဩစတြေးလျသမိုင်းတွင် အဆိုးရွားဆုံး သောင်တင်မှုအဖြစ် မှတ်တမ်းဝင်သွားသည်။

ယခုအခါအများက အာရုံစိုက်နေကြသည်မှာ သေဆုံးသွားသည့်အကောင်များကို မည်သို့ဖယ်ရှားရှင်းလင်းမည်ဆိုသည့်အချက်ပင်ဖြစ်သည်။ စက်တင်ဘာ ၂၅ ရက်တွင် သေဆုံးသွားသည့်ဝေလငါး ၁၅ ကောင်ကိုပင်လယ်တွင် စမ်းသပ်မြှုပ်နှံခဲ့ပြီး ယင်းနည်းလမ်းမှာ အောင်မြင်မှုရှိ မရှိ လေ့လာခဲ့ကြသည်။

ငါးရက်ကြာ ပြင်းပြင်းထန်ထန် လုပ်ကိုင်ပြီးနောက် ပြန်လည်သောင်တင်လာသည့်ဝေလငါးမှာ တစ်ကောင်သာရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်ညကပင် ဝေလငါး ၂၀ ကို ပင်လယ်ထဲသို့ အောင်အောင်မြင်မြင် ပြန်လွှတ်လိုက်နိုင်ကြောင်း တောရိုင်းတိရစ္ဆာန်ဇီဝမျိုးစိတ် ကျွမ်းကျင်သူ ဒေါက်တာချာရှန်က ပြောသည်။

ယခုအခါ ဝေလငါးသေများကို ဆိပ်ကမ်းမှ ဖယ်ရှားနိုင်ရေး အပြင်းအထန်ကြိုးပမ်းနေကြပြီး လေတိုက်နှုန်းနှင့် ဒီရေအပေါ်မူတည်ကာ ရက်အနည်းငယ်ကြာမြင့်မည်ဟု အစိုးရက သတင်းထုတ်ပြန်ထားသည်။

**သည်ဂါးဒီးယန်း**



ရေတိမ်ပိုင်းတွင် သောင်တင်လာသည့် ဝေလငါးကို ရေနက်ပိုင်းသို့ ကူညီပို့ဆောင်ပေးနေစဉ်။

# အမေရိကန် ရွေးကောက်ပွဲနောက်ပိုင်းတွင် နိုင်ငံရေးကြော်ငြာများကို ဂူဂဲလ်က ပိတ်ပင်သွားမည်

**နယူးယောက် စက်တင်ဘာ ၂၇**

အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဂူဂဲလ်သည် ၎င်း၏ မီဒီယာပလက်ဖောင်းပေါ်တွင် ရွေးကောက်ပွဲကြော်ငြာများ ကြော်ငြာခြင်းကို အချိန်ကာလတစ်ခုအထိ ပိတ်ပင်သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် မည်သည့်အချိန်ကာလအထိ ပိတ်ပင်သွားမည်ကိုမူ အတိအကျပြောဆိုခဲ့ခြင်းမရှိပေ။ နိုဝင်ဘာ ၃ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် မဲပေးမှုများအပြီးတွင် နိုင်ငံရေး ကြော်ငြာများကို ပိတ်သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို စက်တင်ဘာ ၂၇ ရက် မတိုင်မီက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲနှောင်းပိုင်း ရှုပ်ထွေးမှုများကို ကာကွယ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယင်းသို့ လုပ်ဆောင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

ကိုဗစ် – ၁၉ ကြောင့် မကြုံစဖူး များပြားလှသည့် စာတိုက်မှတစ်ဆင့် မဲပေးမှုများကြောင့် မဲရေတွက်ရန် အချိန်ယူရမည်ဖြစ်သည့်အတွက် မဲရလဒ်မှာ နှောင့်နှေးကြန့်ကြာနိုင်သည်ဟု လေ့လာသူများက ပြောသည်။

အခြားသော နည်းပညာကုမ္ပဏီကြီးများသည်လည်း အလားတူ ခြေလှမ်းများကို လုပ်ဆောင်လျက်ရှိကြသည်။

အခြေအမြစ် မရှိသော မဲမသမာမှုနှင့် ပတ်သက်သည့်အချက်များ တွစ်တာပေါ်တွင် ရေးတင်လာပါက သတိပေးစာတန်းထိုးခြင်း သို့မဟုတ် ဖျက်ပစ်ခြင်းများ ပြုလုပ်မည်ဟု တွစ်တာက ကြေညာခဲ့သည်။

ရွေးကောက်ပွဲ မစတင်မီကတည်းက ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးမှု ကြော်ငြာအသစ်များကို လက်ခံမှု ရပ်တန့်သွားမည်ဟု ဖေ့စ်ဘွတ်ခ်က ပြောသည်။

**အင်န်အီတ်ချ်ကေ**




# လန်ဒန်မြို့တွင် ကိုဗစ်- ၁၉ ကန့်သတ်ချက်များကို ဆန့်ကျင်ဆန္ဒပြသူများအား ရဲတပ်ဖွဲ့မှ တားဆီး

**လန်ဒန် စက်တင်ဘာ ၂၇**

လန်ဒန်မြို့ အလယ်ပိုင်းတွင် စက်တင်ဘာ ၂၆ ရက်က ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းဆန္ဒပြမှုကို ရဲတပ်ဖွဲ့က ပိတ်ပင်တားဆီးခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူလူစုမှာ လူမှုဝေးကွာစည်းကမ်းများကို လိုက်နာခြင်းမရှိသည့်အတွက် ရဲများက ပိတ်ပင်တားဆီးခဲ့ခြင်းဖြစ်သည်။

ထရာဖယ်ဂါရင်ပြင်တွင် ဆန္ဒပြသူများနှင့် ရဲများ ပဋိပက္ခဖြစ်ပွားပြီးနောက် ဆန္ဒပြသူဘက်မှ လူသုံးဦးနှင့် ရဲအရာရှိတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှု ခံယူခဲ့ရသည်။

လူထောင်ပေါင်းများစွာ စုဝေးကာ ကိုဗစ်-၁၉ ကြောင့် ထုတ်ပြန်ရသည့် ကန့်သတ်ချက်များကို သဘောမတူဟုဆိုကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများထဲမှ လူအနည်းငယ်သာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားကြသည်ကို တွေ့ရသည်။ လူစုလူဝေးဖြင့် ကိုဗစ်- ၁၉ လူမှုဝေးကွာစည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ ဆန္ဒပြကြခြင်းကြောင့် လူများကို ကူးစက်နိုင်သည့် အန္တရာယ်ရှိသည့်အတွက် ဆက်လက်ဆန္ဒပြနေသူများသည်ရာဇဝတ်မှုအရ အရေးယူခံရမည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

အင်္ဂလန်တွင် အဆောက်အအုံအတွင်းနှင့် အပြင်တို့တွင် လူ ခြောက်ဦးထက်ပို၍ စုဝေးခြင်းကို ကန့်သတ်ထားသည်။

ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် အမေရိကန်တို့သည် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အပြင်းအထန်ကြိုးပမ်းလျက် ရှိကြသည်။ ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးအချို့ကို ပမာဏအနည်းငယ်သာ ရရှိနိုင်ကြောင်း ဗြိတိန်အစိုးရသိပ္ပံဆိုင်ရာအကြံပေးဖြစ်သူ ပက်ထရစ် ဗေးလန့်စ်က ပြောသည်။ **ဆင်ဟွာ**




ဆန္ဒပြသူများနှင့် ရဲများ အချင်းများနေသည်ကို တွေ့ရစဉ်။

## လက်ဘနွန် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသူ ရာထူးမှနုတ်ထွက်

**ဘေရွတ် စက်တင်ဘာ ၂၇**

လက်ဘနွန်နိုင်ငံတွင် အစိုးရအဖွဲ့ဖွဲ့ရန် အချိန်တစ်လကျော်ကြာ ကုန်ဆုံးသွားပြီးနောက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူလည်း ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း သိရသည်။

ယခင် ဂျာမနီနိုင်ငံဆိုင်ရာ လက်ဘနွန်သံအမတ်ကြီးဖြစ်သူ မူစတာဖာ အဒစ်ကို လွန်ခဲ့သည့်လနှောင်းပိုင်းတွင် လက်ဘနွန်သမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ဩဂုတ် ၄ ရက်တွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ပေါက်ကွဲမှုကြီး ဖြစ်ပွားပြီးနောက် ယခင်အစိုးရဟောင်း၏ ဝန်ကြီးချုပ်ဖြစ်သူ ဟတ်ဆန်ဒီရက်ဘ်မှာ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

၎င်းဖွဲ့စည်းလိုသည့် အစိုးရအဖွဲ့ပုံစံမျိုးမှာ ဖြစ်မလာနိုင်မှန်း သိသာလာသည့်အတွက် ရာထူးမှနုတ်ထွက်ရခြင်းဖြစ်သည်ဟု အဒစ်က စက်တင်ဘာ ၂၆ ရက်တွင် သတင်းထောက်များကို ပြောသည်။ များပြားလှသည့် ဘာသာရေးအုပ်စုများနှင့် နိုင်ငံရေးအုပ်စုများသည် လက်ဘနွန်နိုင်ငံ၏ အာဏာကို ရရှိရေးအတွက် ယှဉ်ပြိုင်နေကြသည်။

ဘဏ္ဍာရေးဝန်ကြီးခန့်အပ်မှုတွင် ရှီးယိုက် မူဆလင်များနှင့် သဘောထားကွဲပြားမှုများ ဖြစ်ပေါ်ပြီး ယင်းအချက်သည် အဒစ်အတွက် ကြီးမားသည့် အတားအဆီးဖြစ်သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

လက်ဘနွန်နိုင်ငံသည် နိုင်ငံခြားမှ ဘဏ္ဍာရေးအကူအညီများ လိုအပ်လျက်ရှိပြီး အထူးသဖြင့် ဘေရွတ်ဆိပ်ကမ်း ပေါက်ကွဲမှုကြီးအပြီးတွင် အကူအညီများ ပိုမိုလိုအပ်လျက်ရှိသည်။

ပြင်သစ်နိုင်ငံသည် လက်ဘနွန်နိုင်ငံအပေါ် အကူအညီပေးလိုသည့် သဘောရှိသော်လည်း လက်ဘနွန်နိုင်ငံသည် ပြုပြင်ပြောင်းလဲခြင်း ရှိ မရှိ အကူအညီများကို လက်ခံနိုင်သည့် အစိုးရအဖွဲ့ထူထောင်နိုင်ခြင်း ရှိ မရှိ ကို ရှင်းရှင်းလင်းလင်းသိရအောင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က စောင့်ကြည့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၅၁၁ ဦး ထပ်မံတွေ့ရှိ

**အင်ကာရာ စက်တင်ဘာ ၂၇**

တူရကီနိုင်ငံ၏ ကိုဗစ်– ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ များပြားလျက်ရှိပြီး စက်တင်ဘာ ၂၆ ရက်တွင် နောက်ထပ် ကူးစက်ခံရသူ ၁၅၁၁ ဦး ထပ်မံတွေ့ရှိခဲ့သည်။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၃၁၂၉၆၆ ဦး အထိ ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၇၁ ဦးရှိသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၇၉၂၉ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ အဆုတ်ရောင်ရောဂါဖြစ်သည့် ကိုဗစ်–၁၉ လူနာမှာ ၆ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ဆိုးဆိုးရွားရွား နေမကောင်းဖြစ်နေသည့် လူနာပေါင်း ၁၆၁၅ ဦးရှိသည်။

တူရကီအစိုးရသည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဆေးစစ်ပေးမှုပေါင်း ၁၀၂၀၀၉ လုပ်ဆောင်ပေးနိုင်ခဲ့ပြီး လူပေါင်း ၉၉၃၆၅၈၁ ဦးကို ဆေးစစ်ပေးခဲ့ပြီးဖြစ်သည်။ တူရကီနိုင်ငံတစ်လွှား ဟိုတယ်များနှင့် တက္ကသိုလ်အဆောင်များတွင် အသွားအလာကန့်သတ်ထားသည့် ကိုဗစ်–၁၉ သံသယလူနာပေါင်း ၂၁၅၇ ဦးရှိသည်ဟု တူရကီပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံတွင် မတ် ၁၁ ရက်မှစတင်ကာ ကိုဗစ်– ၁၉ ကူးစက်မှုစတင်ဖြစ်ပွားခဲ့သည်။ ကိုဗစ်– ၁၉ လူနာများ ကုသရာတွင် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် တူရကီပညာရှင်များ အတွေ့အကြုံချင်းဖလှယ်ကာ ကိုဗစ်–၁၉ တိုက်ဖျက်ရေးတွင် အပြန်အလှန် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်တရားရုံးချုပ် တရားသူကြီးအဖြစ် အေမီကိုနေးဘာရက်ကို ရွေးချယ်

ဝါရှင်တန် စက်တင်ဘာ ၂၇

**ယခုလအစောပိုင်းက အမေရိကန်တရားရုံးချုပ်မှ တရားသူကြီး လစ်ဘရှသ်ဘာဒါဂင်စ်ဘာ့ သေဆုံးခဲ့ပြီးနောက် လစ်လပ်သွားသည့် အမေရိကန်တရားရုံးချုပ်တရားသူကြီးနေရာတွင် သမ္မတထရမ့်က ကွန်ဆာဗေးတစ်ပါတီဝင် အေမီကိုနေးဘာရက်ကို ရွေးချယ်လိုက်ကြောင်း သိရသည်။**



အေမီကိုနေးဘာရက်(ယာပုံ)ကို အမေရိကန်တရားရုံးချုပ် တရားသူကြီးအဖြစ် ရွေးချယ်ကြောင်း သမ္မတထရမ့် ကြေညာနေစဉ်။

အေမီကိုနေးဘာရက်ကို တရားရုံးချုပ် တရားသူကြီးအဖြစ် ရွေးချယ်ခဲ့မှုကို စက်တင်ဘာ ၂၆ ရက်တွင် သမ္မတထရမ့်က အိမ်ဖြူတော်၌ ကြေညာခဲ့သည်။ အေမီကိုနေးဘာရက်သည် ပြိုင်ဘက်ကင်း အောင်မြင်သည့် အမျိုးသမီးတစ်ဦးဖြစ်ပြီး ဉာဏ်ပညာမြင့်မားသူဖြစ်ကြောင်း၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အတိမ်းအစောင်းမရှိ သစ္စာစောင့်သိသူတစ်ဦးဖြစ်ကြောင်း ထရမ့်က အမွှမ်းတင်ဖော်ပြခဲ့သည်။

အသက် ၄၈ နှစ်ရှိပြီဖြစ်သည့် ဘာရက်သည် လက်ရှိတွင် ဖက်ဒရယ်အယူခံရုံး တရားသူကြီးတစ်ဦးဖြစ်သည်။ ၎င်းသည် ကက်သလစ်ဘာသာကို ယုံကြည်သက်ဝင်သူဖြစ်ပြီး သားသမီးခုနစ်ယောက်ရှိသည့် မိခင်ဖြစ်သည်။ ဘာရက်သည် လက်နက်ထိန်းချုပ်ရေးနှင့် သန္ဓေသားဖျက်ချခြင်းကို ဝေဖန်သူတစ်ဦးဖြစ်ကြောင်း သိရသည်။ အကယ်၍ ဆီးနိတ်လွှတ်တော်၏ အတည်ပြုချက်ကိုရရှိလျှင် ဘာရက်သည် အမေရိကန်တရားရုံးချုပ်၌ ကွန်ဆာဗေးတစ် အများစုဖြစ်လာအောင် ချဲ့ထွင်နိုင်မည့်သူဖြစ်ကြောင်း သိရသည်။

အမေရိကန်၌ ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် စာပို့စနစ်ဖြင့် ဆန္ဒမဲပေးကြရန် တောင်းဆိုထားသော်လည်း သမ္မတထရမ့်က စာပို့စနစ်ဖြင့် ဆန္ဒမဲပေးခြင်းသည် မဲလိမ်လည်မှုဖြစ်နိုင်သည်ဟုဆိုကာ ငြင်းဆန်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ဂျီနီဗာ၌ ယခင်ကပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် ယီမင်အစိုးရအဖွဲ့နှင့် ဟူသီစစ်သွေးကြွအဖွဲ့ကိုယ်စားလှယ်များ ဆွေးနွေးခဲ့စဉ်။

# ယီမင်ရှိ ပဋိပက္ခဖြစ်နေသည့် နှစ်ဖက်အဖွဲ့အစည်းက အကျဉ်းသားပေါင်း ၁၀၈၁ ဦး လဲလှယ်ရန် သဘောတူ

**ဆာနား စက်တင်ဘာ ၂၇**

ယီမင်နိုင်ငံတွင် တိုက်ပွဲဖြစ်ပွားနေသည့် အစိုးရနှင့် ဟူသီစစ်သွေးကြွအဖွဲ့တို့သည် ဆွစ်ဇာလန်၌ ကုလသမဂ္ဂက စီစဉ်ပေးခဲ့သည့် စကားပြောဆိုဆွေးနွေးမှုအတွင်း အကျဉ်းသား ၁၀၈၁ ဦးကို လဲလှယ်ရန် သဘောတူခဲ့ကြကြောင်း နှစ်ဖက်သတင်းရင်းမြစ်များက အတည်ပြုခဲ့သည်။

၂၀၁၈ ခုနှစ်က ကုလသမဂ္ဂကြားဝင် စေ့စပ်ညှိနှိုင်းခဲ့သည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ယီမင်အစိုးရနှင့် အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟူသီ စစ်သွေးကြွအဖွဲ့သည် ဖမ်းဆီးထိန်းသိမ်းထားသည့် အကျဉ်းသားပေါင်း ၁၅၀၀၀ ခန့်ကို လဲလှယ်ခဲ့ကြသည်။

စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည့် သဘောတူညီမှုတွင် လက်ရှိယီမင်အစိုးရနှင့် အာရပ်မဟာမိတ်အဖွဲ့က ပိုင်ဆိုင်သည့် အကျဉ်းသား ၄၀၀ ကို ဟူသီစစ်သွေးကြွအဖွဲ့က လွှတ်ပေးရန်နှင့် အပြန်အလှန်အားဖြင့် အစိုးရကဖမ်းဆီးထားသည့် ဟူသီစစ်သွေးကြွအဖွဲ့ဝင် ၆၈၁ ဦးကို လွှတ်ပေးရန်တို့ ပါဝင်ကြောင်း အစိုးရအဖွဲ့မှ သတင်းရင်းမြစ်များက ပြောကြားသည်။ ယီမင်အစိုးရသည် စတော့ဟုမ်း သဘောတူညီမှုအပေါ် အခြေခံသည့် အကျဉ်းသားလဲလှယ်မှုကို အကောင်အထည်ဖော်ရေးအတွက် ကုလသမဂ္ဂ၏ ကြီးကြပ်မှုအောက်တွင် ဟူသီစစ်သွေးကြွအဖွဲ့နှင့် ဆွေးနွေးရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ အဖွဲ့တစ်ဖွဲ့ လာရောက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဝင်ငွေနည်းသည့် နိုင်ငံများအတွက် ကြွေးမြီဆိုင်းငံ့မှုကို သက်တမ်းတိုးပေးရန် ဂျီဆဲဗင်းဘဏ္ဍာရေးဝန်ကြီးများ ထောက်ခံ

**တိုကျို စက်တင်ဘာ ၂၇**

ဝင်ငွေနည်းသည့် နိုင်ငံများအတွက် ကြွေးမြီဆိုင်းငံ့ထားမှုကို ယခုနှစ်ကုန်ပိုင်းကျော်လွန်သည်အထိ သက်တမ်းတိုးပေးရန် ဂျီဆဲဗင်း အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက ထောက်ခံခဲ့ကြကြောင်း သိရသည်။

အဆင်းရဲဆုံးနိုင်ငံများအတွက် နှစ်နိုင်ငံအကြား တရားဝင်ကြွေးမြီပေးဆပ်ရန်ရှိသည်များကို နှစ်ကုန်ပိုင်းအထိ ဆက်လက်စောင့်ဆိုင်းပေးရန် ဂျီ ၂၀ အဖွဲ့ကလည်း ပြီးခဲ့သည့် ဧပြီလတွင် သဘောတူခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဂျီဆဲဗင်းဘဏ္ဍာရေးဝန်ကြီးများသည် ကိုဗစ်- ၁၉ကပ်ရောဂါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘဏ္ဍာရေးအခြေအနေပိုမိုဆိုးရွားလာမှုနှင့် ပတ်သက်၍ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြွေးမြီပမာဏကြီးမားလာခြင်းသည် ကမ္ဘာ့စီးပွားရေးအတွက် အန္တရာယ်တစ်ခုဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးများက ရှုမြင်ခဲ့ပြီး ကြွေးမြီရွှေ့ဆိုင်းပေးရေး ထောက်ခံကြောင်းဖော်ပြသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၃၀၀၀ နီးပါးအထိရှိပြီး သေဆုံးမှုနှုန်းမြင့်နေ

**မနီလာ စက်တင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၂၉၉၅ ဦးအထိ ရှိခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် ၃၀၄၂၂၆ ဦးအထိဖြစ်လာခဲ့သည်။

နိုင်ငံအတွင်း ရောဂါပျောက်ကင်းသွားသူ နောက်ထပ် ၁၉၆၃၀ ဦး ထပ်တိုးလာပြီးနောက် ပြန်လည်ကျန်းမာလာသူအရေအတွက်စုစုပေါင်း ၂၅၂၅၁၀ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ် – ၁၉ ကူးစက်ခံရမှုကြောင့် နောက်ထပ်သေဆုံးသူ ၆၀ ထပ်တိုးလာခဲ့ရာ သေဆုံးသူအရေအတွက် စုစုပေါင်း ၅၃၄၄ ဦးအထိ ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ၌ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်တွင် ၁၀၆၅ ဦးအထိ ရှိသည်။ နိုင်ငံတစ်ဝန်းရှိ ပြည်သူပေါင်း ၃ ဒသမ ၄ သန်းကျော်ကို ဗိုင်းရပ်စ်စစ်ဆေးမှု ဆောင်ရွက်ထားကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

## တင်းကျပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းမပြုပါက ရောဂါကူးစက်မှု ပိုမိုပြင်းထန်လာတော့မည်ဖြစ်ကြောင်း စပိန်ကျန်းမာရေးဝန်ကြီးသတိပေး

**မက်ဒရစ် စက်တင်ဘာ ၂၇**

စပိန်နိုင်ငံတစ်ဝန်း၌ အာဏာပိုင်များအနေဖြင့် ကိုဗစ်- ၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် တင်းကျပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် အစိုးရက တိုက်တွန်းလိုက်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ တင်းတင်းကျပ်ကျပ် မလုပ်ဆောင်ပါက ရောဂါကူးစက်မှုအန္တရာယ် ပိုမိုပြင်းထန်လာတော့မည်ဖြစ်ကြောင်း အစိုးရက သတိပေးထားသည်။ စပိန်မြို့တော် မက်ဒရစ်၌ စက်တင်ဘာ ၂၅ ရက်တွင် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းများသည့် နေရာများ၌ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို အချိန်ထပ်တိုးခဲ့သော်လည်း အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုကို တစ်မြို့လုံး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် တောင်းဆိုမှုများကို ငြင်းဆန်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက်တွင် စပိန်ကျန်းမာရေးဝန်ကြီး ဆယ်လ်ဗာဒေါ အီလာက လက်ရှိချမှတ်ဆောင်ရွက်နေသည့် ကန့်သတ်ချက်များမှာ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် မလုံလောက်ကြောင်း၊ လက်ရှိတွင် ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် တိကျပြတ်သားသည့် ဥပဒေပြဋ္ဌာန်းရန် အချိန်ကျပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး က ပြောကြားခဲ့သည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့သည် တစ်နိုင်ငံလုံး ရောဂါကူးစက်ပျံ့နှံ့ရာ ဗဟိုချက်မအဖြစ်သို့ ပြန်ရောက်ရှိလာပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားမှု ပမာဏသည် အနောက်ဥရောပတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



စပိန်၌ စွမ်းအားရှင် ကျန်းမာရေးဝန်ထမ်းတစ်ဦးပုံစံ ရုပ်တုအနီးတွင် ပြည်သူများသွားလာနေမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ သတင်းတိုထွာ

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကျောက်မီးသွေးတွင်း မတော်တဆမှုတွင် ပိတ်မိနေသူ ၁၇ ဦးရှိ

**ချုံကင်း စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်း၌ ကာဗွန်မိုနောက်ဆိုက် အဆမတန် များပြားလာမှုကြောင့် ကျောက်မီးသွေး သတ္တုတွင်းတွင် ပိတ်မိနေသူ ၁၇ ဦးရှိသည်ဟု ဒေသခံ အာဏာပိုင်များက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုမှာ ဒေသခံ စွမ်းအင်ကုမ္ပဏီပိုင် Songzao သတ္တုမိုင်းအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ခရိုင်အစိုးရ အရာရှိများက ပြောသည်။

စက်ခါးပတ်ကြိုးများ မီးလောင်မှုကြောင့် ကာဗွန်မိုနောက်ဆိုက် လုံခြုံစိတ်ချရမှုအဆင့်ထက် ကျော်လွန်ပြီး လူ ၁၇ ဦး ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ ၇၅ ဦး ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ သတ္တုမိုင်းတွင်း အတွင်းသို့ ရောက်ရှိလာကြပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်း ၃၀ လည်းပါရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## ပီရူးနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ရှစ်သိန်းကျော်လာ

**လီမာ စက်တင်ဘာ ၂၇**


ပီရူးနိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူစုစုပေါင်း ၈၀၀၁၄၂ ဦးရှိပြီး သေဆုံးသူ ၃၂၁၄၂ ဦး ရှိသည်ဟု ပီရူး ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ စက်တင်ဘာ ၂၆ ရက်အထိ နေအိမ်အတွင်း သီးခြားခွဲနေထိုင်ရသူနှင့် ဆေးရုံမှ ဆင်းခွင့်ရသူပေါင်း ၆၅၇၈၃၆ ဦး ရှိလာပြီဟု ဝန်ကြီးဌာနက ပြောသည်။

ဆေးရုံပေါ်တွင် ကုသမှုခံယူနေသူ ၈၂၈၂ ဦးရှိပြီး လူပေါင်း ၁၃၅၇ ဦးမှာ အထူးကြပ်မတ် လူနာဆောင်တွင် ကုသမှုခံယူနေရဆဲဖြစ်သည်။ ကူးစက်ခံရသူများ တိုးလာသော်လည်း အစိုးရသည် နေ့စဉ် ကူးစက်မှုနှင့် သေဆုံးမှုနှုန်းကို ထိန်းချုပ်လာနိုင်သည့်အတွက် ယခုအခါ အကျဘက်သို့ ဦးတည်လာပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းမှုများကို အောက်တိုဘာ ၅ ရက်တွင် ပြန်လည်စတင်မည်ဟု ပီရူးအစိုးရက ကြေညာခဲ့သည်။ ထိုအချိန်တွင် ပြည်သူများ အနေဖြင့် ပေါ့ဆမှုမရှိဘဲ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကူးစက်မှု ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။ နောက်ထပ် ကူးစက်မှုအသစ်များမှ ရှောင်ရှားရန် လက်ဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လူမှုဝေးကွာအစီအစဉ်များကို လိုက်နာရမည်ဟု အစိုးရက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# အားကောင်းလာသည့် ကာကွယ်ဆေးဆိုင်ရာ မျှော်လင့်ချက်များ

**ခြူးစန္ဒီနွေး**

**ကမ္ဘာတစ်ဝန်းက လူတွေ ယနေ့အချိန်အခါမှာ မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်မျှော်နေကြတဲ့သတင်းကတော့ ကိုဗစ်–၁၉ ကာကွယ်ဆေးဘယ်တော့ပေါ်မှာလဲဆိုတဲ့ သတင်းပါပဲ။ ကာကွယ်ဆေးထွက်ပေါ်လာရင်တောင် တစ်ကမ္ဘာလုံးက လူသားတွေအတွက် လုံလောက်အောင်ထုတ်လုပ်ပေးနိုင်ဖို့ဆိုတာ စိန်ခေါ်မှုကြီးတစ်ခုပါပဲ။**



### ကာကွယ်ဆေးထုတ်လုပ်ဖို့အသင့်

အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီ ကုလသမဂ္ဂမှာ မိန့်ခွန်းပြောကြားရာမှာတော့ ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း အိန္ဒိယဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကနေ မရှိမဖြစ် လိုအပ်တဲ့ဆေးဝါးတွေကို နိုင်ငံပေါင်း ၁၅၀ ကျော်ဆီ ဖြန့်ဝေပေးနိုင်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့လတုန်းကလည်း သိပ္ပံပညာရှင်တွေကသာ ကာကွယ်ဆေး ဆက်လက် ရှာဖွေတွေ့ရှိမယ်ဆိုရင် အိန္ဒိယနိုင်ငံဟာ တစ်တိုင်းပြည်လုံးအနှံ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေ အလုံးအရင်းနဲ့ ထုတ်လုပ်ဖို့အတွက် အဆင်သင့်ပဲလို့ အိန္ဒိယဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုပြီးရင် ကိုဗစ် – ၁၉ ကို ဒုတိယမြောက်အဆိုးဆုံး ထိခိုက်ခံစားရတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ယခုနှစ်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာတော့ ကိုဗစ် – ၁၉ နဲ့ပတ်သက်ပြီး ပြောဆိုမှုတွေ အများဆုံးဖြစ်နေပါတယ်။

### တစ်ကမ္ဘာလုံးအတွက် လုံလောက်မှုရှိ

အိန္ဒိယနိုင်ငံရဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုနဲ့ ဖြန့်ဖြူးပေးနိုင်မှုဟာ တစ်ကမ္ဘာလုံးက ကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် ကြိုးပမ်းနေကြတဲ့ လူသားအားလုံးအတွက် လုံလောက်မှုရှိတယ်လို့ ဝန်ကြီးချုပ်မိုဒီက စက်တင်ဘာ ၂၆ ရက်မှာ ပြောကြားခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံး ကာကွယ်ဆေးထုတ်လုပ်တဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာ့လူသားတွေကို အာမခံချက်ပေးချင်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်စွမ်းနဲ့ တင်ပို့နိုင်စွမ်းဟာ ကမ္ဘာကြီးပေါ်မှာ နေထိုင်နေကြတဲ့ လူသားတွေကိုကူညီပေးသွားမှာပဲဖြစ်တယ်လို့ ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ လူသားမျိုးနွယ်စုအားလုံးရဲ့ အကျိုးစီးပွားအတွက် အမြဲရှေးရှုကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့ပါတယ်။

### အလုံးအရင်းနဲ့ ထုတ်လုပ်ဖို့အသင့်

အိန္ဒိယနိုင်ငံမှာ စမ်းသပ်နေတဲ့ ကာကွယ်ဆေးသုံးမျိုးရှိပြီး ကာကွယ်ဆေးအောင်မြင်ခဲ့ရင်လည်း အလုံးအရင်းနဲ့ ထုတ်လုပ်သွားဖို့ဆိုတာ အဆင်သင့်ပါပဲလို့ လွတ်လပ်ရေးနေ့ မိန့်ခွန်းမှာ အိန္ဒိယဝန်ကြီးချုပ်က အခုလို ပြောကြားခဲ့တာပါ။ ကုလသမဂ္ဂအကြီးအကဲဖြစ်သူ အန်တိုနီယိုဂူတာရက်စ်ကတော့ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို လူသားတိုင်း လက်လှမ်းမီရမယ်လို့ ထပ်ခါထပ်ခါ ပြောကြားခဲ့ပါတယ်။

### လုံခြုံစိတ်ချမှု ခံစားရမှာမဟုတ်

ယခုသီတင်းပတ် အစောပိုင်းကလည်း ကိုယ့်နိုင်ငံရဲ့လူဦးရေအတွက်သာ ကာကွယ်ဆေးရရှိဖို့ ကြိုးပမ်းကြတဲ့ နိုင်ငံတချို့ကို ဂူတာရက်စ်က ဆွဲထုတ်ပြခဲ့ပါတယ်။ ကာကွယ်ဆေးကို အမျိုးသားရေးစိတ်ဓာတ်ပြင်းပြမှုနဲ့ လုပ်ဆောင်တာဟာ တရားမျှတမှု မရှိဘူး။ လူသားတွေအားလုံးအတွက် လုံခြုံစိတ်ချရမှု မရှိသရွေ့တော့ ဘယ်သူမှ လုံခြုံစိတ်ချရမှုကို ခံစားရမှာ မဟုတ်ဘူးလို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက ပြောကြားခဲ့ပါတယ်။

### သတိထားဖို့ပြောဆို

ကာကွယ်ဆေးနဲ့ ပတ်သက်လာရင် ရှေ့တန်းကနေ ပြေးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကလည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးအတွက် အရေးပေါ်အခြေအနေမှာ အသုံးပြုဖို့ အစီအစဉ် မစတင်မီအချိန်ကတည်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ နားလည်မှုနဲ့ ထောက်ခံမှုကို ရရှိခဲ့တယ်လို့ တရုတ်ကျန်းမာရေးအရာရှိတွေက စက်တင်ဘာ ၂၅ ရက်မှာ ပြောကြားခဲ့ပါတယ်။ အနောက်နိုင်ငံက ကာကွယ်ဆေးထုတ်လုပ်သူတွေနဲ့ ကျွမ်းကျင်သူတွေကတော့ နောက်ဆုံးအဆင့် စမ်းသပ်မှုမပြီးစီးမီ ပုံမှန်ထက်စောပြီး ကိုဗစ် – ၁၉ ကာကွယ်ဆေး ခွင့်ပြုပေးခြင်းကို သတိထားကြဖို့ ပြောဆိုခဲ့ပါတယ်။ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အရေးပေါ်အခြေအနေမှာ အသုံးပြုဖို့ စမ်းသပ်မှုကို ဇွန်လကုန်ကတည်းက နိုင်ငံတော်ကောင်စီကနေ ခွင့်ပြုပေးခဲ့တယ်လို့ တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်မှ အရာရှိတစ်ဦးဖြစ်သူ ကျန်းကျိုးဝေက ပြောပါတယ်။

### ထောက်ခံမှုရရှိ

ခွင့်ပြုချက်ရပြီးတဲ့ နောက်မှာတော့ တရုတ်နိုင်ငံအတွင်းမှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အရာရှိတွေနဲ့ ချိတ်ဆက်ပြီး သတင်းပို့ခဲ့ပါတယ်။ အဲဒီနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ နားလည်မှုနဲ့ ထောက်ခံမှုကို ရရှိခဲ့တယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဇူလိုင် ၂၂ ရက်ကစလို့ အန္တရာယ်များပြားတဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့သူတွေကို လေ့လာစမ်းသပ်နေဆဲကာကွယ်ဆေး အသုံးပြုခဲ့တယ်လို့ လွန်ခဲ့တဲ့လက စီစီတီဗွီနဲ့ အင်တာဗျူးမှာ ကျန်းက ပြောခဲ့ပါတယ်။

ကူးစက်ရောဂါနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကူးစက်ရောဂါကာကွယ်ရေးဝန်ထမ်းတွေ၊ ဖျားနာကုသဆောင်က ဝန်ထမ်းတွေ၊ အကောက်ခွန်နဲ့ နယ်စပ်ထိန်းချုပ်ရေးက ဝန်ထမ်းတွေဟာ ကာကွယ်ဆေးရရှိခဲ့တဲ့လူတွေပဲ ဖြစ်တယ်လို့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

> **“ကာကွယ်ဆေးတွေကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေ၊ ကူးစက်မှုမြင့်မားတဲ့နိုင်ငံတွေမှာ တာဝန်ထမ်းဆောင်နေရတဲ့ သံတမန်တွေ၊ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ကိုင်နေကြတဲ့ တရုတ်နိုင်ငံပိုင် လုပ်ငန်းကုမ္ပဏီတွေက လုပ်သားတွေမှာ အသုံးပြုခဲ့ပြီး အဲဒီလူတွေအားလုံးမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ၊ ရောဂါကူးစက်ခံရမှုတွေ မတွေ့ရှိရ”**

### ဆိုးရွားသည့်အကျိုးသက်ရောက်မှုမရှိ

အဆင့် ၃ စမ်းသပ်ချက် မပြီးသေးတဲ့ ကာကွယ်ဆေးကိုတော့ နိုင်ငံပိုင် ဇီဝနည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ Sinopharm ကနေ ထုတ်လုပ်နေတာပဲ ဖြစ်ပါတယ်။ ယခုလအတွင်း Sinopharm ကုမ္ပဏီဝက်ဘ်ဆိုက်ကနေတင်တဲ့ သတင်းမှာတော့ ကာကွယ်ဆေးနှစ်မျိုးကို အရေးပေါ်ကာကွယ်ဆေးပေးရေး အစီအစဉ်အောက်မှာ အသုံးပြုခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီကာကွယ်ဆေးတွေကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေ၊ ကူးစက်မှုမြင့်မားတဲ့နိုင်ငံတွေမှာ တာဝန်ထမ်းဆောင်နေရတဲ့ သံတမန်တွေ၊ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ကိုင်နေကြတဲ့ တရုတ်နိုင်ငံပိုင် လုပ်ငန်းကုမ္ပဏီတွေက လုပ်သားတွေမှာ အသုံးပြုခဲ့ပြီး အဲဒီလူတွေအားလုံးမှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ၊ ရောဂါကူးစက်ခံရမှုတွေ မတွေ့ရှိရဘူးလို့ ၎င်းကဆက်လက်ပြောကြားခဲ့ပါတယ်။

### ယူအေအီးနိုင်ငံကလည်း ခွင့်ပြု

Sinopharm ကုမ္ပဏီရဲ့ ကာကွယ်ဆေးတွေကို အဆင့် ၃ စမ်းသပ်ရာမှာတော့ ယူအေအီး၊ ဘာရိန်း၊ ပီရူး၊ မော်ရိုကိုနဲ့ အာဂျင်တီးနားနိုင်ငံတွေမှာ ပြုလုပ်နေပါတယ်။ ပြီးခဲ့တဲ့လကပဲ Sinopharm က ထုတ်တဲ့ ကာကွယ်ဆေးကို ရှေ့တန်းကရင်ဆိုင်နေရတဲ့ ကျန်းမာရေးလုပ်သားတွေမှာ အရေးပေါ်အခြေအနေအတွက် အသုံးပြုဖို့ ယူအေအီးနိုင်ငံက ခွင့်ပြုပေးလိုက်တယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာရှိတဲ့ ကာကွယ်ဆေးထုတ်လုပ်နေတဲ့ နိုင်ငံတွေအကြားမှာ ရှေ့တန်းကပြေးနေတဲ့နိုင်ငံဖြစ်ပြီး လက်ရှိမှာ ကာကွယ်ဆေး ၁၁ မျိုးကို စမ်းသပ်နေပြီး ကာကွယ်ဆေးလေးမျိုးကတော့ အဆင့် ၃ စမ်းသပ်မှုကို ရောက်ရှိနေကြပါပြီ။

### မျှော်လင့်ချက် ရောင်ခြည်သန်းလာပြီ

တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် ကမ္ဘာပေါ်မှာ လူသားတွေနဲ့ စမ်းသပ်မှုအဆင့်အထိ ရောက်နေပြီဖြစ်တဲ့ ကာကွယ်ဆေးပေါင်း ၃၈ မျိုး ရှိပါတယ်။ အဲဒီထဲကမှ ကိုးခုဟာ နောက်ဆုံးအဆင့်စမ်းသပ်မှုကို ရောက်နေကြပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက်ရောင်ခြည်တွေ သန်းလာပြီဖြစ်ပေမယ့် ကာကွယ်ဆေးအဆင်သင့် မဖြစ်မီမှာ လူပေါင်းနှစ်သန်းနီးပါး သေဆုံးသွားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားတဲ့အတွက် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ဖို့၊ လူမှုဝေးကွာအစီအစဉ်အတိုင်း နေထိုင်ဖို့က ဒီအချိန်မှာ အရေးအကြီးဆုံးပါပဲ။ ။ **ကိုးကား – တိုင်းမ်အော့ဖ်အိန္ဒိယ၊ စီအင်န်အင်န်**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၁ ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ချီဖွေမြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာ ဆွေးနွေးပွဲကျင်းပ

**ချီဖွေ စက်တင်ဘာ ၂၇**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို ချီဖွေမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထု အခြေပြုဗဟိုဌာနခန်းမတွင် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပူးပေါင်း၍ ကျင်းပ ကြောင်း သိရသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးမြင့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နေသည့်ကာလအတွင်း ပြည်သူများ အား Online မှတစ်ဆင့် ဗဟုသုတဖြစ်စေ ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အစီ အစဉ်တွင် ချီဖွေမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်မင်းက ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများဖွင့်လှစ် ပို့ချခြင်းနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇုန်းဘောမ်က မဲစာရင်း ပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုနှင့် မဲပေးခြင်းဆိုင်ရာသိကောင်း စရာများအား ဆွေးနွေးကြသည်။

ချီဖွေမြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၇၁၇ ဦးရှိပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီ တို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း များက သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ် အလိုက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကြောင်း သိရသည်။

ဇင်မာဝင်း(ပြန်/ဆက်)

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူး များသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံ သွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူး များသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# လူ့ဘောင်သစ်ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၇

**လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌ ဦးဇေယျက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။

ကျွန်တော်ကတော့ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျ ဖြစ်ပါတယ်။

လူ့ဘောင်သစ်ပါတီရဲ့ သမိုင်းအကျဉ်းကို တင်ပြလိုပါတယ်။ လူ့ဘောင်သစ်ပါတီဟာ ၁၉၈၈ ခုနှစ် ၈၈၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး နောက်ပိုင်းတွင် မပြီးဆုံးသေးသော ဒီမိုကရေစီအရေးအတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗ–က–သ)မှ ခေါင်းဆောင်များက ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လမ်းကြောင်း သုံးသွယ်ကို ချမှတ်ခဲ့ကြပါတယ်။

လမ်းကြောင်းသုံးသွယ်အရ အမျိုးသားနိုင်ငံရေးကို ကျယ်ပြန့်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် (ဗ–က–သ)များအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ ဒေသန္တရသပိတ်ခေါင်းဆောင်များအပါအဝင် အနယ်နယ်အရပ်ရပ်မှ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များဖြင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးမှ ကျောင်းသားထုကိုယ်စားပြုပါတီတစ်ရပ်အနေဖြင့် ရပ်တည်နိုင်ခဲ့ပြီး ၁၉၈၈–၉၀ နိုင်ငံရေးအခြေအနေများအရ ဒုတိယအကြီးမားဆုံးပါတီတစ်ရပ်အနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၉၁ အောက်တိုဘာလခန့်တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးဖိနှိပ်မှုများကြောင့် ပါတီဝင်အချို့ ထိုင်း–မြန်မာနယ်စပ်သို့ တိမ်းရှောင်သွားခဲ့ရပါတယ်။

၁၉၉၁ ဒီဇင်ဘာ (၆)ရက်နေ့တွင် လူ့ဘောင်သစ်ပါတီတရားဝင်တည်ရှိမှုကို ပါတီစုံဒီကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့ပါတယ်။

ပါတီခေါင်းဆောင်များဟာ ပါတီလုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့ဘောင်သစ်ပါတီဝင်များ၊ ပါတီအား ဝန်းရံထောက်ခံအားပေးခဲ့ကြသော ပါတီဝင်သစ်/ဟောင်းများအား ပြန်လည်စုစည်းပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိနိုင်ငံရေး လိုအပ်ချက်များအရ တရားဝင်ပါတီတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရန် "လူ့ဘောင်သစ်ပါတီ" New Society Party အတိုကောက်အားဖြင့် (NSP) အနေဖြင့် ရပ်တည်ခဲ့ရပါတယ်။

၁၉၈၈ ခုနှစ်က လူ့ဘောင်သစ်ပါတီ၏ မူလအလံတော်ကို အခက်အခဲ အကျပ်အတည်းများကြားမှ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် တရားဝင်ပြန်လည်ဆွဲကိုင် လွှင့်ထူနိုင်ခဲ့ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျာ**

ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီရဲ့ ရည်ရွယ်ချက်များက–

- ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဒီမိုကရေစီထွန်းကားရေး၊
- တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ဒီမိုကရေစီတပ်ပေါင်းစုကြီး ပေါ်ထွန်းရေး၊
- ဒီမိုကရေစီစနစ်ကို အခြေခံထားတဲ့ ခိုင်မာတောင့်တင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊
- ပြည်တွင်းငြိမ်းချမ်းရေး၊၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ပြောင်းလဲရေး၊
- အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ ဆက်စပ်နေတာကြောင့် မလွဲမသွေဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်အရ အတိုက်အခံပုံစံကို လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှာ တရားဝင်ပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးတို့ ဖြစ်ပါတယ်။

**ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအနေနဲ့** လွှတ်တော်ဟာ ဥပဒေနဲ့အညီ၊ ပြည်သူ့ဆန္ဒနဲ့အညီ ပေါ်ပေါက်တည်ထောင်ရတာဖြစ်တဲ့အတွက် လွှတ်တော်မှာ အချုပ်အခြာအာဏာကို အောက်ပါမူတွေအရ ကျင့်သုံးပါမယ်။

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဟာ တစ်ခုအပေါ် တစ်ခု စွက်ဖက်လွှမ်းမိုးခြင်း မရှိစေရ။ မဏ္ဍိုင် ၃ ရပ်ဟာ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) ပြုရ၊ ရှိရမှာ ဖြစ်ပါတယ်။

(ခ) ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းဆောင်ရွက်ရာမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း စတဲ့လောကပါလတရားတို့နဲ့အညီ ဖြစ်စေရပါမယ်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားဟာ ပြည်သူလူထုအပေါ် ဖိနှိပ်တဲ့သဘော မဖြစ်စေဘဲ ပြည်သူလူထုအကျိုးစီးပွား ကာကွယ်ဖြည့်ဆည်းတဲ့ပုံစံ ဖြစ်စေရပါမယ်။ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် (Good Governance) ထိရောက်စွာ ကျင့်သုံးရပါမယ်။

(ဃ) ကိုးကွယ်ရာဘာသာမရွေး၊ ကျား မ မရွေး၊ ရာထူးဌာန နေရာမရွေး၊ လူမျိုးဇာတိမခွဲခြားဘဲ ဥပဒေအရ အညီအမျှ ဖြစ်စေရပါမယ်။

(င) တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ ကိုက်ညီပြီး ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တူညီတဲ့ အဆင့်အတန်းနဲ့ လွတ်လပ်စွာတည်ရှိစေရပါမယ်။ တရားလွှတ်တော်ဟာ လက်အောက်ရှိ တရားရုံးတွေကို လွတ်လပ်ပိုင်နိုင်စွာ ကွပ်ကဲနိုင်ရပါမယ်။ အမှုစစ်ဆေးခြင်းနဲ့ ဆုံးဖြတ်ခြင်းတွေကို အများပြည်သူရှေ့မှောက်မှာ ပွင့်လင်းမြင်သာမှုရှိရပါမယ်။

(စ) အစိုးရအုပ်ချုပ်မှုစနစ်ကို အထိန်းအကွပ်ပြုမယ့် သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းစနစ် (Institution) တွေကို အားဖြည့်တည်ဆောက်ရပါမယ်။ ဥပမာ – ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ သီးခြားလွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ စသည်ဖြင့်

(ဆ) အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ လွတ်လပ်စွာ ထုတ်ဖော်စည်းရုံးခွင့် ရှိစေရပါမယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျာ**

(က) နိုင်ငံတကာဆက်ဆံရေးမှာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံရေးမူဝါဒတွေကို ကျင့်သုံးရမှာဖြစ်ပါတယ်။

(ခ) မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသတွင်းမှာ လတ်တလော ကိုဗစ် ၁၉ ကူးစက်ရောဂါ၊ အင်အားကြီးနိုင်ငံတွေရဲ့ ကုန်သွယ်ရေးစစ်၊ တောင်တရုတ်ပင်လယ်အရေးအခင်း၊ ဆက်ဆံရေးဆိုးရွားလာတဲ့ ပထဝီနိုင်ငံရေးအခင်းအကျင်းသစ် (Geopolitical and New Normal) နဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလိုအခြေအနေမှာ လွတ်လပ်တက်ကြွတဲ့ ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်အဓိပ္ပာယ်ဖွင့်ဖို့ လိုအပ်လာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပထဝီဝင်နိုင်ငံရေးအခင်းအကျင်းသစ်နဲ့ပတ်သက်ပြီး နိုင်ငံခြားရေးမူဝါဒဆန်းသစ်တွေးခေါ်မှုတွေ၊ တစ်စုံလုံးခြုံစဉ်းစားတဲ့ မဟာဗျူဟာတစ်ရပ်နဲ့ လိုအပ်တဲ့ အရင်းအမြစ်တွေ ဘယ်လိုစုစည်းမြှင့်တင်မလဲဆိုတဲ့ အစီအစဉ်တွေ ပူးပေါင်းညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်ကာကွယ်ရေးအနေနဲ့**

(က) နိုင်ငံတော်မှာ ပြည်သူထဲမှ ပေါက်ဖွားလာပြီး နိုင်ငံတော်နဲ့ပြည်သူတွေအတွက် ပြည်သူ့ဘက်မှရပ်တည်ပြီး အားထားရတဲ့၊ ပါတီနိုင်ငံရေးကင်းရှင်းတဲ့၊ ပြည်သူတွေချစ်တဲ့ တပ်မတော်ဖြစ်ရပါမယ်။

(ခ) လက်ရှိအခြေအနေမှာ နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ အကျပ်အတည်း၊ ဒီမိုကရေစီ ဖွံ့ဖြိုးမှုနဲ့ ကူးစက်ရောဂါဘေး၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ကပ်ဘေးတွေကို အတူရင်ဆိုင်ဖို့ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေး တည်ဆောက်ကြရပါမယ်။

(ဂ) သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေအတွက် ပြင်ဆင်ထားတဲ့ အမျိုးသားကာကွယ်ရေး အင်အားစုဖြစ်စေရပါမယ်။ သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုဆိုတာကတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ရာသီဥတုသဘာဝဘေးနဲ့ မူးယစ်ဆေးပြဿနာ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ ကူးစက်ရောဂါတွေကို ဆိုလိုတာ ဖြစ်ပါတယ်။

**စီးပွားရေးရည်ရွယ်ချက်များအနေနဲ့**

(က) နိုင်ငံတော်အစိုးရရဲ့ပင်မရည်ရွယ်ချက်ဟာ ပြည်သူလူထုပျော်ရွှင်မှုကို ဖော်ဆောင်ပေးရေးဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်ဖို့ စီးပွားရေးတိုးတက်မှု၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွင်မကဘဲ စိတ်ပိုင်းနဲ့ ကျင့်ဝတ်ပိုင်းဖွံ့ဖြိုးမှု၊ ဆင်းရဲချမ်းသာမကွဲပြားဘဲ ကျား မ တန်းတူညီမျှမှု၊ ကျေးလက်နဲ့မြို့ပြ တန်းတူဖွံ့ဖြိုးမှု၊ လူမှုဖူလုံရေးတို့ပါ ထူထောင်ပေးမယ်။

(ခ) လွတ်လပ်တဲ့ဈေးကွက်အခြေပြုစီးပွားရေးစနစ်ကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မဝေးလှတဲ့အတိတ်သမိုင်းမှာ စစ်အာဏာရှင်အစိုးရကြောင့် စစ်အခြေပြု ခရိုနီဝါဒ ပေါ်ပေါက်ခဲ့ပါတယ်။ ဈေးကွက်ကိုလည်း လူနည်းစုက လက်ဝါးကြီးအုပ်ထားပြီး လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်မရဘဲ ပုံပျက်ယွင်းနေတဲ့ ဈေးကွက် ဖြစ်နေပါတယ်။ ဈေးကွက်ကို ထိန်းကျောင်းမယ့် ဥပဒေတွေလည်း အခိုင်အမာမရှိသေးပါဘူး။ အဲဒီလို ပျက်ယွင်းနေတဲ့ ဈေးကွက်ကို ပြန်လည်တည့်မတ်ရမှာ ဖြစ်ပါတယ်။

(ဂ) ခရိုနီတွေကိုလည်း အမျိုးသားလုပ်ငန်းရှင်တွေအဖြစ် စည်းရုံးသိမ်းသွင်းပြီး ပြည်တွင်း ထုတ်ကုန်စွမ်းအား မြင့်မားစေတဲ့ အင်အားစုတွေဖြစ်အောင်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။



စက်မှုဇုန်တွေ ကိုလည်း အားပေးမြှင့်တင်သွားမယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ဝါဏိဇ္ဇ ပဋိပက္ခ ဖြေရှင်းရေးကို တရားဥပဒေနဲ့အညီ ဖြစ်စေရပါမယ်။

(ဃ) လယ်ယာစနစ်တွေအတွက် တောင်သူလယ်သမားကြီးများကို အစွမ်းရှိသမျှ အလုံးစုံထောက်ပံ့ ကူညီပေးသွားမယ်။

**ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး**

(က) မြန်မာနိုင်ငံမှာ မပြီးဆုံးသေး တဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ နိုင်ငံတော်တည်ဆောက် ရေးနဲ့ ပြည်ထောင်စု ကြန်အင်လက္ခဏာ တည်ဆောက်ရေးဆက်လက်ဆောင်ရွက်သွားရပါမယ်။ နှစ် ၇၀ ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်အဆုံးသတ်ရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းသွားမယ်။ ပြည်တွင်း ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အခြေခံကျကျ အမြန်ဆုံး ဆောင်ရွက်သွားမယ်။

(ခ) ပြည်သူလူထု တစ်ရပ်လုံး နေ့စဉ် ကြုံတွေ့နေရတဲ့ ဘဝထဲမှာပါ နေ့စဉ်ဘဝ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးရမယ်လို့ယုံကြည်ထားပါတယ်။

(ဂ) သဘာဝပတ်ဝန်းကျင်အတွက် သစ်တောနဲ့သယံဇာတရင်းမြစ်တွေ အတိုင်းအဆမရှိ မမှန်မကန်သုံးနေတာကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းတာတွေ၊ ဂေဟစနစ် ပျက်စီးတာတွေ၊ ရာသီဥတုဖောက်ပြန်တာတွေအတွက် လုပ်ငန်းအစီအစဉ်တွေ ချမှတ်အကောင်အထည်ဖော်သွားမယ်။ သဘာဝဘေးနဲ့ ကပ်ရောဂါဘေးလျော့ချပြင်ဆင်ဖို့ ရန်ပုံငွေတစ်ရပ် ထူထောင်သွားပါမယ်။

**နိဂုံးအနေနဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မလွဲမသွေဆက်စပ်ဆောင်ရွက်သွားရမယ့် အခြေခံအချက်တွေ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကဏ္ဍတွေ ချွတ်ခြုံကျနေပါတယ်။ ပြည်သူတွေ ခါးစည်းခံနေရတဲ့ လူမှုဒုက္ခတွေကနေ အမြန်ဆုံးလွတ်မြောက်ဖို့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး၊ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုသားချင်းများ တန်းတူအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် တိုင်းရင်းသား ညီအစ်ကိုတော်များ၊ ဒီမိုကရေစီအင်အားစုများ၊ ပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ပြုပါတယ်။ လူ့ဘောင်သစ်ပါတီ(NSP) အနေဖြင့် လွှတ်တော်အတွင်းတွင် ပြည်သူလူထုအကျိုးသယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် ထောက်ခံဆန္ဒမဲပေးကြပါ။ ပန်ကြားအပ်ပါတယ်။

ဒီမိုကရေစီရေး မုချအောင်ရမည်။

လူ့အခွင့်အရေး မုချအောင်ရမည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရမည်။

လူမှုဘဝတိုးတက်ဖို့ ........... လူ့ဘောင်သစ်ပါတီကို မဲပေးစို့။

လူ့ဘောင်သစ်ပါတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**လူ့ဘောင်သစ်ပါတီ**

**သံစဉ် + စာသား – ဝင်းမော် (ရွှေသံစဉ်)**

**တေးသံရှင် – မင်းခ**

**တေးဂီတ – ရွှေသံစဉ်**

ဒီမိုကရေစီရေး ... ငြိမ်းချမ်းရေး ... အမျိုးသားပြန်လည် ...သင့်မြတ်ရေး ... လူမှုတိုးတက်ရေး ... အနေးအမြန်လုပ်နိုင်မှာ ... လူ့ဘောင်သစ်ပါတီပါ ... ခေတ်စနစ်ကိုပြောင်းလဲစေကာ ... လူ့ဘောင်သစ်၊ အာဏာရှင်ကိုရွှေ့နိုင်တာ လူ့ဘောင်သစ် ... လူမွဲတွေကို ... ပြောင်းလဲစေတာ ... လူ့ဘောင်သစ် ... (လူ့ဘောင်သစ်)[၃] ...

၈၈ ကျောင်းသားသမဂ္ဂများမှ မွေးဖွားခဲ့သည် .... လူ့ဘောင်သစ်ပါတီ ... ၈၈ ခွပ်ဒေါင်းမျိုးဆက်များမှ .. မွေးဖွားခဲ့သည် ... လူ့ဘောင်သစ်ပါတီ ... ပြည်သူအတွက် ... ရှေ့မှရပ်တည် .. လူ့ဘောင်သစ်ပါတီ (ပါတီ)[၆] ... လူ့ဘောင်သစ်ပါတီ (ခေါင်းပျံကိုဒေါင်းလှန်နဲ့တိုက်ခဲ့တာ ... လူ့ဘောင်သစ်ပါတီ)[၂] (လူ့ဘောင်သစ်)[၃]... လူ့ဘောင်သစ် .... ခေတ်ပြောင်းကြစို့၊ လူ့ဘောင်သစ်ကို ... ဒို့ကြိုဆိုကြစို့၊ ဒို့ကြိုဆိုကြစို့

# ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ကမ္ဘောဇဘဏ်က အလှူငွေကျပ်သိန်း ၅၀၀ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၇**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် အထွေထွေ အသုံးပြုနိုင်ရန် We Love Yangon ပရဟိတအဖွဲ့ထံသို့ ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းသည်။(ယာပုံ)

လှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက် နေ့လယ်ပိုင်းက ရန်ကုန် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ စည်ပင်ဓမ္မာရုံ၌ ကျင်းပရာ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၅၀၀ ကို We Love Yangon ပရဟိတအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ ကမ္ဘောဇဘဏ်၏ လှူဒါန်းငွေမှ ငွေကျပ်သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန်အတွက် လည်းကောင်း၊ ငွေကျပ်သိန်း ၂၀၀ ကို ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ စောင့်ကြည့်လူနာများအတွက် အထွေထွေ အသုံးပြုနိုင်ရန်အတွက် လည်းကောင်း We Love Yangon ပရဟိတအဖွဲ့မှ တစ်ဆင့် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၆၀၆၆ သိန်း လှူဒါန်းထားရှိပြီးဖြစ်သည်။

**ကိုကျော်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၂၁ ဦးအား မြန်မာသံရုံး၊ ဒါကာမြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး၊ ဆိုးလ်မြို့တို့ ပူးပေါင်းစီစဉ်သည့် (၅)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၁၀၈ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၂၁ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၉ ဦး လိုက်ပါခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လဟယ်မြို့နယ်တွင် ကျေးရွာ ၁၃ ရွာ၌ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**လဟယ် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ် -၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများ ဝင်ငွေရရှိရေး စီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ကျေးရွာ ၁၃ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသခံများဝင်ငွေရရှိရေး စီမံကိန်း အကောင်အထည်ဖော်ရာတွင် ရေမြောင်းဖော်ခြင်း၊ ဆိုင်ကယ်လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာအတွင်းမြေသားလမ်းခင်းခြင်း၊ တောင်ယာလမ်းဖောက်လုပ်ခြင်း၊ ရေကန်များခြံစည်းရိုးခတ်ခြင်း၊ တံတားများပြုပြင်ခြင်း၊ မြေသားလက်တူးတွင်းတူးဖော်ခြင်း၊ ရေပိုက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးရွာများမှာ မွန်နောက်ပြောင်၊ လုံခင်၊ လန်တိုင်းနောက်ကုန်း၊ စံတုံနောက်အင်း၊ လောနောက်အင်း၊ ဂမ်းညရွာသစ်၊ ဟွေထိုက်၊ ခမ္မလား၊ ဂမ်းဆာ၊ လကျန်း ရွာမ၊ ကျွန်းခေါင်၊ စစ်ဖောင်နှင့် ထန်ခေါ်ဟေဖွန်စသည့် ကျေးရွာများတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

## အနောက်တောင် မုတ်သုံလေ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ကာလ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် အခြေခံလူတန်းစားများနှင့် မသန်စွမ်းသူများအား ငွေကြေးများထောက်ပံ့ပေးအပ်

**ပူတာအို စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ကိုဗစ်- ၁၉ ကာလအတွင်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနက လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ဖြင့် မသန်စွမ်းသူများနှင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ၎င်းတို့ထံအရောက် ထောက်ပံ့ပေးခဲ့ပြီး ထိခိုက်လွယ်အုပ်စုဖြစ်သည့် မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

ပူတာအိုမြို့နယ်တွင် မသန်စွမ်းသူများ ၆၃၉ ဦးရှိရာ စက်တင်ဘာ ၂၆ ရက်တွင် မြို့ပေါ်ရပ်ကွက်မှ ၉၇ ဦးကို ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၉၁၀၀၀၀၊ စက်တင်ဘာ ၂၇ ရက်တွင် ကျေးရွာ အုပ်စု ၁၃ စုမှ လူဦးရေ ၅၄၂ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၁၆၂၇၀၀၀၀ တို့ကို ပေးအပ်သည်။

စာရင်းကောက်ယူမှုအရ ပူတာအိုမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအနေဖြင့် အိမ်ထောင်စု ၁၅၄၈ စုရှိရာ စက်တင်ဘာ ၂၆ ရက်တွင် မြို့ပေါ် ရပ်ကွက်(၁၀)ရပ်ကွက်မှ အိမ်ထောင်စု ၄၃၀ နှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုမှ အိမ်ထောင်စု ၅၁၀ တို့အတွက် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရန် ကျန်နေသေးသည့် အိမ်ထောင်စုများကိုလည်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

# နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခံစားရသူများအတွက် ဆီတစ်လီတာဘူး ၃၀၀၀ လှူဒါန်း

**မောင်တော စက်တင်ဘာ ၂၇**

မောင်တောခရိုင်ရှိ ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခံစားရသူများအတွက် နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းမှ ဆီတစ်လီတာဘူး ၃၀၀၀ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် မောင်တောခရိုင်ရှိ ကိုဗစ်-၁၉ ကာလအတွင်းထိခိုက်ခံစားရသူများအတွက် နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းမှတစ်ဆင့် Wilmar Myanmar Limited(Meizan)မှ တာဝန်ရှိသူများက ငွေကျပ် ၄၅၀၀၀၀၀ တန်ဖိုးရှိသည့် Meizan အမှတ်တံဆိပ်ပါ ဆီဘူး ၃၀၀၀ ကို ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၁ ဦးထပ်မံဝင်ရောက်

**ချင်းရွှေဟော် စက်တင်ဘာ ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယနေ့ညနေ ၄ နာရီက နေရပ်ပြန်ပြည်သူ ၂၁ ဦး ထပ်မံဝင်ရောက်လာသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၁ ဦးတို့မှာ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၁၅ ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်မှ နှစ်ဦး၊ ဒေါပုံမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ လေးဦး၊ ဒီပဲယင်းမြို့နယ်မှ လေးဦး၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်မှ တစ်ဦး ၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ နှစ်ဦးနှင့် အမ်းမြို့နယ်မှ တစ်ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၄၄ ဦးနှင့် အမျိုးသမီး ၆၈၈၈ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၅၄၃၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဖားကန့်မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီ

**နေပြည်တော် စက်တင်ဘာ ၂၇**



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ယနေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေဝင်ရောက်ခဲ့ရာ မြစ်ကြီးနားမြို့ မြေနိမ့်ပိုင်း ရပ်ကွက်များဖြစ်သော လယ်ကုန်း၊ ကြက်ပေါင်ခြံ၊ ရမ်ပူနှင့် မြို့သစ်ကြီးရပ်ကွက်တို့မှ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၄၂၄ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းခြောက်ခုသို့ ခေတ္တပြောင်းရွှေ့ ခိုလှုံလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့်နေရာများသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ရွှေ့ပြောင်းကိစ္စများ၊ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ကာ ရေဘေးသင့်ပြည်သူ ၄၂၄ ဦးအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၂၁၀၈၀ ရှိ ဆန်ရိက္ခာခုနစ်ရက်စာ၊ အ၀တ်နှာခေါင်းစည်းများနှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးသည်။

အလားတူ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖားကန့်မြို့နယ် ရှဒူဇွပ်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးကောင်းချောင်းရေလျှံတက်ပြီး မြေနိမ့်ပိုင်းနေရာများသို့ ရေ၀င်မှုဖြစ်ရာ နေအိမ် ၂၃ လုံး ရေစီးနှင့် မျောပါပျက်စီးခဲ့၍ အိမ်ထောင်စု ၄၁၀ မှ လူဦးရေ ၂၈၇၅ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းလေးခုနှင့် ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ခိုလှုံခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၉၈၃၇၄၄ ရှိ ဆန်ရိက္ခာ ခုနစ်ရက်စာ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်း၊ အ၀တ်နှာခေါင်းစည်းများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မိုးညှင်းခရိုင်ဦးစီးမှူးရုံးမှ ယနေ့တွင် သွားရောက်ထောက်ပံ့ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ကြရန်လည်း အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တနိုင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လီဒိုလမ်းမကြီးပေါ်ရှိ အုတ်ခုံသံကူကွန်ကရစ်တံတားတစ်စင်း ရေတိုက်စား၍ ကျွံကျပျက်စီး

**တနိုင်း စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက်မှ စ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၅ ရက်နံနက်ပိုင်းမှစကာ နေရာတချို့၌ လမ်းသားပျက်စီးမှုများ၊ လမ်းမကြီးရေကျော်မှုများဖြစ်ပွားလျက်ရှိသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း လီဒိုလမ်းမကြီး မိုင်တိုင်အမှတ် KM-123 နှင့် KM-125+500 ကြားတွင် ယမန်နေ့က အရှည်ပေ ၆၅၀၀ ခန့်၊ အနက်နှစ်ပေ ခွဲခန့် လမ်းရေကျော်မှုဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် တစ်ပေခန့် ကျဆင်းသွားပြီး တနိုင်းမြို့အဝင် အောင်စိုးမိုးကျေးရွာအနီး လီဒိုလမ်းမကြီးပေါ်တွင် အကျယ်ပေ ၃၀၀၀၊ အနက်နှစ်ပေခန့်၊ တနိုင်း-မိုင်းခွန်လမ်း မိုင်းခွန်ကျေးရွာအုပ်စု ဂျိုဆာဒီးကျေးရွာတွင် အကျယ်ပေ ၁၅၀၀၊ အနက်နှစ်ပေခန့် ရေကျော်နေသောကြောင့် တနိုင်း-မိုင်းခွန် ယာဉ်သွားလာမှု ပြတ်တောက်လျက်ရှိသည်။

တနိုင်းမြို့နှင့် ရှင်ဗွေယန်မြို့ကြားရှိ တဝမ်ချောင်းရေ ရေတိုက်စားမှုကြောင့် ပေ ၂၀၀ ခန့် ရေတိုက်စားမှုဖြစ်ပြီး လမ်းဟောင်းအားလုံး တိုက်စားခံရကြောင်း၊ မိုးဒဏ်ဖြင့် တည်ဆောက်ဖောက်လုပ်ထားသော လမ်းသစ်သည်လည်း ပေ ၃၀ ခန့် ရေတိုက်စား ပြတ်တောက်မှုဖြစ်ပြီး အရှည်ပေ ၂၀၀ ခန့် လမ်းရေကျော်လျက်ရှိရာ တနိုင်း-ရှင်ဗွေယန် ယာဉ်များသွားလာမှု ပြတ်တောက်လျက်ရှိသည်။

တနိုင်းမြို့ပေါ် ရပ်ကွက်များ ပုန်ခုန်းရပ်ကွက်နှင့် ဆင်မ်ဆာ့ ရပ်ကွက်တို့တွင် တနိုင်းချောင်းရေမြင့်တက်လာမှုကြောင့် နေအိမ်များတွင် ရေဝင်လျက်ရှိသည်။ တနိုင်း-မိုင်းခွန်လမ်း ဂျိုဆာဒီးကျေးရွာတွင် လမ်းရေကျော်မှုမှာ အရှည်သုံးမိုင်ခန့်၊ အနက်နှစ်ပေ ခြောက်လက်မခန့် ရှိကြောင်း၊ မိုင်းခွန်ကျေးရွာအုပ်စု ရေနံကုန်းကျေးရွာနှင့် ရွာသစ်ကုန်းကြားတွင် အရှည်ပေ ၈၀၀ ခန့်၊ အနက်နှစ်ပေခန့် လမ်းရေကျော်မှု ထပ်မံဖြစ်ပွားလျက်ရှိသည်။ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း လီဒိုလမ်းမကြီး ပုန်ခုန်း(ကွက်သစ်)ရပ်ကွက်နှင့် ဆင်မ်ဆာ့(ကွက်သစ်)ရပ်ကွက်ကြား ပျော်ပျော်စံ စားသောက်ဆိုင်ရှေ့ရှိ ကမ်းကပ်အုတ်ခုံ ကွန်ကရစ်တံတား အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေမှာ ယနေ့မွန်းတည့် ၁၂ နာရီခွဲခန့်က ရေတိုက်စား၍ ကျွံကျပျက်စီးသွားပြီး ကွန်ကရစ်လမ်း အရှည်ပေ ၂၀ ခန့် ကျိုးပြတ်သွားသဖြင့် မြို့နယ်လမ်းဦးစီးဌာနက လမ်းကြောပြတ်တောက်မှုမရှိစေရေး ဘေလီသံပေါင်တံတားများဖြင့် ယာယီတံတားတည်ဆောက်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။



ဝါဝါ(ပြန်/ဆက်)

## တောင်သာမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်

**တောင်သာ စက်တင်ဘာ ၂၇**

မြင်းခြံခရိုင် တောင်သာမြို့နယ် ဇဂျမ်းရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်စံလှဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကန်မြဲရွာ ရေလည်ဘုန်းကြီးကျောင်းတွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။

အလားတူ တောင်သာ၊ ရုံးစည်ကြီး၊ ဇဂျမ်းရဲစခန်းများကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် နှာခေါင်းစည်းဖြန့်ဝေခြင်းနှင့် လက်ဆေးကြရန် ပညာပေးလှုံ့ဆော်ပြီး အိမ်အပြင်အတတ်နိုင်ဆုံး မထွက်ကြရန် ပညာပေးလျက်ရှိကြောင်း သိရသည်။

ဒွေးမြင့်မောင်

## ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေး အသိပညာပေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုးမြို့မရဲစခန်းမှူး ဒုရဲမှူး မြသောင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရတနာဒီပရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းမကြီးပေါ်တွင် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အသိပညာပေး ဟောပြောပြီး နှာခေါင်းစည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

သူဇာလှိုင် (စက်မှု)

## ကွမ်းလုံမြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးသွားသော သီးနှံများအတွက် စပါးမျိုးစေ့များ ပြန်လည်ထောက်ပံ့

**ကွမ်းလုံ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ် ကုန်းညောင်ကျေးရွာအုပ်စုနှင့် ကောင်းကျဲကျေးရွာအုပ်စုတွင် သံလွင်မြစ်နှင့် နမ့်တိန်ချောင်းရေမြင့်တက်လာမှုကြောင့် စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ယာစပါးမျိုးစေ့ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကောင်းကျဲကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ကွမ်းလုံမြို့နယ်တွင် ဇွန်လက သံလွင်မြစ်နှင့် နမ့်တင်ချောင်း ရေမြင့်တက်လာမှုကြောင့် ယာစပါးစိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်း စုစုပေါင်း ၂၉၇ ဧက နစ်မြုပ်ခဲ့ရာ ၁၅၉ ဒသမ ၃၂ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ နစ်မြုပ်ဆုံးရှုံးခဲ့သော ကုန်းညောင်ကျေးရွာအုပ်စုမှ တောင်သူငါးဦးနှင့် ကောင်းကျဲကျေးရွာအုပ်စုမှ တောင်သူ ၁၁၈ ဦးကို တစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် ယာစပါး ၁၅၉ ဒသမ ၃၂ ဧကအတွက် တင်း ၂၄၀ အား တောင်သူလက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုင်းခိုင်ဇော်(ကွမ်းလုံ)



## ချီဖွေ - မြစ်ကြီးနားကားလမ်း မြေစာပြိုကျမှုများ ဖယ်ရှားပြီးဖြစ်၍ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်

**ချီဖွေ စက်တင်ဘာလ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့မှ သုံးမိုင်ခန့်အကွာ ချီဖွေ-မြစ်ကြီးနားကားလမ်းပေါ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းဘေးမြေစာများပြိုကျမှုဖြစ်ပွားခဲ့ရာ စက်တင်ဘာ ၂၆ ရက်က မော်တော်ကားလမ်း ယာယီပြတ်တောက်မှုဖြစ်ပွား၍ မြို့နယ်လမ်းဦးစီးဌာနမှ Loader ယာဉ်တစ်စီးဖြင့် လမ်းဘေးပြိုကျမြေစာများအား ရှင်းလင်းဆောင်ရွက် ပြီး မွန်းလွဲ ၂ နာရီခွဲက ချီဖွေ- မြစ်ကြီးနားကားလမ်းတွင် ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ချီဖွေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချီဖွေမြို့မှ ခြောက်ဖာလုံခန့်အကွာတွင် လမ်းဘေးမြေစာများ ပြိုကျမှုဖြစ်ပွားခဲ့၍ ချီဖွေ-ပန်ဝါလမ်းသွားလာမှု ယာယီပြတ်တောက်ခဲ့ရာ ယင်းနေ့တွင် မြို့နယ်လမ်းဦးစီးဌာနမှ Loader ယာဉ်တစ်စီးဖြင့် လမ်းဘေးပြိုကျမြေစာများအား ရှင်းလင်းဆောင်ရွက်ရာ ည ၇ နာရီတွင် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ ချီဖွေ-မြစ်ကြီးနားမော်တော်ကားလမ်းနှင့် ချီဖွေ-ပန်ဝါမော်တော်ကားလမ်းများ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်နန်းဒင်မြို့အဝင်ရှိ လူကူးကြိုးတံတားတစ်စင်း ရေမျောပါ ဒေသခံများနှင့်ခရီးသွားလာသူများ အခက်အခဲကြုံတွေ့နေရ

**ပန်နန်းဒင် စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့ မြို့အဝင်ရှိ နမ့်တမိုင်ချောင်းကူးကြိုးတံတားမှာ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် တောင်ကျချောင်းရေများ မြင့်တက်လာကာ မျောပါပျက်စီးသွားကြောင်း သိရသည်။

ယင်းကြိုးတံတားမျောပါ ပျက်စီးမှုကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားလာသူများ အခက်အခဲဖြစ်ကာ တံတားသစ်အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ရန် မျှော်လင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ထိုနမ့်တမိုင်လူကူးကြိုးတံတားမှာ အလျား ၃၇၅ ပေ၊ အနံ ခြောက်ပေခန့်ရှိ ပျဉ်ခင်းလူကူးကြိုးတံတားဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် နမ့်တမိုင်ချောင်းကမ်းပါးပေါ်ရှိ ဈေးဆိုင်ခန်းသုံးခန်းမှာ ရေမျောပါပျက်စီးသွားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

နော်ယော်ဘော်(ပြန်/ဆက်)

# ကမာရွတ်မြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာ ခုနစ်နေရာအထိ တိုးချဲ့ဖွင့်လှစ်

**ရန်ကုန်  စက်တင်ဘာ ၂၇**

ကိုဗစ်- ၁၉ သံသယလူနာများနှင့် လူနာနှင့် ထိတွေ့ဆက်စပ်မှုရှိသူများ ထားရှိနိုင်ရေးအတွက် ကမာရွတ်မြို့နယ်အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာ ခုနစ်နေရာအထိ တိုးချဲ့ဖွင့်လှစ်ထားကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအထောက်အကူပြုကော်မတီထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော အမရာဆောင်၊ သံဗျင်ဆောင်၊ အဓိပတိဆောင်၊ ဇေကရီ (၁) နှင့် ဇေကရီ (၂) စသော ကန့်သတ်စောင့်ကြည့်ရာနေရာ ငါးနေရာနှင့် မြို့နယ်အလိုက်ဖွင့်လှစ်သော အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာ နှစ်နေရာတို့ကို ဖွင့်လှစ်ထားပြီး အသွားအလာ ကန့်သတ်စောင့်ကြည့်လျက်ရှိသည်။

"ကျွန်တော်တို့မြို့နယ်အနေနဲ့ အသွားအလာကန့်သတ်စောင့်ကြည့်တဲ့နေရာစင်တာ နှစ်နေရာရှိပါတယ်။ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းကိုတော့ ထိတွေ့ဆက်စပ်မှုရှိတဲ့ လူနာတွေကို ထားပြီး အမက (၂)မှာတော့ သံသယလူနာတွေ ထားရှိပါတယ်။ မြို့နယ်အဆင့်အနေနဲ့ အာခေါင်၊ နှာခေါင်းတို့ဖတ်ရယူပြီး ပိုးတွေ့ရှိသူတွေကိုတော့ ဆက်လက်ကုသဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးလင်းအောင်က ပြောသည်။

မြန်မာနိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက် ဧပြီလမှစတင်ကာ ကမာရွတ်မြို့နယ်၌ အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာကို ရန်ကုန်တက္ကသိုလ်စာတိုက်ဝင်းအတွင်းရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် စတင်ဖွင့်လှစ်ပြီး ယခုအခါ ဒုတိယအကြိမ် ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာကို စက်တင်ဘာ ဒုတိယပတ်အတွင်း ပြန်လည်ဖွင့်လှစ်ရာ ထားရှိနိုင်သော လူနာအရေအတွက် ထက် များပြားလာသည့်အတွက် မြို့နယ်အတွင်းရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၌ လူနာများ ထပ်မံလက်ခံခြင်းဖြစ်ကြောင်း သိရသည်။

ကမာရွတ်မြို့နယ် အမက (၂) တွင် လူနာအရေအတွက် ၁၀၀ နီးပါးထားရှိနိုင်ပြီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် လူနာဦးရေ ၃၀၀ နီးပါး ထားရှိနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သံသယနှင့်ထိတွေ့ဆက်စပ်လူနာဦးရေ များပြားလာသည့်အတွက် မြို့နယ်အတွင်း နေထိုင်သူများသာမက အခြားမြို့နယ်များမှ လူနာများပါ လက်ခံထားရှိပေးထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




# စလင်းမြို့နယ် စလင်းတမံအတွင်း ငါးမျိုးစိုက်ထည့်

**မကွေး  စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ပွင့်ဖြူငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ သဘာဝရေပြင်နှင့် ဆည်တမံများအတွင်း ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယမန်နေ့က ကျင်းပရာ စလင်းမြို့နယ် စလင်းတမံတွင် ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းနှင့် တက်တူတမံတွင် ငါးခုံးမကြီးကောင်ရေ ငါးသောင်းတို့ကို ခရိုင်ဦးစီးမှူး ဦးတင်ထွန်း၊ ပွင့်ဖြူ မြို့နယ် ဦးစီးမှူး ဦးသိန်းကိုကိုထွန်း၊ ဆည်တာဝန်ခံ ဦးခိုင်ထွန်း၊ ပွင့်ဖြူ စခန်းတာဝန်ခံ ဦးညာဏ်ဝင်းနှင့် ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ငါးမျိုးများ စိုက်ထည့်ကြောင်း သိရသည်။ **သတင်းစဉ်**



## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၂ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၁ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၁ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၄ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၅၂၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၆၆ | ၆၅၃၄၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၇၁၁ | ၂၅၉၉၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၉၄၃၁ | ၂၁၆၈၄၃၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၈၅ | ၄၉၉၆၅၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၄၅ | ၁၃၅၀၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE

# ကျွန်တော်နဲ့လူငယ်များ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကျွန်တော်က လူငယ်တွေကို ချစ်တယ်၊ အားကိုးတယ်၊ ယုံကြည်တယ်၊ အခွင့်အရေးရတိုင်း သူတို့တစ်တွေနဲ့ ထိတွေ့ဆက်ဆံနိုင်အောင် ကြိုးစားတယ်။ ဒါကြောင့်လည်း အခုချိန်အထိ အခွင့်အရေးရတိုင်း စာသင်တယ်။ ဟောပြောပွဲတွေ လုပ်ဖြစ်တယ်။ ကိုဗစ်- ၁၉ ကာလ ခြောက်လအတွင်း အွန်လိုင်းကတစ်ဆင့် လုပ်ပေးခဲ့တယ်။ အရင်တုန်းကထက်ပိုပြီး ဆောင်ရွက်နိုင်ခဲ့တယ်။ အခုရော၊ အရင်ကရော ဟောပြောပွဲတွေမှာ လူငယ်တွေစိတ်ဝင်တစား တက်ကြတယ်။ လူကြီးတွေအနေနဲ့ အချိန်မရလို့ထင်ပါရဲ့။**

### ပြောင်းလဲမှုကိုဦးဆောင်တာ လူငယ်တွေ

အမှန်တော့ လူငယ်တွေဟာ တက်ကြွတယ်၊ ရဲရင့်တယ်၊ သတ္တိရှိကြတယ်။ မြန်မာ့လွတ်လပ်ရေးရဖို့ ရဲဘော်သုံးကျိပ်တွေရဲ့ ပျမ်းမျှအသက်ဟာ ၃၀ အောက်၊ သူတို့ရဲ့ဦးဆောင်မှုကြောင့် ကျွန်တော်တို့နိုင်ငံ ကျွန်ဘဝက လွတ်မြောက်ခဲ့တာ ဖြစ်တယ်။ ခေတ်အဆက်ဆက်မှာ ပြုပြင်ပြောင်းလဲမှုကို ဦးဆောင်ကြသူတွေက လူငယ်တွေပဲ ဖြစ်တယ်။ တည်ဆဲအခြေအနေတစ်ခုကို အမြဲစိန်ခေါ်ရဲတဲ့စိတ်ရှိတယ်။ လူငယ်တွေနဲ့ ပတ်သက်ပြီး လူကြီးတွေအနေနဲ့ အယူအဆ အမြင်တွေပြုပြင်ဖို့ လိုအပ်မှာဖြစ်တယ်။ တချို့က ကိုယ်ကိုယ်တိုင် လူငယ်ဖြစ်ခဲ့တာ မေ့နေဟန်တူကြတယ်။

လူငယ်တွေတွေ့ရင် လူကြီးတွေက ဆုံးမဩဝါဒပေးလိုတဲ့ စိတ်တွေက အလိုလိုပေါ်လာတယ်။ ကျွန်တော့်ကို တစ်ခါတလေ ဆုံးမဩဝါဒပေးပါလို့ ပြောလာရင် သိပ်အားနာမိတယ်။ ကိုယ့်စိတ်ထဲမှာ မလုံခြုံပါဘူး။ လူငယ်တွေကို ဆုံးမဖို့ဆိုတာထက် သူ့ကိုယ်သူ အဆုံးအဖြတ်ပေးတတ်တဲ့စိတ်ရှိအောင် ပြုစုပေးရမှာ၊ အားပေးရမှာသာဖြစ်တယ်။ အမှန်တော့ ကိုယ်ပိုင်စဉ်းစားခွင့်ရှိရမယ်။ စဉ်းစားဆုံးဖြတ်တတ်အောင် အားပေးရမှာ ဖြစ်တယ်။ သွားလိုတဲ့ ဦးတည်ချက်ကို ဆုံးဖြတ်ပြီး လမ်းကြောင်းကို ကိုယ်ကိုယ်တိုင် ရွေးချယ်ရမှာသာ ဖြစ်တယ်။

လူကြီး၊ လူငယ်ထိတွေ့မှု အများဆုံးက မိသားစုအတွင်းဖြစ်တယ်။ တစ်ဖက်မှာလည်း ဆရာနဲ့ တပည့်ဆက်ဆံရေးမှာလည်း ဆုံရ၊ တွေ့ရ၊ လှုပ်ရှားရတာများတယ်။ ဆရာ၊ တပည့်ဆက်ဆံရေးကိုလည်း ပြန်သုံးသပ်ဖို့ လိုအပ်တယ်။ ယဉ်ကျေးမှုအရ ဆရာ ဆရာမတွေကို မိဘနဲ့ တစ်ဂိုဏ်းတည်းထားပြီး ရိုသေလေးစားမှုပေးတာ အလွန်မြတ်နိုးစရာ ကောင်းလှတာ ဖြစ်တယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကာလက အမေရိကန်နိုင်ငံက စီးပွားရေးနိုဗယ်ဆုရှင် ပါမောက္ခစတီဂလစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ကျင်းပတဲ့ အာစရိယပူဇော်ပွဲ တက်ရောက်ခဲ့တယ်။ ဆရာ ဆရာမတွေကို ကျောင်းသားကျောင်းသူတွေစုဝေးပြီး ထိုင်ကန်တော့ကြတော့ ဆရာကြီးက သူ့ဘဝမှာ ဒီလိုအတွေ့အကြုံ လုံးဝမရှိခဲ့ကြောင်း မှတ်ချက်ပေးပြီး ချီးမွမ်းခဲ့တယ်။ ဒီဓလေ့ထုံးစံတွေဟာ တန်ဖိုးထားစရာ၊ မြတ်နိုးစရာ၊ ကြည်နူးစရာ ဓလေ့ထုံးစံတွေ ဖြစ်တယ်။

### ဆရာ ဆရာမဆိုတာ ပျိုးထောင်ပေးရမှာ

တစ်ဖက်မှာတော့ ဆရာ ဆရာမတွေရဲ့ တာဝန်ဝတ္တရားတွေဟာ သမားရိုးကျမဟုတ်တော့ဘဲ ခေတ်နဲ့အညီ ဆောင်ရွက်ဖို့ လိုအပ်လာတာ တွေ့ရတယ်။ သင်ကြားမှု အရေးပါမှုထက် ကျောင်းသားနဲ့ ဆရာ အတူလက်တွဲပြီး ပညာရေးခရီးကို လျှောက်ရမှာ ဖြစ်တယ်။ အသိဉာဏ်တွေကို ဆရာ ဆရာမ တွေကသာ ပိုင်ဆိုင်တာ မဟုတ်တော့ဘဲ ပညာလိုချင် သူတိုင်း ရှာဖွေပြီး လက်လှမ်းမီနေတာကို လက်ခံရမယ်။ လူငယ်တိုင်းလိုလို လက်ထဲမှာ လက်ကိုင်ဖုန်းတွေ ကိုင်ထားကြတယ်။ ဒီလက်ကိုင်ဖုန်းကတစ်ဆင့် ကိုယ်သိချင်တာကို ချက်ချင်းရှာဖွေနိုင်တယ်။ ဆရာ ဆရာမတွေက တစ်ဆင့်သာရတဲ့ အနေအထား မဟုတ်တော့တာ တွေ့ရတယ်။ ကျွန်တော့်သမီးက အိမ်မှာ အလှမွေးဖို့ ငါးတွေ၊ လိပ်တွေ မွေးထားတယ်။ တစ်ခုခု ဖြစ်ရင် သူ့လက်ကိုင်ဖုန်းကတစ်ဆင့် ချက်ချင်းအဖြေရှာပြီး လိုအပ်တဲ့ပြုစုမှုတွေ လုပ်ပေးတယ်။ အခုခေတ်မှာ အသိပညာကို ကြိုက်တဲ့နေရာ၊ ကြိုက်တဲ့အချိန်မှာ၊ ကြိုက်တဲ့ပုံစံနဲ့ ရှာဖွေနိုင်တယ်။ ဒါကြောင့် ဆရာ ဆရာမတွေအနေနဲ့ လိုချင်တဲ့အသိတွေကို ဘယ်နေရာမှာ ရှာဖွေနိုင်ဖို့ လမ်းညွှန်မှုပေးနိုင်စွမ်းရှိရမှာ ဖြစ်တယ်။ သင်ရုံသက်သက်မဟုတ်တော့ကြောင်း အင်တာနက်ကြောင့် ဆရာ ဆရာမတွေရဲ့ တာဝန်တွေအခြေခံက ပြောင်းလဲသွားတာတွေ့ရတယ်။ ပညာကို သိလိုတတ်လိုတဲ့စိတ်ကို ပြုစုပျိုးထောင်ပြီး လမ်းညွှန်သွားရမှာသာ ဖြစ်ပါတယ်။

အရင်တစ်ပတ်က လူငယ်တွေအတွက် ကျွန်တော်

> **“ရည်မှန်းချက်အိပ်မက်တွေက လူငယ်တွေအတွက် မရှိမဖြစ်တဲ့အရာတွေ ဖြစ်ပါတယ်။ ဖြစ်ချင်တဲ့ဆန္ဒတွေဟာ လောဘမဟုတ်ကြောင်း သတိပြုရမယ်။ ဝိသမလောဘမဟုတ်ဘဲ သမလောဘဖြစ်တယ်။ လူငယ်တွေဟာ ကိုယ့်အတွက်မဟုတ်ဘဲ အများအတွက် အသက်ရှင်ရမယ်၊ အလုပ်အကျွေးပြုရမယ်။ အများအတွက် ဆောင်ရွက်ခြင်းဟာ ဘဝတန်ဖိုးသာ ဖြစ်ပါတယ်”**

အခုခေတ်မှာ ခေတ်စားလှတဲ့ Zoom နည်းပညာသုံးပြီး လူငယ်တွေအတွက် ဟောပြောပွဲလုပ်ပေးခဲ့တယ်။ ဇနီးလုပ်သူက ရန်ကုန် YWCA မှာ ဒုတိယဥက္ကဋ္ဌ တာဝန်ယူထားတယ်။ သူနဲ့အတူ ဒီအသင်းကြီးမှာ လူငယ်တွေနဲ့ ပတ်သက်တဲ့ စီမံချက် တာဝန်ခံဒေါက်တာ သက်သက်တင်က စီမံချက်မှာ တာဝန်ယူနေတဲ့ လူငယ်တွေအတွက် ဟောပြောပွဲတစ်ရပ်လုပ်ပေးဖို့ ဇနီးကတစ်ဆင့် တောင်းခံလာခဲ့တယ်။ ကျွန်တော်က ကြည်ကြည်ဖြူဖြူနဲ့ လက်ခံသဘောတူခဲ့တယ်။ လူငယ်တွေနဲ့ ထိတွေ့ရမယ့် အခွင့်အရေးကို လက်မလွှတ်ဘဲ လုပ်ပေးချင်တယ်။ လုပ်ခွင့်ရတာကို ကျေးဇူးတင်မိတယ်။ ဒေါက်တာ သက်သက်တင်ကလည်း လူငယ်တွေအတွက် ခွန်အားရစေဖို့ “လှပတဲ့အနာဂတ်အတွက် ရည်မှန်းချက် ချမှတ်ဖော်ထုတ်ခြင်း” ခေါင်းစဉ်နဲ့ ဟောပြောပေးဖို့ မေတ္တာရပ်ခံခဲ့တယ်။ ကျွန်တော်က ဒီခေါင်းစဉ်ကို နှစ်သက်တယ်။ အခြေခံအချက်နှစ်ချက်ကြောင့်ဖြစ်တယ်။ ပထမအချက်ကတော့ လူငယ်တွေအတွက် လှပတဲ့အနာဂတ်။ အမှန်တော့ ဒီအနာဂတ်ကို ဖော်ထုတ်ဖို့ လူကြီးတွေမှာ တာဝန်ရှိတယ်။ လူငယ်တွေအတွက် အနာဂတ်ရှိရမယ်။ ရှိတဲ့ အနာဂတ်ဟာ လှပရမယ်၊ ပြည့်စုံရမယ်။ အနာဂတ်ဆိုတာ မျှော်လင့်ချက် ဖြစ်တယ်။ ဒုတိယအချက်ကတော့ ရည်မှန်းချက် ဖော်ထုတ်ချမှတ်ခြင်း ဖြစ်တယ်။ လူတိုင်းဟာ ဘဝရည်မှန်းချက်နဲ့ နေ့စဉ်အသက်ရှင်ဖို့ လိုအပ်ပါတယ်။

### လိုချင်တဲ့ဘဝကို ရည်မှန်းချက်ချမှတ်ခြင်း

ကျွန်တော့်ရဲ့ တင်ပြချက်ကို အပိုင်းငါးပိုင်းခွဲပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။ ပထမပိုင်းမှာ ရည်မှန်းချက်ဖော်ထုတ်သတ်မှတ်ခြင်း ဖြစ်ပါတယ်။ အမှန်တော့ ရည်မှန်းချက်တွေချမှတ်ခြင်းဟာ မမြင်နိုင်တဲ့အရာကို မြင်သာထင်ရှားအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ ရည်မှန်းချက်ချမှတ်မှုဟာ မိမိလိုချင်တဲ့ အနာဂတ်ကို ရုပ်လုံးဖော်ခြင်းဖြစ်တယ်။ လူငယ်တွေအနေနဲ့ မိမိလိုချင်တဲ့ဘဝကို ရည်မှန်းချက်မဲ့ပြီး မလှုပ်ရှားသင့်ပါဘူး။ မိမိလိုချင်တဲ့ဘဝကို ပုံဖော်ရမယ်။ အရေးကြီးတဲ့အချက်က စိတ်ကူးယဉ်မှုဖြစ်တယ်။ မိမိဖြစ်ချင်တဲ့ ဘဝကို စိတ်ကူးယဉ် တွေးမြင်ရဖို့ လိုအပ်တယ်။ မနက်ဖြန်အတွက်၊ နောင်ငါးနှစ်၊ ၁၀ နှစ်အတွက် စဉ်းစားတတ်ဖို့လိုအပ်တယ်။ အရေးကြီးဆုံးအချက်က အသိပညာပဲ ဖြစ်တယ်။ ဒါကြောင့် လူငယ်တွေကို ကျွန်တော်က ပညာသိပ်တတ်စေချင်တာ၊ ပညာလို့ ပြောရာမှာ အတန်းပညာတစ်ခုတည်း မဟုတ်ဘဲ ဘဝပညာကိုလည်း ပြည့်စုံချင်လှပါတယ်။

### အရေးကြီးတာက အနာဂတ်

ဒုတိယပိုင်းမှာ အနာဂတ်ရဲ့ဆွဲအားကို တင်ပြခဲ့တယ်။ လူတွေဟာ အတိတ်ဘဝမှာနေပြီး ရှင်သန်နေကြတယ်။ တစ်ချိန်က အကြောင်းတွေနဲ့ နစ်မွန်းနေတတ်ကြတယ်။ တကယ်တော့ အတိတ်ဟာ ပြီးခဲ့တဲ့အရာတစ်ခုသာ ဖြစ်တယ်။ ပြုပြင်နိုင်မယ့် ကိစ္စမဟုတ်ပါဘူး။ အရေးကြီးတာက အနာဂတ်ဖြစ်တယ်။ အနာဂတ်ဟာ အိပ်မက်တွေ၊ ရည်ရွယ်ချက်တွေ၊ ဦးတည်ချက်တွေနဲ့ တည်ဆောက်ရမှာ ဖြစ်တယ်။ အနှောင့်အယှက်တွေ၊ အတားအဆီးတွေကြားက မိမိလိုချင်တဲ့အနာဂတ်ကို ပုံဖော်ရမှာဖြစ်တယ်။ ရည်မှန်းချက်တွေဟာ သံလိုက်နဲ့ သဏ္ဌာန်တူတယ်။ ဆွဲဆောင်မှုရှိတယ်။ ရည်မှန်းချက် ကြီးမားလေလေ ဆွဲဆောင်မှုအင်အားများလေလေ ဖြစ်ပါတယ်။ အခက်အခဲတွေ၊ ပင်ပန်းမှုတွေ၊ အာရုံပျံ့နှံ့မှုတွေကို မြင့်မားတဲ့ ရည်မှန်းချက်တွေနဲ့ တားဆီးရမှာသာ ဖြစ်ပါတယ်။ ရည်မှန်းချက်တွေဟာ မိမိဖြစ်ချင်တဲ့ ရူပါရုံတွေဖြစ်တယ်။ ကိုယ်သွားလိုတဲ့ ခရီး၊ ကိုယ်ဖြစ်ချင်တဲ့အရာတွေ ဖြစ်တယ်။ ရည်မှန်းချက်တွေ ချမှတ်ပြီး မိမိရဲ့ဘဝကို ပြောင်းလဲရမှာသာ ဖြစ်တယ်။ အမှန်တော့ မိမိဘဝကို မိမိသာပိုင်ဆိုင်တာဖြစ်တယ်။ အနာဂတ်ဟာလည်း မိမိရဲ့အနာဂတ်သာ ဖြစ်ပါတယ်။ ရည်မှန်းချက်ချမှတ်တဲ့အခါ အားထည့်မှုရနိုင်မယ့် ရည်မှန်းချက်တွေဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ လွယ်လွယ်ကူကူနဲ့ ရတဲ့ ရည်မှန်းချက်တွေဟာ မိမိဘဝအတွက် အားပေးနိုင်စွမ်း မရှိနိုင်တာ တွေ့ရပါတယ်။

### တစ်ဖက်က ပစ္စုပ္ပန်ဘဝမှာလည်း ရှင်သန်

ရည်မှန်းချက်တွေဟာ မိမိကို အားပေးရမယ်။ ကိုယ်တိုင်ကလည်း ယုံကြည်မှု အပြည့်ရှိရမယ်။ လိုချင်တမ်းတတဲ့ ရည်မှန်းချက်ကိုရဖို့ ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်။ မိမိဘဝနဲ့ပတ်သက်ပြီး ကာလရှည်အမြင်ရှိသလို တစ်ဖက်မှာလည်း ပစ္စုပ္ပန်ဘဝမှာ ရှင်သန်ဖို့ လိုအပ်ပါတယ်။ အနာဂတ်အတွက် အိပ်မက်တွေမက်ဖို့ လိုအပ်သလို လက်ရှိဘဝမှာလည်း လှုပ်ရှားသွားရမှာ ဖြစ်တယ်။

တတိယပိုင်းမှာ အင်အားပြည့်စုံစွာ ရည်မှန်းချက်တွေ ချမှတ်ဖို့ စဉ်းစားရမယ့် အချက်လေးချက်ကို တင်ပြပေးခဲ့တယ်။ ရည်မှန်းချက်တွေဟာ ဘဝရဲ့လမ်းပြမြေပုံတွေဖြစ်ပြီး မိမိဘဝမှာ ဖြစ်နိုင်တာတွေကို ဖော်ထုတ်ခြင်း ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ မိမိရဲ့အခြေအနေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်။ ကိုယ်ဖြစ်ချင်တဲ့ အနာဂတ်နဲ့ ကိုယ်ရှိနေတဲ့အခြေအနေတွေကို သုံးသပ်ဆင်ခြင်ဖို့ လိုအပ်ပါတယ်။ ဒုတိယအချက်က အိပ်မက်တွေဖြစ်တယ်။ အိပ်မက်ဟာ အတိတ်နဲ့မပတ်သက်ဘဲ အနာဂတ်မှာ ကိုယ်ဖြစ်ချင်တာတွေကို ဖော်ထုတ်တာဖြစ်တယ်။ အမှန်တော့ မိမိဘဝမှာ ကိုယ်လိုချင်တဲ့အရာကို ကြည်ကြည်လင်လင်ပြတ်ပြတ်သားသား သိရှိနိုင်ဖို့ လိုအပ်တယ်။ ဘေးပတ်ဝန်းကျင်ကပေးတဲ့ ဖိအားတွေကြောင့် မဟုတ်ဘဲ ရင်ထဲက ပေါ်ထွက်လာတဲ့ ဆန္ဒတွေကို အခြေခံရမှာဖြစ်တယ်။ တတိယအချက်ကတော့ ရည်မှန်းချက်ချမှတ်ရာမှာ ပေတံငါးခုနဲ့ တိုင်းတာဖို့ လိုအပ်ပါတယ်။ ပထမပေတံကတော့ ရည်မှန်းချက်ဟာ တိကျဖို့လိုအပ်တယ်။ ပြတ်သားရမယ်၊ တိကျရမှာ။ ဒုတိယပေတံက ရည်မှန်းချက်တွေဟာ တိုင်းတာနိုင်ဖို့ လိုအပ်တယ်။ တတိယပေတံကတော့ ဖြစ်နိုင်ခြေရှိတာတွေကို သတ်မှတ်ရမှာ ဖြစ်တယ်။ စတုတ္ထပေတံက ပတ်သက်မှုရှိတာဖြစ်ဖို့ လိုအပ်ပြီး နောက်ဆုံးပေတံကတော့ အချိန်ကန့်သတ်ချက်အတွင်း ရအောင်ကြိုးစားရမှာ ဖြစ်ပါတယ်။

စတုတ္ထအပိုင်းကတော့ တာဝန်ယူ၊ တာဝန်ခံမှုဖြစ်တယ်။ မိမိရဲ့ဘဝမှာ ဖြောင့်မတ်တည်ကြည်မှုရှိဖို့ လိုအပ်ပြီး ရိုးသားဖြူစင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်က လူငယ်တွေကို ရိုးသားဖြူစင်ဖို့အမြဲတိုက်တွန်းပေးခဲ့တယ်။ အမှန်ကိုချစ်တတ်ရမယ်။ ချစ်ရမယ်၊ မတရားတာကို မုန်းရမယ်။ “အမှန်တရားသည် သင့်ကိုလွတ်လပ်စေတယ်”ဆိုတာကို မမေ့သင့်ပါဘူး။ ကျွန်တော်က လူငယ်တွေကို ရည်မှန်းချက်ချမှတ်ရာမှာ သုံးသပ်ဆင်ခြင်ဖို့ ဆက်လက်ပြီး တင်ပြခဲ့တယ်။ လူငယ်တွေမှာ စိတ်ငြိမ်တဲ့အချိန်တွေ သိပ်မရှိကြဘူး။ အားလုံးဟာ ရှုန်းကန်နေကြရတာ။ ပင်ပန်းနေကြတယ်၊ အလုပ်တွေ များနေကြတယ်။ ဒါကြောင့် စဉ်းစားတဲ့အချိန် မရှိကြဘူး။ စဉ်းစားတဲ့အချိန်တွေကို ရှာဖွေဖို့ လိုအပ်တယ်။ ရှာပြီး မိမိဖြစ်ချင်တဲ့၊ ရောက်လိုတဲ့ဘဝကို ရည်ရွယ်ချက်၊ ယုံကြည်မှုအပြည့်နဲ့ လျှောက်ရမှာ ဖြစ်ပါတယ်။

### ကိုယ့်ကိုယ်ကိုယ် နားထောင်တတ်ဖို့လိုအပ်

နောက်ဆုံးအပိုင်းမှာ အိပ်မက်တွေအကြောင်းကို နိဂုံးအပိုင်းမှာ ဆွေးနွေးခဲ့ပါတယ်။ လူသားတွေဟာ လှပတဲ့ အိပ်မက်တွေမက်ပြီး ဒီအိပ်မက်တွေအတိုင်း ဖြစ်ချင်တဲ့ဆန္ဒတွေ ရှိကြတယ်။ ဒါကြောင့် ကျွန်တော်က လူငယ်တွေကို မိမိရင်ထဲမှာ ကိန်းဝပ်နေတဲ့အိပ်မက်တွေကို သိစေချင်တယ်။ အမှန်တော့ ကိုယ့်ကိုယ်ကိုယ် နားထောင်ရမှာ ဖြစ်တယ်။ ရင်ထဲမှာရှိတဲ့အသိတွေ၊ အမြင်တွေ၊ အတွေးတွေကိုသိအောင် နားထောင်ဖို့ လိုအပ်လှပါတယ်။

ရည်မှန်းချက်အိပ်မက်တွေက လူငယ်တွေအတွက် မရှိမဖြစ်တဲ့အရာတွေ ဖြစ်ပါတယ်။ ဖြစ်ချင်တဲ့ ဆန္ဒတွေဟာ လောဘမဟုတ်ကြောင်း သတိပြုရမယ်။ ဝိသမလောဘမဟုတ်ဘဲ သမလောဘဖြစ်တယ်။ လူငယ်တွေဟာ ကိုယ့်အတွက် မဟုတ်ဘဲ အများအတွက် အသက်ရှင်ရမယ်၊ အလုပ်အကျွေးပြုရမယ်။ အများအတွက် ဆောင်ရွက်ခြင်းဟာ ဘဝတန်ဖိုးသာ ဖြစ်ပါတယ်။ ။

---

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် စက်တင်ဘာ ၂၇

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အချိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# အပင်စိပ်စိုက်ပျိုးနည်းစနစ်နှင့် ကြားခံကိုင်းကူးပင် အမျိုးမျိုးပေါ်တွင် စိန်တလုံးသရက်၏ အထွက်နှုန်းနှင့် အရည်အသွေးစမ်းသပ်ခြင်းပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

စိန်တလုံးသရက်သည် နိုင်ငံတကာဈေးကွက်ဝင် သရက်သီးမျိုးဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် သုတေသနဌာနစုမှ သုတေသနပညာရှင်များသည် အပင်စိပ်စိပ် စိုက်ပျိုးနည်းစနစ်နှင့် ကြားခံကိုင်းကူးပင် အမျိုးမျိုးပေါ်တွင် စိန်တလုံး၏ အထွက်နှင့် အရည်အသွေးကို လေ့လာခြင်း သုတေသနကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသုတေသနသည် စိန်တလုံးသရက်၏ အရည်အသွေးနှင့် တစ်ယူနစ်ဧရိယာတွင် အထွက်နှုန်းကောင်း ရရှိစေမည့် အပင်စိပ်စိပ် စိုက်ပျိုးနည်းစနစ်နှင့် သင့်လျော်သော ကြားခံကိုင်းကူးပင်မျိုးများကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ သုတေသန ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ သုတေသနတွင် အောက်ခံပင် (Stock) အဖြစ် မျောက်ခေါင်းသရက်(EB-1)ကို အသုံးပြုထားခြင်းဖြစ်ပြီး ကြားခံကိုင်းကူးပင်(Inter-stock)များအဖြစ် စိန်တလုံး၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် နန်းတော်မှိုင်းမျိုးတို့ကို အသုံးပြုထားခြင်းဖြစ်ကြောင်း၊ စိန်တလုံးပင် (Scion) များအား ပင်ကြားနှင့် တန်းကြား အကွာအဝေး သုံးမျိုးဖြစ်သည့် ရှစ်ပေ ပတ်လည်၊ ၁၀ ပေ ပတ်လည်နှင့် (၁၀ x ၁၂) ပေ တို့ဖြင့် ကိုင်းဆက် စမ်းသပ်စိုက်ပျိုးထားရာ တစ်ဧက ဝင်ဆံ့သည့် အပင်အရေအတွက်မှာ ၆၈၀၊ ၄၃၆ ပင်နှင့် ၃၆၃ ပင် အသီးသီး ဖြစ်ကြောင်း အဆိုပါ သုတေသနပညာရှင်များထံက သိရသည်။

ထိုကဲ့သို့ စိန်တလုံးသရက်ကို ကြားခံကိုင်းကူးပင်များဖြင့် ကိုင်းဆက်စိုက်ပျိုးခြင်းဖြင့် စိန်တစ်လုံးပင်၏ ကြီးထွားမှုကို နှေးစေကာ အပင်ပု စိန်တစ်လုံးမျိုးများကို ရရှိမည်ဖြစ်ပြီး ကိုင်းချိုင်ခြင်း၊ အသီးအိတ်စွပ်ခြင်း၊ ဆေးဖျန်းခြင်း၊ အသီးခူးခြင်းကဲ့သို့သော အပင်ပြုစုစောင့်ရှောက်ခြင်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် အပင်စိပ်စိပ်စိုက်ပျိုးခြင်းဖြင့် တစ်ဧကတွင် အပင်ဝင်ဆံ့မှု များပြားသည့်အတွက် တစ်ဧကမှ စိန်တလုံး သရက်သီးအထွက်နှုန်း ပိုမိုများပြားစေမည်ဖြစ်ခြင်းကြောင့် တစ်ဧကအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည့် နည်းလမ်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



သုတေသနလုပ်ငန်းများဆောင်ရွက်နေသော စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များ။

# မောက်မယ်ဒေသထွက် ရှောက်ချိုသီးများ ဈေးကွက်တွင် ဈေးကောင်းရလျက်ရှိ

**မောက်မယ် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်တွင် ဒေသထွက်ကုန်ဖြစ်သော ရှောက်ချိုသီးလှိုင်လှိုင်ပေါ်ချိန် ဈေးကွက်တွင် ဈေးကောင်းပေးဝယ်ယူသဖြင့် ရှောက်ချိုစိုက် တောင်သူများ အဆင်ပြေကြပြီး တောင်ကြီးဈေးကွက်သို့ ယာဉ်ကြီးယာဉ်ငယ်များဖြင့် တင်ပြီး ရွှေ့လျားရောင်းချခြင်းဖြင့်လည်း ပုံမှန်ဝင်ငွေများရရှိကာ တစ်ဆင့်ပြန်လည်ရောင်းချသူများအနေဖြင့်လည်း အဆင်ပြေလျက်ရှိသည်။



တောင်ကြီးဈေးကွက်တွင် ရှောက်ချိုသီး ရောင်းချသူများအနေဖြင့် အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၆၀၀၊ အလုံးလတ်တစ်လုံးလျှင် ငွေကျပ် ၅၅၀၊ အလုံးငယ်တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ရှောက်ချိုသီးပေါ်ချိန် တော်သလင်း၊ သီတင်းကျွတ်လတွင် မောက်မယ်မြို့၏ တောင်ဘက် ခြောက်မိုင်ကျော်ခန့်ရှိ နမ့်လွတ်ကျေးရွာအုပ်စု ဖာဟင်ကျေးရွာ၊ ကွန်ခံကျေးရွာ၊ ဝမ်နားကျေးရွာနှင့် ကဒူးလေး ကျေးရွာများ၌ အများအပြား စိုက်ပျိုးထားရှိသော ရှောက်ချိုစိုက်ခင်းများသို့ ရှောက်ချိုကုန်သည်များ သွားရောက်၍ ခြံလုံးပြတ် ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်

**ဆိပ်ဖြူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသော ကြက်သွန်နီများ ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှင့် ငွေကျပ် ၅၀၀ အောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ လက်ရှိကာလတွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။


ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံနှင့် မော်လမြိုင်၊ ပုသိမ်၊ ပြည်မြို့များ၊ နယ်စပ်လမ်းကြောင်းများဖြစ်သည့် မူဆယ်၊ မြဝတီ စစ်တွေမြို့များကို အဓိကထား တင်ပို့နေရကြောင်း၊ လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်တင်ပို့မှုလမ်းကြောင်း ပိတ်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများ ကြုံတွေ့ရသည်။

ပြည်တွင်းမြို့များ အချို့သာ တင်ပို့နေရသည့်အတွက် ယခင်နှစ်ထက် ကြက်သွန်နီ ဈေးနှုန်းကျဆင်းမှုဖြင့် ကြုံတွေ့နေရပြီး ဧပြီလမှ စက်တင်ဘာ လဆန်းပိုင်းအထိ ကြက်သွန်နီဈေးကွက်မှာ ဂျွန်ထိပ်စ ငွေကျပ် ၄၅၀ နှင့် ၅၀၀ ဝန်းကျင်သာ ဈေးအတက်အကျဖြင့် အရောင်းအဝယ် ဖြစ်ထွန်းခဲ့သည်နှင့်အတူ သိုလှောင်နိုင်မှု အားနည်းသော ကြက်သွန်နီစိုက်တောင်သူများသည် ရရာဈေးဖြင့်သာ ရောင်းချခဲ့ရသည်။

လက်ရှိအနေအထားတွင် ဒေသထွက် ကြက်သွန်နီကို ပြည်တွင်းစားသုံးမှုအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝယ်ယူမှုရှိလာသည့်အတွက် ကြက်သွန်နီ ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိကြက်သွန်နီ ရောရာဆိုက်စုံ ဂျွန်ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၊ ဂျွန်အောက်စ ငွေကျပ် ၇၀၀ ဝန်းကျင်ရှိသော်လည်း လက်ရှိဈေးနှင့်ဆိုလျှင် တောင်သူတို့၏ ကြက်သွန်နီ စိုက်ပျိုးစရိတ်၊ သိုလှောင်မှု အလျော့တွက်နှင့်တွက်လျှင် အရှုံးရှိနေဦးမည်ဖြစ်ကြောင်း၊ တစ်ပိဿာ ငွေကျပ် တစ်ထောင်ခန့်ဖြစ်လျှင် အရင်းမျှသာရှိမည်ဖြစ်ပြီး တောင်သူများကလည်း ကြက်သွန်နီ ရာသီမကုန်မီ၊ သီတင်းကျွတ်လ မတိုင်မီ လက်ရှိဈေးထက် ဈေးပိုမိုရရှိရန် မျှော်လင့်နေပြီး စိုက်ပျိုးတောင်သူလည်း အဆင်ပြေ၊ ကုန်သည်လည်း အဆင်ပြေမည်ဖြစ်ကြောင်း၊ နေ့စဉ်ရန်ကုန်ဈေး ရောင်းဝယ်မှုအပေါ် မူတည်၍ကြက်သွန်နီ ဈေးရောင်းဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ ဥသေးများကို နောက်တစ်လခွဲခန့်အကြာ သီတင်းကျွတ်လ လယ်ပိုင်းလောက်တွင် ကြက်သွန်စိုက်တောင်သူများ ပြန်လည်စိုက်ပျိုးကြမည်ဖြစ်သည်။

**ကိုဇွဲ(အညာမြေ)**



# ငဖဲမြို့နယ် ပင်ဦးကျေးရွာ၌ တွန်ဂလာ ၆၉၂ ငရုတ်မျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ငဖဲ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပင်ဦးကျေးရွာမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်လျက်ရှိရာ ကျေးရွာ၏ မြောက်ဘက်ရှိ လယ်မြေတွင် မြေအောက်ရေကို အသုံးပြုပြီး တွန်ဂလာ ၆၉၂ ငရုတ်မျိုးကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



တွန်ဂလာ ၆၉၂ ငရုတ်သီးမျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ W7 သီးနှံမျိုးစုံရောင်းဝယ်ရေး ကုမ္ပဏီမှ ဝယ်ယူရရှိကြောင်း၊ အပင်ပေါက်ပျိုးရန်အတွက် ပျိုးဗန်းမှာ မြေဩဇာ ထည့်သွင်းပျိုးရကြောင်း၊ ပျိုးပင်များ ၂၅ ရက်နှင့် ၄၅ ရက်သားကြားတွင် စိုက်ပျိုးရန်ပြုလုပ်ပြီးသား ပေါင်၌ မြေချစိုက်ပျိုးရပြီး တစ်ပတ်တစ်ကြိမ်ခန့် ရေသွင်းပေးရကြောင်း၊ အပင်ရက်သား နှစ်လဆိုလျှင် ငရုတ်သီးများ ခူးဆွတ်ရောင်းချရကြောင်း၊ ပိုးသတ်ဆေး၊ ဓာတုဆေးများ လုံးဝသုံးစွဲခြင်း မရှိကြောင်း၊ ရင့်မှည့်သော ငရုတ်သီးများကို W7 ကုမ္ပဏီသို့ ချိတ်ဆက်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၁၆၀၀ ခန့်အထိ ပေါက်ဈေးဖြတ်၍ တင်ပို့ရောင်းချရကြောင်း၊ ငရုတ်သီးများကို ခြောက်လမှ တစ်နှစ်အထိ ခူးဆွတ်ရောင်းချရကြောင်း၊ လယ်မြေ နှစ်ဧကမှာ ငရုတ်ပင်ပေါင်း ၁၅၀၀၀ ကျော် စိုက်ပျိုးထားရာ အရင်းအားဖြင့် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး ရောင်းအား သိန်း ၄၀ မှ ၅၀ ကြားရရှိ၍ အမြတ်များများ ကျန်ရှိကြောင်း ပင်ဦးကျေးရွာမှ ငရုတ်စိုက် တောင်သူ ဦးသန်းစိုးက ပြောသည်။ အဆိုပါငရုတ်သီးမျိုးကို အခြားကျေးရွာများတွင်လည်း စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# မြစ်သားမြို့နယ်တွင် ငှက်ပျောသီးအထွက်ကောင်းသော်လည်း ပွဲစားများအဝယ်မလိုက်သည့်အတွက် ရောင်းဈေးကျဆင်း

**မြစ်သား စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ညောင်ဝန်းကျေးရွာ ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောသီးအထွက်ကောင်းသော်လည်း ယခုကာလအတွင်း ပွဲစားများ အဝယ်မလိုက်သည့်အတွက် ရောင်းဈေးကျဆင်းလျက်ရှိကာ ဈေးကွက်တင်ပို့ရန်အခက်အခဲများရှိကြောင်း သိရသည်။

မြစ်သားမြို့နယ် ညောင်ဝန်းကျေးရွာတွင် စိုက်ပျိုးသည့်ငှက်ပျောမှာ ဖီးကြမ်း(ဖီးကြီး) အမျိုးအစား ဖြစ်ပြီး ယခင်နှစ် ဝါဆိုလတွင် စိုက်ပျိုးခဲ့ခြင်းဖြစ်ကာ ယခုနှစ် ဝါဆိုလတွင် ခုတ်ရောင်းနေရပြီဖြစ်သည်။ တစ်ဧက တစ်ပင်တန်းစိုက်လျှင် ငှက်ပျောစို့ပင်ရေ ၆၅၀ နှင့် တစ်ဧက နှစ်ပင်တန်းစွယ်စုံစိုက်လျှင် ငှက်ပျောစို့ပင်ရေ ၈၀၀ ခန့် စိုက်ရကြောင်း၊ တစ်ဧကအထွက်နှုန်းမှာ ငှက်ပျောအထွက်ကောင်းလျှင် အခိုင်ကြီး ၄၀ ပါ နွားလှည်း ၁၅ စီး၊ သင့်လျှင် ၁၃ စီး ထွက်ကြောင်းနှင့် စွယ်စုံငှက်ပျောဆိုလျှင် လှည်းစီးရေ ၁၈ စီးခန့်ထွက်ရှိပြီး ယခင်က ငှက်ပျောအခိုင် ၄၀ ပါ နွားလှည်းတစ်စီးကို ငွေကျပ်တစ်သိန်းခွဲရရှိသော်လည်း ယခုကာလအတွင်း ပွဲစားများက အဝယ်မလိုက်သည့်အတွက် ဈေးကွက်သို့တင်ပို့ရန် အခက်အခဲရှိသောကြောင့် ကိုယ်တိုင်ရွာစဉ်လှည့်ကာ လိုက်လံရောင်းချနေရပြီး ယခင်ကထက် ရောင်းဈေးကျဆင်းလျက်ရှိကြောင်း ငှက်ပျောစိုက်တောင်သူ ဦးကျော်သောင်းက ပြောသည်။

**ဆုမွန် (ပြန်/ဆက်)**

# ကိုယ်ပိုင်မိခင်မျိုးရိုးဗီဇစစ်စစ် ပိုင်ဆိုင်သော၊ နိုင်ငံတော်အတွက် အရေးပါသည့် မြန်မာ့နွားမျိုးများ

မောင်မိုး(မွေးကု)

### နွားမျိုးများ၏ မျိုးရိုးဆင်းသက်လာမှု ရာဇဝင်

နွားမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၅ သန်းကျော် ကျောက်ခေတ်ဦး (Palaeolithic age) ကာလတွင် တည်ရှိခဲ့သော အော်ရိချ် (Auroch) ခေါ် နွားရိုင်းများမှ ဆင်းသက်လာပြီး တဖြည်းဖြည်းနှင့် ယဉ်ပါးလာကြကာ အိမ်မွေးနွားမျိုးများအဖြစ် ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာပြီး စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများတွင် အသုံးပြုကြသည်ဟု မျိုးရိုးဗီဇ သုတေသနပညာရှင်များက လေ့လာရှာဖွေ ဖော်ထုတ်ခဲ့ကြပါသည်။ အိမ်မွေးနွားမျိုးများတွင် သမပိုင်းဒေသ၌ ကောင်းစွာရှင်သန်နိုင်သော နွားမျိုး (Bos taurus) နှင့် အပူပိုင်းဒေသတွင် ကောင်းစွာရှင်သန်နိုင်သော နွားမျိုး (Bos indicus) ဟူ၍ နှစ်မျိုးရှိပါသည်။ အိမ်မွေးနွားမျိုးများကို နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားစသည်ဖြင့် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် မွေးမြူကြပါသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာပေါ်၌ နွားကောင်ရေ စုစုပေါင်း ၁ ဒသမ ၀၀၂ ဘီလီယံ မွေးမြူလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အိမ်မွေးနွားမျိုးများကို လယ်ယာစိုက်ပျိုးရေးတွင်လည်းကောင်း၊ နို့ထုတ်လုပ်ရေးအတွက်လည်းကောင်း၊ အသားစားနွား မွေးမြူရေးအတွက်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးအတွက်လည်းကောင်း ရည်ရွယ်ချက်ပေါင်းများစွာဖြင့် ကျယ်ပြန့်စွာ မွေးမြူလျက်ရှိပါသည်။

### မြန်မာ့နွားမျိုးများ၏ နိုင်ငံတော်၏ဝင်ငွေအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်မှု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် မြန်မာ့နွားမျိုးများသည် ရှေးအစဉ်အဆက်ကပင် မွေးမြူခဲ့သော တိရစ္ဆာန်အရင်းအမြစ် (Animal resources) ဖြစ်ပါသည်။ ယခုအချိန်အခါတွင် မြန်မာ့နွားသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေ ရှာဖွေမှုအတွက် တစ်ဖက်တစ်လမ်းမှပါဝင်၍ တစ်နှစ်ထက်တစ်နှစ် တရားဝင်အခွန် ဘဏ္ဍာငွေများကို ရှာဖွေပေးလျက်ရှိသည်ဟု ဆိုလျှင်လည်း မှားမည်မထင်ပါ။ မြန်မာ့ ကျွဲ၊ နွားများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃၅ သန်းကျော်ကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၈၄ ဒသမ ၆၂ သန်းကျော်ကို လည်းကောင်း၊ ဘဏ္ဍာနှစ်နှစ်နှစ်အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၃၅ ဒသမ ၉၇ သန်းကျော်ကို နိုင်ငံတော်အတွက် ရှာဖွေပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ့နွားများမှ အာဟာရပြည့်ဝသော အသား၊ နို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ယနေ့အထိတိုင် အသုံးချလျက်ရှိသော လုပ်အား၊ စိုက်ပျိုးရေးတွင် အော်ဂဲနစ်မြေဩဇာအဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုသော မြန်မာ့နွားများ၏ နွားချေး စသည်များကို ထုတ်လုပ်ပေးလျက်ရှိသောကြောင့် နိုင်ငံတော်အတွက် အရေးပါလှပေသည်။

### မြန်မာ့နွားမျိုးများ

မြန်မာ့နွားမျိုးများကို နွားနီအုပ်စု၊ နွားပြာအုပ်စု၊ နွားနက်အုပ်စုနှင့် နွားဖြူအုပ်စုဟူ၍ အရောင်ပေါ်မူတည်ပြီး အုပ်စုခွဲ၍ အလွယ်တကူ ခေါ်ဆိုကြသည်ဟု ဆရာဦးအောင်စိုးက မြန်မာ့ကျွဲ မြန်မာ့နွားစာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ ထို့အပြင် ဒေသအခေါ်အဝေါ်ပေါ်မူတည်ပြီး မြန်မာ့နွားမျိုးများကို နွားနီအုပ်စုတွင် နွားနီ၊ နွားရွှေနီ၊ နွားကျစ်၊ နွားကျစ်နီ၊ နွားကျစ်ကျား၊ နွားနီထိပ်ကွက်၊ နွားနီမြီးစွပ်၊ နွားနီကျား၊ နွားနီရဲရဲတောက်၊ နွားဝါနီ၊ ချိပ်နီ၊ ပုစွန်ဆီ၊ အုန်းခွံ၊ ဇော်နီကွမ်းသွေး၊ နွားဝါ၊ နွားဝါဖွဲနုနှင့် နွားဝါခြောက်ဟူ၍ လည်းကောင်း၊ နွားပြာအုပ်စုတွင် နွားပြာစိမ်း၊ နွားပြာခြောက်၊ နွားပြာဝါ၊ နွားပြာဖြူ၊ နွားပြာကျား၊ နွားပြာထိပ်ကွက်၊ နွားပြာမြီးစွပ်၊ နွားပြာသံရောင်၊ နွားပြာနှမ်း၊ နွားပြာနီကွမ်းသွေးနှင့် နွားနှမ်း ဟူ၍လည်းကောင်း၊ နွားနက်အုပ်စုတွင် နွားနက်၊ ဩဇာချိပ်၊ သံရောင်ချိပ်၊ နွားနက်ကျား၊ နွားနက်စွပ်၊ နွားနက်ထိပ်ကွက်၊ နွားညိုသရောင်၊ နွားပြေ၊ နွားပြေညို၊ နွားပြေနီ၊ နွားပြေထန်းသီးနှင့် နွားပြေသံရောင် ဟူ၍လည်းကောင်း၊ နွားဖြူအုပ်စုတွင် စာအု၊ စံပယ်ဖြူ၊ စံပယ်၊ စာအုဝါ၊ စာအုဝါကျား၊ စာအုထိပ်ကွက်၊ စာအုပြာ၊ စာအုအုန်းခွံ၊ စာအုနှာပြောက်၊ စာအု မြီးတန်ကြောင်၊ စာအုမြီးစွပ်နှင့် စံပယ်နီ ဟူ၍လည်းကောင်း ဒေသအလိုက် ခေါ်ဝေါ်ကြပါသည်။ အခြားသော ဒေသအခေါ်အဝေါ်များလည်း ရှိနိုင်ပါသေးသည်။ ယင်းတို့သည် မျက်မြင်အားဖြင့် ရုပ်သွင်ပြင်လက္ခဏာ(အရောင်)ပေါ် မူတည်၍ ရှေးအစဉ်အဆက်ကတည်းက ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ မြန်မာ့နွားမျိုးများကို ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ နိုင်ငံအတွင်း တိရစ္ဆာန်ကွဲပြားခြားနားမှု သတင်းပေးစနစ် (Domestic Animal Diversity Information System, DAD-IS) တွင် ပြာစိမ်း၊ ရွှေနီကြီး၊ ရှမ်းနွားပု၊ ထားဝယ်နွား၊ ကျောက်ဖြူနွား၊ ကန်တုံတ (Kantonda) ဟူ၍ မှတ်တမ်းပေးပို့ထားရှိပါသည်။ ထို့အပြင် မွေးမြူရေးနည်းစနစ်နှင့် ပတ်သက်၍ ဒေသနွားမျိုး မြှင့်တင်မွေးမြူရေးနည်းစနစ်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်း ရေးသားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် သုတပဒေသာ (အသုံးချသိပ္ပံ) အမျိုးသားစာပေဆု ရရှိခဲ့သော "သဘာဝ ပတ်ဝန်းကျင်အကျိုးပြု နို့စားနွား မွေးမြူရေး" စာအုပ်တွင်လည်း ပြည့်စုံစွာ ဖော်ပြထားပါသည်။ သို့သော် ၂၀ ရာစုအထိ မော်လီကျူလာနည်းပညာ (Molecular method)ကို အသုံးပြု၍ မြန်မာ့နွားမျိုးများ၏ ဒီအင်န်အေ (Deoxyribonucleic Acid-DNA) တွင် ပါရှိသော မျိုးရိုးဗီဇများကို သုတေသနပြု၍ လေ့လာခဲ့မှုများ မရှိခဲ့ပေ။ စာရေးသူသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဂျပန်နိုင်ငံ ကာဂိုရှီးတက္ကသိုလ်၌ မြန်မာ့နွားမျိုးများ၏ မျိုးရိုးဗီဇများကို မော်လီကျူလာနည်းပညာကို အသုံးပြုပြီး ပါရဂူဘွဲ့အတွက် သုတေသနပြု ဆောင်ရွက်ခဲ့ပါသည်။


### မိုက်တိုကွန်ဒရီးယားဒီလု (Mitochondrial d-loop)ပေါ် မူတည်၍ နွားမျိုးများကွဲပြားခြင်း

မိုက်တိုကွန်ဒရီးယားဒီအင်န်အေသည် စက်ဝိုင်းပုံသဏ္ဌာန်ရှိသော ဒီအင်န်အေ (Circular DNA) အမျိုးအစားဖြစ်ပြီး မျိုးရိုးဆက်ခံနိုင်မှုသဘောတရားအရ မိခင်ကသာ သားသမီးထံသို့ အမွေပေးနိုင်ပါသည်။ ဖခင်က သားသမီးထံသို့ အမွေမပေးနိုင်ပေ။ ထို့ကြောင့် မျိုးရိုးဗီဇ သိပ္ပံပညာရှင်အများစုသည် မိခင်မျိုးရိုးအဆက်အနွယ် (Maternal lineage) ကွဲပြားမှုကို မိုက်တိုကွန်ဒရီးယား ဒီအင်န်အေအတွင်း၌ရှိသော မိုက်တိုကွန်ဒရီးယားဒီလုကို အသုံးပြု၍ လေ့လာကြပါသည်။ နွားမျိုးများ၏ မိုက်တိုကွန်ဒရီးယားဒီလုကို လေ့လာရာတွင် သမပိုင်းဒေသ နွားမျိုး၊ အပူပိုင်းဒေသနွားမျိုးဟူ၍ အဓိကအားဖြင့် နှစ်မျိုးကွဲပြားပါသည်။ ထို့ပြင် မိုက်တိုကွန်ဒရီးယားဒီလု၏ ကွဲပြားမှုပေါ်မူတည်၍ အအေးပိုင်းဒေသနွားမျိုးတွင် မိခင်မျိုးရိုးအုပ်စု (Maternal lineage Haplogroups) ခြောက်ခုရှိပြီး ယင်းတို့မှာ Haplogroup R, Haplogroup T, Haplogroup P, Haplogroup Q, Haplogroup E နှင့် Haplogroup C တို့ ဖြစ်ကြပါသည်။ အပူပိုင်းဒေသနွားမျိုး HaplogroupI တစ်ခုတည်းသာရှိပြီး ယင်းမှ ဆင့်ပွားအုပ်စု Haplogroup (I1), Haplogroup (I1a) နှင့် Haplogroup (I2), Haplogroup (I2a) ဟူ၍ လေးမျိုးရှိပါသည်။

### မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုးတည်ရှိနေမှု

#### (က) မျိုးရိုးဗီဇအကွာအဝေးပေါ် မူတည်၍ မျိုးရိုးဗီဇဆက်နွယ်မှု

မိုက်တိုကွန်ဒရီးယားဒီလုကို အခြေခံပြီး မျိုးရိုးဗီဇအကွာအဝေးပေါ် မူတည်၍ ဘိုဘိုင်းဒေး (Bovidae) အမျိုးတို့၏ မျိုးရိုးဗီဇဆက်နွယ်တည်ရှိမှုကို မက်ဂါ (MEGA) ဟုခေါ်သော မျိုးရိုးဗီဇ ဆော့ဖ်ဝဲဖြင့် တွက်ချက်ထားပြီး ပုံ(၁) တွင် ဖော်ပြထားပါသည်။ သမပိုင်းဒေသနွားမျိုး (Bos taurus)၊ အပူပိုင်းဒေသနွားမျိုး (Bos indicus ) များသည် နွားရိုင်းများမှ ဆင်းသက်လာခဲ့ခြင်းကြောင့် အဓိက အကိုင်းအခက်ကြီးဖြင့် ဆင်းသက်လာကြပါသည်။ သို့သော် မြန်မာ့နွားမျိုးများဖြစ်သော ပြာစိမ်း၊ ရွှေနီ၊ နွားပြာနီနှင့် ရှမ်းနွားပုတို့မှာ အပူပိုင်းဒေသနွားများနှင့် နီးစပ်ပြီး သမပိုင်းဒေသနွားမျိုးများ ဝေးကွာလျက်ရှိပါ သည်။ မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုးသည် သမပိုင်း ဒေသနွားမျိုးများနှင့် မျိုးဗီဇဆက်စပ်မှု (Genetic relationship) မရှိပေ။ တစ်နည်းအားဖြင့် ဆိုရလျှင် မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုးသည် သမပိုင်းဒေသ နွားမျိုးများနှင့် ဆွေမျိုးနီးစပ်မှု ဝေးကွာပြီး မြန်မာ့နွားမျိုးများတွင် သမပိုင်းဒေသ နွားမျိုးများ၏ မိခင်မျိုးရိုးများ ဝင်ရောက်လွှမ်းမိုးမှု၊ မျိုးရိုးဗီဇစီးဝင်မှု (Genetic introgression) မရှိပေ။ ထို့ကြောင့် မြန်မာ့နွားမျိုးများသည် မိမိကိုယ်ပိုင်မျိုးရိုးဗီဇများကို ပိုင်ဆိုင်သော မြန်မာ့နွားမျိုးများ စစ်စစ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာ့နွားမျိုးများ၏ တစ်မျိုးနှင့်တစ်မျိုး မျိုးရိုးဗီဇအကွာအဝေးကို လေ့လာရာတွင် ပြာစိမ်းမျိုးနှင့် ရှမ်းနွားပုမျိုးသည် အခြားမျိုးများနှင့် သီးခြားစွာ တည်ရှိလျက်ရှိပါသည်။ ရွှေနီမျိုးနှင့် နွားပြာနီမျိုးသည် အကိုင်းတစ်ခုတည်းတွင် ရှိနေသောကြောင့် ဆွေမျိုးအလွန်နီးစပ်ပါသည်။




ပုံ(၁)- မျိုးရိုးဗီဇဆက်နွယ်မှုပြပုံ (Phylogenetic Tree)

#### (ခ) မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုး ဗီဇအုပ်စုကွန်ရက်ဆက်နွယ်မှု


မြန်မာ့နွားမျိုးများတွင် မိခင်မျိုးရိုးဗီဇအုပ်စု (Maternal Haplogroup) ကို နက်ဝ့ါခ် (Network) ဟုခေါ်သော မျိုးရိုးဗီဇကို လေ့လာသော ဆော့ဖ်ဝဲဖြင့် တွက်ချက်၍ ပုံ (၂)တွင် ဖော်ပြထားပါသည်။ မိခင် မျိုးရိုးဗီဇအုပ်စုအားဖြင့် မြန်မာ့နွားမျိုးများသည် သမပိုင်းဒေသနွားမျိုးတွင် မပါဝင်ဘဲ အပူပိုင်းဒေသနွားမျို၏ Haplogroup ဖြစ်သော Haplogroup (I)နှင့် ဆင့်ပွားအုပ်စုဖြစ်သော Haplogroup (I1), Haplogroup (I1a) နှင့် Haplogroup (I2) တို့တွင် တည်ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် စာရေးသူ လေ့လာခဲ့သော နွားများတွင် သမပိုင်းဒေသ နွားမျိုးများ၏ မျိုးရိုးဗီဇလွှမ်းမိုးမှု၊ စီးဆင်းဝင်ရောက်မှု မရှိသေးကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ အပူပိုင်းဒေသနွားမျိုး၏ ဆင့်ပွားအုပ်စု Haplogroup (I2a) သည် အိန္ဒိယရှိ နွားမျိုးများတွင် တွေ့ရသော်လည်း မြန်မာ့နွားမျိုးများတွင် မရှိသေးကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

#### (ဂ) မိခင်မျိုးရိုးများ ကွဲပြားတည်ရှိမှု

မြန်မာ့နွားမျိုးများတွင် Maternal haplotype or Ancestor စုစုပေါင်း ၂၇ ခု တွေ့ရှိရသည်။ တစ်နည်းအားဖြင့် ဆိုရသော် မြန်မာ့နွားမျိုးများတွင် မိခင်မျိုးရိုး ၂၇ မျိုးရှိခဲ့ပြီး ယင်းတို့သည် အခြား ဘိုဘိုင်းဒေး (Bovidae) အုပ်စုဝင်ဖြစ်သော အိန္ဒိယပြောင်၊ အမေရိကန်ပြောင်တို့၏ မိခင်မျိုးရိုးများနှင့် သွေးနီးစပ်မှု မရှိပေ။ ထိုမျှမက သမပိုင်းဒေသနွားမျိုးများ၏ မိခင်မျိုးရိုးများနှင့်လည်း သွေးနီးစပ်မှု မရှိပေ။ ထို့ကြောင့် မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုးသည် မျိုးစစ်စစ်အဖြစ် တည်ရှိခဲ့ပါသည်။ စာရေးသူတွေ့ရှိခဲ့သော မြန်မာ့နွားမျိုးများ၏မိခင်မျိုးရိုး ၂၇ ခုအနက် ၁၅ ခုမှာ အမေရိကန်တွင် အခြေစိုက်တည်ရှိသော မျိုးရိုးဗီဇဘဏ်(GenBank)ရှိဇီဝနည်းပညာသတင်းအချက်အလက် အမျိုးသားဗဟိုဌာန (National Center for Biotechnology Information-NCBI) တွင် မှတ်တမ်းတင်စာရင်းထားရှိခြင်း မရှိသေးသော မိခင်မျိုးရိုးများ ဖြစ်ပါသည်။ အသစ်တွေ့ရှိခဲ့သော ၁၅ ခုသည် မြန်မာ့နွားမျိုးများတွင်သာ တွေ့ရသော မိခင်မျိုးရိုးဗီဇများဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့နွားမျိုးများ၏ မိခင်မျိုးရိုးဗီဇများသည် ရှေးယခင်ကပင် သီးသန့်တည်ရှိခဲ့ပါသည်။ မြန်မာ့နွားမျိုးများတွင် တွေ့ရှိခဲ့သော မိခင်မျိုးရိုး ၂၇ ခုကို စာရေးသူအနေဖြင့် မြန်မာ့နွားမျိုးများ၏ Mitochondrial d-loop gene sequence အဖြစ် NCBI တွင် LC377275 မှ LC377301 ဖြင့် မှတ်တမ်းတင်ခြင်း (Registration) ကို ပြုလုပ်နိုင်ခဲ့ပါသည်။

### မြန်မာ့နွားမျိုးများအတွက် အနာဂတ်တွင် ဆောင်ရွက်မည့် အချက်များ

စာရေးသူအနေဖြင့် မြန်မာ့နွားမျိုးများ၏ ဖခင်မျိုးရိုးများ (Paternal lineages)၊ မျိုးရိုးဗီဇ တစ်ခုလုံး၏ ဒီအင်န်အေအစီအစဉ်တည်ရှိနေမှု (Whole genome DNA sequencing)၊ စီးပွားရေးအရ အရေးပါသော မျိုးရိုးဗီဇလက္ခဏာများ (Economic important genetic traits)၊ အခြားအိမ်နီးချင်း နိုင်ငံများရှိ နွားမျိုးများနှင့် မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားနိုင်မှု၊ ဆက်စပ်မှုများကို မော်လီကျူလာ နည်းပညာဖြင့် လေလာခဲ့ပါသည်။ ယင်း လေ့လာတွေ့ရှိချက်များကိုလည်း ဆက်လက်ဖော်ပြနိုင်ရန် ကြိုးစားလျက်ရှိကြောင်း တင်ပြအပ်ပါသည်။ အချုပ်အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေရှာဖွေပေးနိုင်သော မြန်မာ့နွား၊ အာဟာရပြည့်ဝသော အသား၊ နို့တို့ကို ထုတ်လုပ်ပေးနိုင်သော မြန်မာ့နွား၊ လယ်ယာစိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ယနေ့အထိတိုင် အသုံးချလျက်ရှိသော လုပ်အားနှင့် စိုက်ပျိုးရေးတွင် အသုံးချလျက်ရှိသော အော်ဂဲနစ်မြေဩဇာတို့ကို ထုတ်လုပ်ပေးနိုင်သော မြန်မာ့နွား စသည့်အချက်များကြောင့် မြန်မာ့နွားများသည် နိုင်ငံတော်အတွက် အမြဲတမ်း အရေးပါလျက်ရှိကြောင်းနှင့် မြန်မာ့နွားများသည် မိမိ၏ ကိုယ်ပိုင်မျိုးရိုးဗီဇများကို ပိုင်ဆိုင်လျက်ရှိပြီး မျိုးရိုးဗီဇ စစ်မှန်သော မြန်မာ့နွားမျိုး စစ်စစ်များအဖြစ် ရှင်သန်လျက်ရှိခဲ့ကြောင်းကို ဗဟုသုတအနေဖြင့် လေးစားစွာဖော်ပြအပ်ပါသည်။ ။




ပုံ(၂) - မြန်မာနွားမျိုးများ၏ မိခင်မျိုးရိုးဗီဇအုပ်စုကွန်ရက်ဆက်နွယ်မှုပြပုံ (Median Joining Network of the Maternal ancestors of Myanmar cattle)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျွန်းစုမြို့နယ်အတွင်းရှိ သဘာဝဘေးသင့်မိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်

**ကျွန်းစု စက်တင်ဘာ ၂၇**

အပူပိုင်းမုန်တိုင်း နိုလ်ကြောင့် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ကာ ထိခိုက်ပျက်စီးခဲ့သော တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ နေအိမ်များအတွက် ထောက်ပံ့ငွေများနှင့် စားနပ်ရိက္ခာများကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ် သည်။(**ယာပုံ**)




ပေးအပ်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ်းရိုးတန်းဒေသများဖြစ်သည့်အတွက် မိုးဦးကာလနှင့် မိုးရာသီတို့တွင် ရာသီဥတုဖောက်ပြားနေမှုများ မကြာခဏ ဖြစ်ပေါ်နိုင်ပြီး မိုး/ဇလမှ ရာသီဥတု ညွှန်ကြားချက်များ အမြဲနားဆင်၍ လိုက်နာဆောင်ရွက်ကြရန်၊ နေအိမ်များနှင့် ပစ္စည်းဥစ္စာများထက် ပြည်သူများ၏ အသက်သည် ပိုမိုအရေးကြီးကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများ၏ လှူဒါန်းမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စခန်းသစ်ကျေးရွာအုပ်စုတွင် သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ပြိုကျပျက်စီးသော နေအိမ် ၄၅ အိမ်နှင့် တစ်စိတ်တစ်ပိုင်း ပြိုကျပျက်စီးသော ၁၂၉ အိမ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၁၆ သိန်း၊ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၄၅၉၂၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၄၅ ပုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ကိုယ်ရေသုံးပစ္စည်း (Hygiene Kit) နှင့် (Kitchen Set) ၄၅ စုံ၊ မြို့နယ်သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးကော်မတီမှ ဆန်ခြောက်ပြည်ဝင် ၄၅ အိတ်၊ သုံးပြည်ဝင်အိတ် ၁၂၉ အိတ်၊ ကျွန်းစုမြို့ကရုဏာနာရေးကူညီမှုအသင်းနှင့် အလှူရှင်များမှ ဆီ ၅၀ ကျပ်သားဝင် ၁၇၄ ဘူးနှင့် ခေါက်ဆွဲခြောက် ၁၇၄ ထုပ်တို့ကို ဘေးဒဏ်သင့် မိသားစုများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တောပြားကြီး ကျေးရွာအုပ်စုတွင် ရေဘေးကြောင့် ပြိုကျပျက်စီးခဲ့သော နေအိမ် ၂၂ အိမ်နှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် နေအိမ် ၁၆ အိမ်တို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် သိန်း ၆၀၊ မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၇၈၉၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၂၂ ပုံး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တစ်ကိုယ်ရေသုံးပစ္စည်း (Hygiene Kit)နှင့် (Kitchen Set) ၂၂ စုံ၊ မြို့နယ်သဘာဝဘေးဒဏ်စီမံခန့်ခွဲရေး ကော်မတီမှ ဆန်ခြောက်ပြည်ဝင် ၂၂ အိတ်၊ သုံးပြည်ဝင်အိတ် ၁၆ အိတ်၊ ကျွန်းစုမြို့ ကရုဏာနာရေးကူညီမှုအသင်းနှင့် အလှူရှင်များမှ ဆီ ၅၀ ကျပ်သားဝင် ၃၈ ဘူးနှင့် ခေါက်ဆွဲခြောက် ၃၈ ထုပ်တို့ကိုလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘေးဒဏ်သင့် မိသားစုများထံ ထောက်ပံ့ပေးအပ်သည်။

**စည်သူရအောင်(ကျွန်းစု)**

# ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေ ပေးအပ်

**ချီဖွေ**

ကချင်ပြည်နယ် ချီဖွေမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်း ကိုဗစ်- ၁၉ ရောဂါကြောင့် အလုပ်အကိုင်နည်းပါးပြီး ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရ၏ တတိယအကြိမ်ထောက်ပံ့မှုအဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀စီ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၂၆ ရက်က ပြည်သူများအား ထောက်ပံ့ပေးလျက်ရှိသည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးလဂေါင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မျိုးမြင့်၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေးဝန်ထမ်းတို့က မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် လိုင်မာယန်ကျေးရွာအုပ်စုများရှိ အိမ်ထောင်စု ၁၅၈ စု အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် စုစုပေါင်း ၃၁၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မာဝင်း(ပြန်/ဆက်)**


**ကာမိုင်း**

ကချင်ပြည်နယ် ကာမိုင်းမြို့ဒေသအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများဖြစ်သည့် အိမ်ထောင်စု ၁၇၁၂ စုတို့အတွက် နိုင်ငံတော်က တတိယအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းစီကို စက်တင်ဘာ ၂၆ ရက်က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သည်။

မြို့ပေါ်ရပ်ကွက်များ၊ ကောင်ရာကျေးရွာ၊ နန့်စီးအင်၊ ကထန်ယန်၊ ဂေါရီ၊ နန့်ယားနှင့် ကပ်မော်ဇွပ်ကျေးရွာအုပ်စုများရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၇၁၂ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄၂၄၀၀၀၀ တို့ကို အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ (**အောက်ပုံ**)

**ဖွဲ့သူရအောင်(ပြန်/ဆက်)**





## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။




ငွေရေးကြေးရေးနဲ့ စီးပွားရေး အကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း၊




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းအစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း၊




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ်အစရှိတဲ့ ဂျန်ဒါတရားသေအယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း၊




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း၊

အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေအကြံဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များဖြစ်သော ၀၉- ၂၆၆၆၈၄၄၄၈ သို့လည်းကောင်း၊ ၀၉-၂၆၆၆၈၄၄၄၉ သို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။

# ပြောလိုက်စမ်းပါ ပွင့်ပွင့်လင်းလင်း

သိုက်စိုးထွန်း(နတ်ရွာ)

**ရခိုင်ကနေ လေကြောင်းနဲ့ပြန်လာသူတွေ သက်ဆိုင်ရာကို အမြန်ဆက်သွယ်ကြဖို့ နိုင်ငံပိုင်သတင်းစာတွေကနေ ကြေညာတာ တွေ့ခဲ့ရပါတယ်။ အခုချိန်ထိလည်း တချို့ တစ်ဝက်သာ အဆက်အသွယ်ရသေးဟန်တူပါရဲ့။ ဒီရောဂါက လူအချင်းချင်းကူးစက်တာမို့ သက်ဆိုင်ရာအဖွဲ့အစည်းက ထုတ်ပြန်တဲ့ စည်းကမ်းချက်တွေအပေါ်မှာ ပြည်သူအားလုံးက အလေးထားလိုက်နာမှသာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်မှာပါ။**

### ပူးပေါင်းပါဝင်ပေးကြပါ

ကပ်ရောဂါထိန်းချုပ်ရေးအတွက် လတ်တလော ရင်ဆိုင်နေရတဲ့ ပြဿနာပေါင်းများစွာထဲမှာ ခရီးသွားရာဇဝင်အမှန်မပြောတဲ့ ကိစ္စကလည်း အတော်ကိုကြီးမားတဲ့ ပြဿနာတစ်ရပ်ဖြစ်နေပါပြီ။ မြို့အဝင် အထွက်တွေမှာ စစ်ဆေးရေးဂိတ်တွေဖွင့်ပြီး စစ်တော့စစ်နေကြတာပါပဲ။ ဒါပေမယ့် ဒီဂိတ်တွေမှာလည်း အကန့်အသတ်ရှိပါတယ်။ ၂၄ နာရီအချိန်ပြည့် စစ်ဆေးနိုင်ဖို့ဆိုတာ အတော်ခက်ပါတယ်။ ဝေဖန်သူအတွက်တော့ အလွယ်လေးပါ။ ဘယ်မြို့က ဂိတ်က တစ်နေ့မှာဘယ်နှနာရီပဲ ဖွင့်တာဆိုပြီးပေါ့။ တကယ်တမ်းကျတော့ ဂိတ်မှာ တာဝန်ကျတာက ဝန်ထမ်းတွေပဲ များပါတယ်။

လက်ရှိဝန်ထမ်းဖွဲ့စည်းပုံက ကပ်ရောဂါထိန်းချုပ်ရေးအတွက် မျှော်မှန်းပြီး တိုးချဲ့ဖွဲ့စည်းထားတဲ့ ဖွဲ့စည်းပုံမျိုး မဟုတ်ပါဘူး။ မူလအင်အားနဲ့ပဲ ဖွဲ့စည်းထားတာပါ။ ပြီးတော့ အများအားဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းတွေမှာ ရာနှုန်းပြည့် ဝန်ထမ်းခန့်အပ်ထားတဲ့ ဌာနဆိုတာ မရှိသလောက်ပါပဲ။ သုံးပုံ နှစ်ပုံလောက်အထိပဲ ခန့်အပ်ကြတာများပါတယ်။ ကျန်တဲ့ သုံးပုံတစ်ပုံအတွက် လက်ရှိလူတွေက ဖြည့်လုပ်ပေါ့။ ဒါ့အပြင် လက်ရှိအချိန်မှာ လူစုလူဝေးလျှော့ချရေးအတွက် လက်ရှိအင်အားရဲ့ တစ်ဝက်တက်၊ တစ်ဝက်နားစနစ်နဲ့ လည်ပတ်နေရတာပါ။ ဒီကြားထဲက ဂိတ်တာဝန်တို့၊ သွားလာကန့်သတ်စောင့်ကြည့်ရေး တာဝန်တို့၊ ရွေးကောက်ပွဲတာဝန်တို့ စသည်အားဖြင့် တာဝန်အသီးသီးကို ယူနေကြရတာဆိုတော့ အများအားဖြင့် ဂိတ်တွေက လူသွားလူလာများတတ်တဲ့ အချိန်အပိုင်းအခြားအတိုင်းသာ တာဝန်ယူ စောင့်ဆိုင်းနေနိုင်ကြတာပါ။ ဒီနေရာမှာ ညည်းချင်းဆိုနေတာ မဟုတ်ပါ။ လက်ရှိ အနေအထားကို အသိပေးပြီး ပူးပေါင်းပါဝင်ပေးဖို့ ပြောကြားလိုရင်းသာ ဖြစ်ပါတယ်။

### အမှန်အတိုင်း ပြောခြင်းဖြင့် ကူညီ

ဂိတ်တွေမှာ မေးတယ်၊ ဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမှာလဲ စသည်အားဖြင့်မေးတယ်။ အများအားဖြင့် မှန်မှန်ကန်ကန်ဖြေကြပါတယ်။ ခက်တာက အန္တရာယ်ရှိတဲ့အရပ်က လာတဲ့သူတွေထဲက ရှားရှားပါးပါး လူတချို့ကတော့ ဟိုကပဲ လာသလိုလို၊ ဒီကပဲ လာသလိုလိုနဲ့ နေရာလွှဲပြီးဖြေနေကြတာကို တွေ့လာရပါတယ်။ ပြီးတော့ ဒီနေရာမှာ မုသားမဟုတ်တဲ့ လှည့်ပတ်ပြောဆိုမှုတွေကို သတိပြုရတော့မှာပါ။ ဥပမာအားဖြင့် Stay at Home အစီအစဉ်မှာ အကျုံးဝင်တဲ့ ရန်ကုန်မြို့တွေကနေ လာတယ်ဆိုပါစို့။ ကြားထဲမှာ မန္တလေးကိုလည်း ဖြတ်လာတယ်၊ စစ်ကိုင်းကိုလည်း ဖြတ်လာတယ်။ ဘယ်ကလာသလဲလို့မေးတော့ စစ်ကိုင်းကလာပါတယ်၊ မြင်းမူကလာပါတယ်၊ ချောင်းဦးကလာပါတယ် ဆိုပြီးဖြေတယ်။ မမှန်ဘူးလားဆိုတော့ မှန်နေတာပါပဲ။ သူပြောတဲ့ မန္တလေးတို့၊ စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦးတို့က ဖြတ်လာတာ မှန်ပါတယ်။ ဒါပေမယ့် Stay at Home ကြေညာထားတဲ့ဒေသက လာပါတယ် ဆိုတာကို ထည့်ပြောမသွားဘူး။

ဂိတ်တာဝန်ကျ ဝန်ထမ်းတွေဆိုတာကလည်း ခရီးသည်ပြောတဲ့အတိုင်းပဲ ရေးမှတ်ကြရတာပါ။ “ခင်ဗျားကသာ ဒီလိုပြောနေတာ၊ ခင်ဗျားကြည့်ရတာတော့ ရန်ကုန်က လာဟန်တူတယ်နော်” လို့လည်း ထပ်ကွန့်နေလို့ အဆင်မပြေပါဘူး။ ရိုးရိုးသားသားဖြေတဲ့သူကို ရစ်နေသလို ဖြစ်သွားမှာလည်း စိုးရသေးတာကိုး။

ခရီးသွားရာဇဝင်ကို လိမ်ပြောသွားသူတွေလည်း ရှိနေပြီဖြစ်ပါတယ်။ မှတ်ပုံတင်တို့ ဘာတို့နဲ့ တိုက်စစ်ရအောင်ကလည်း ခရီးသွားတိုင်း မှတ်ပုံတင်ပါသူက ခပ်ရှားရှား။ မှတ်ပုံတင်မပါလို့ မြို့ထဲရွာထဲမဝင်နဲ့ဆိုပြီး သတ်မှတ်လိုက်လို့လည်း မဖြစ်သေးပြန်ဘူး။ အဓိကအချက်ကတော့ ခရီးသွားပြည်သူတွေအနေနဲ့ ကိုယ်ဘယ်ကလာတယ်၊ ဘယ်ကိုသွားမလို့ဆိုတာကို အမှန်အတိုင်း ပြောပေးကြဖို့ အရေးကြီးပါတယ်။

ခရီးသွားရာဇဝင်ကို လိမ်ပြောတဲ့သူမှာလည်း သူ့အကြောင်းရင်းနဲ့သူတော့ ရှိမှာပေါ့လေ။ သူ့ကိုယ်သူ စိတ်ချနေတာလည်း ပါမှာပေါ့။ ငါ့မှာ ဘာပိုးမှမရှိဘူး။ ဘယ်မှလည်း မဝင်ခဲ့ဘူး။ ကိုယ့်ကားနဲ့ ကိုယ်ပဲသွားခဲ့တာပဲ။ ဒါမှမဟုတ် လိုင်းကားပေါ်မှာ တစ်လျှောက်လုံး နှာခေါင်းစည်းတပ်ခဲ့တာပဲ၊ အန္တရာယ်ကင်းပါတယ်ဆိုတဲ့ သဘောနဲ့ စိတ်ချလက်ချဖြစ်ပြီး ခရီးသွားရာဇဝင်ကို ထိမ်ချန်ပြောဆိုလိုက်တာ ဖြစ်မှာပါ။ တကယ်လို့ Stay at Home ကြေညာထားတဲ့ မြို့နယ်ကလာပါတယ်လို့ ပြောလိုက်ရင် အိမ်တန်းမပြန်ရတော့ဘဲ သတ်မှတ်နေရာမှာ အသွားအလာ ကန့်သတ်ခံရတော့မယ်ဆိုတာကလည်း သိနေပြီးသားလေ။ ပြီးတော့ ဘေးပတ်ဝန်းကျင်က ခွဲခြားခွဲခြား ဆက်ဆံခံရမှာကိုလည်း စိုးရိမ်လို့ထင်ပါရဲ့။ ဒါပေမယ့် ဒီအချိန်မှာ ခွဲခြားတာကတော့ ကောင်းသော ခွဲခြားခြင်းလို့သာ မှတ်တော်မူကြပါတော့။

### ကိုယ်စီအသိနဲ့လှလာနေထိုင်

ကိုယ့်ကိုယ်ကိုယ်စိတ်ချလို့ အမှန်အတိုင်းမပြောဘူး။ ပြီးတော့ အိမ်မှာလည်း ငြိမ်ငြိမ်မနေဘူး။ မိသားစုဝင်တွေနဲ့ ထိတွေ့တယ်။ ဈေးသွားဈေးလာလုပ်တယ်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်ထိုင်တယ်။ မထင်မှတ်ဘဲ ပါလာတော့ အကုန်ဒုက္ခရောက်တော့တာပါပဲ။

တချို့လည်း ဧည့်သည်အဝင်၊ အထွက်ကို မစိစစ်ဘဲ လက်ခံတယ်။ ဘယ်မြို့နယ်တွေမှာ ရောဂါပိုးတွေ့နေပြီဆိုတာကို လူမှုကွန်ရက်တွေကနေ နေ့စဉ်ကြေညာနေတာပါပဲ။ နိုင်ငံပိုင်သတင်းစာတွေကလည်း နေ့စဉ်ကြေညာနေတာပါပဲ။ Stay at Home ကြေညာမထားပေမယ့် လူလေးငါးဆယ်ကျော် ပိုးတွေ့ထားပြီလို့ သတင်းထုတ်ပြန်ထားတဲ့ မြို့နယ်တွေလည်း ရှိနေတာပါပဲ။ ဒါကိုသိလျက်နဲ့ တချို့က ပိုးတွေ့ဒေသက လာသူတွေကို အိမ်မှာ ညအိပ်ညနေလက်ခံတယ်။ ဧည့်စာရင်း တိုင်စရာမလိုတော့တဲ့အတွက် သက်ဆိုင်ရာကို အသိမပေးဘူး။ ဧည့်စာရင်း မတိုင်လို့လည်း ဘယ်ဥပဒေနဲ့မှ မငြိစွန်းပါဘူး။ ဒါပေမယ့် ကျင့်ဝတ်သဘောအရ ငြိစွန်းနေပါတယ်။ “ဧည့်သည်လာရင် ဧည့်စာရင်း တိုင်ရမယ်လို့ ဘယ်ဥပဒေမှာမှ မပြဋ္ဌာန်းထားဘူး။ အသိပေးပါလို့လည်း ဘယ်လူကြီးကမှ မကြေညာထားဘူး”ဆိုပြီး ပြန်လှန်ခွန်းတုံ့နေကြသူတွေရှိပါတယ်။ တကယ်တော့ ဒီအချိန်မှာ ကပ်ရောဂါကြီး ဖြစ်နေတယ်ဆိုတာ ကိုယ့်ရပ်ကိုယ့်ရွာမှာ သာမဟုတ်၊ ကိုယ့်နိုင်ငံတစ်ခုတည်းသာမဟုတ်၊ တစ်ကမ္ဘာလုံးအသိပါပဲ။ ဒီတော့ ဘယ်ဟာလုပ်သင့်တယ်၊ ဘယ်ဟာမလုပ်သင့်ဘူးဆိုတာကို ကိုယ်စီအသိနဲ့ လှလာပြီး လိုက်နာကြရမှာပါပဲ။

ဧည့်စာရင်းတိုင်ဖို့ မလိုတော့တာကတော့ မှန်ပါတယ်။ ဒါပေမယ့် ပိုးတွေ့ဒေသကလူလာရင် သတင်းပို့ရမယ်ဆိုတာကတော့ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ လူကြီးကပြောမှ ဆိုတာမျိုးကတော့ မဖြစ်သင့်ပါဘူး။ ပြီးတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနဲ့လည်း ငြိစွန်းနေပါတယ်။ ခက်တာက ရောဂါဖြစ်နေတဲ့သူကို ဥပဒေနဲ့အညီ တရားစွဲလိုက်ပြန်ရင်လည်း ရေနစ်သူကို ဝါးကူထိုးသလို ဖြစ်သွားဦးမှာ။ ဒီတော့ သတိလက်လွတ်ဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်သူကို တရားစွဲဖို့ဆိုရင်လည်း သင့် မသင့် တော်တော်လေးချိန်ဆပြီးမှ လုပ်ကြရတာပါ။ ဒီလူကတော့ ဥပဒေအရ အရေးယူမှဖြစ်တော့မယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ မဖြစ်မနေ အရေးယူကြရတော့တာပါပဲ။

> **“ကပ်ရောဂါထိန်းချုပ်ရေးအတွက် တာဝန်ရှိ အဖွဲ့အစည်းတွေမှာပဲ အဓိက တာဝန်ရှိတာမှန်ပေမယ့် ဒီအဖွဲ့အစည်းတွေက ရောဂါထိန်းချုပ်ရေးအပြင် တခြားတခြားသော ဗဟုဳရကိစ္စအဝဝနဲ့လည်း နပန်းလုံးနေကြရတယ်ဆိုတာ ကိုလည်း သိစေချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကောင်းစေ ချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုနဲ့၊ စွက်ဖက်မှုနဲ့လည်း ကွဲပြားစေချင်ပါ တယ်။ ပြောစရာတွေကတော့ အများကြီးပါပဲ”**

### သတိရှိရှိသွားလာ

ပိုးတွေ့ဒေသက ပြန်လာတယ်။ ခရီးသည်တင် အမြန်ယာဉ်တွေနဲ့ လာတယ်။ သက်ဆိုင်ရာယာဉ်လိုင်းတွေရဲ့ စည်းကမ်းလိုက်နာမှု အခြေအနေအရ တချို့ကားတွေက နှစ်ခုံ တစ်ယောက်နှုန်းပဲ တင်တယ်။ တချို့ကလည်း ဂိတ်ကထွက်တုန်းကတော့ နှစ်ခုံတစ်ယောက်၊ ကြားဖြတ်စီးတဲ့ သူတွေနဲ့ကျတော့ ပြည့်လုလု ဖြစ်ကရောဆိုတာမျိုးလည်း ရှိပါတယ်။

တချို့လည်း အမြန်ရေယာဉ်တွေနဲ့ ပြန်လာတယ်။ ရေယာဉ်က လူအပြည့်၊ လမ်းမှာ ဟိုကမ်းကပ်၊ ဒီကမ်းကပ်၊ ကမ်းကဈေးသည်တွေက အမြန်ယာဉ်ပေါ်တက်ပြီးဈေးရောင်း။ ထိကုန်ရင်တော့ သက်သာမှာမဟုတ်ပါဘူး။ စားဝတ်နေရေးအတွက် ရုန်းကြ၊ ကန်ကြရတာကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရင်း ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသားစုကို ဒုက္ခပေးသလို ဖြစ်သွားနိုင်မလားဆိုတာကိုလည်း သတိပြုကြရမှာပါ။

မိသားစုစားဝတ်နေရေးအတွက် ရန်ကုန်လို မြို့ကြီးပြကြီးသွားပြီး အလုပ်လုပ်ကြရတယ်။ တချို့လည်း နိုင်ငံရပ်ခြားတိုင်းတစ်ပါးအထိ သွားကြရတယ်။ တစ်ဝမ်းတစ်ခါးအတွက် ရေကြည်ရာမြက်နုရာရှာပြီး အဆင်ပြေသလို ရုန်းကန်ကြရတာပါပဲ။ ဒါပေမယ့် ကိုယ်ရောက်နေတဲ့အရပ်မှာ ရောဂါပိုးတွေ့ပြီ အခြေအနေအကြောင်းကြောင်းအရ မလွှဲသာလို့ အိမ်ပြန်လာကြရပြီဆိုရင် လမ်းတစ်လျှောက်မှာ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင် အန္တရာယ်ကင်းရှင်းရေးအတွက် သတိရှိရှိနဲ့ နေထိုင်ကြရမှာပါ။ Stay at Home ကြေညာထားတဲ့နေရာတွေက လာတာဖြစ်တဲ့အတွက် ကိုယ့်မှာ ရောဂါပိုး ပါနိုင်ခြေတွေ ရှိနေပါတယ်။ လမ်းတစ်လျှောက်မှာ ဘယ်သူနဲ့မှ ထိတွေ့မှု မရှိအောင် သတိပြုခဲ့ကြရမှာပါ။

မြို့ကြီးပြကြီးက ပြန်လာသူတွေဆိုတော့ ကပ်ရောဂါနဲ့ ပတ်သက်တဲ့ အသိပညာ ဗဟုသုတတော့ အတန်အသင့်ရှိကောင်းရဲ့လို့ ယူဆရတာပါပဲ။ ကိုယ့်ကိုယ်ကိုယ် ပိုးမရှိဘူး ထင်လို့ပဲဖြစ်ဖြစ်၊ မေ့လျော့လို့ပဲ ဖြစ်ဖြစ် ရပ်ထဲရွာထဲ လှည့်သွားနေကြတာတွေကတော့ ရှိပါတယ်။ မြို့နယ်တစ်ခုက ပိုးတွေ့လူနာဆိုရင် ပိုးတွေ့ ဒေသကပြန်လာပြီး မွေးနေ့ပွဲလည်း သွားလိုက်သေးသတဲ့၊ ဘုန်းကြီးကျောင်းလည်း ဆွမ်းပို့လိုက်သေးသတဲ့၊ ကွမ်းယာဆိုင်မှာလည်း ကူပြီး ယာပေးလိုက်သေးသတဲ့၊ လက်ဖက်ရည်ဆိုင်ကလည်း ထိုင်လိုက်သေးသတဲ့။ ကျန်းမာရေးနဲ့ အုပ်ချုပ်ရေးဝန်ထမ်းတွေမှာ ထိတွေ့ ရာဇဝင်လိုက်ရတာနဲ့ကို မောရော။

### ဂုဏ်ယူစရာကောင်းသူတွေလည်းရှိ

တချို့ကျတော့လည်း တကယ့်ကိုချီးကျူးစရာကောင်းပါတယ်။ အန္တရာယ်ရှိတဲ့ဒေသက ပြန်လာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းသိမ်းတယ်။ ပတ်ဝန်းကျင်ကိုလည်း စောင့်ရှောက်တယ်။ သတင်းပို့စရာရှိတာ ပို့တယ်။ ဒီလိုတာဝန်သိ ပြည်သူတွေအတွက် တကယ့်ကို ဂုဏ်ယူစရာဖြစ်ပါတယ်။

အတန်အသင့် ထိန်းလိုက်နိုင်ပြီလို့ ယူဆမိရာက တစ်ဆင့် ရခိုင်ကနေ ရန်ကုန်၊ ရန်ကုန်ကနေ အခု တစ်နိုင်ငံလုံးနီးပါး ခြေဆန့်လာတာကို အားလုံးအသိပါပဲ။

နေရပ်ပြန်တွေ၊ ပြည်တွင်းပိုးတွေ့ ဒေသက ပြန်လာသူတွေကိုလည်း မပြန်ပါနဲ့လို့ ပြောဖို့လည်း မဖြစ်နိုင်ပါဘူး။ ပြန်လာလို့ အပြစ်ပြောနေဖို့လည်း မသင့်ပါဘူး။ ဒီရောဂါကို ဘယ်သူမှ အလိုမရှိကြဘူးပေါ့။ ပြန်လာသူတွေလည်း မဖြစ်ချင်ကြဘူးပေါ့။ ဒီတော့ ပြန်လာတာအတွက်နဲ့တော့ အပြစ်တင်ဖို့မကောင်းပါဘူး။ ဒါပေမယ့် ဒီနေရာမှာ အဓိကပြောလိုတဲ့ အချက်ကတော့ အန္တရာယ်ရှိတဲ့ အရပ်ကပြန်လာရင် ကိုယ်ကတစ်ဆင့် ကိုယ့်ပတ်ဝန်းကျင်ကို ရောဂါကူးစက်နိုင်တယ်ဆိုတဲ့ အသိ သတိအမြဲရှိကြဖို့ပါ။ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတွေ၊ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတွေကို သတင်းပို့ကြဖို့ပါ။

နေရပ်ပြန်ထဲမှာလည်း တရားမဝင်လမ်းကြောင်းကနေ ခိုးပြန်လာသူတွေရှိနေတယ်။ ပြည်တွင်းပိုးတွေ့ဒေသက ပြန်လာသူတွေမှာလည်း ခရီးသွားရာဇဝင် မမှန်မကန်ပြောသူတွေ ရှိနေတယ်။ ဟိုနေရာ ပိုးတွေ့ပြန်ပြီ၊ ဒီနေရာမှာ သံသယလက္ခဏာတွေ တွေ့နေရပြန်ပြီဆိုမှ စစ်ရမေးရတာတွေလည်း ရှိနေတယ်။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်ရတယ်ဆိုတာ ဒီအချိန်မှာ အသင့်လျော်ဆုံးစကားပုံပါပဲ။ လိုက်လို့ကို မကုန်နိုင်တော့ဘူး။

### ပွင့်ပွင့်လင်းလင်းပြောစေချင်

ကပ်ရောဂါထိန်းချုပ်ရေးမှာ အဆင့်ဆင့်သော တာဝန်ရှိအဖွဲ့အစည်းတွေ ရင်ဆိုင်ဖြေရှင်းနေကြရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်မက ရှိပါတယ်။ ပြဿနာပေါင်း မြောက်မြားစွာထဲမှာ ခရီးသွားရာဇဝင်လိုက်ရတာလည်း တကယ့်ကို စိန်ခေါ်မှုကြီးတစ်ခုပါ။ တချို့က မှန်မှန်ကန်ကန်ပြောတယ်။ ကြားတဲ့လူက မယုံလို့ ပြဿနာပြန်ရှာတာမျိုးလည်း ရှိလေရဲ့။ ထားပါတော့လေ၊ ဒီနေရာမှာ ပြောချင်တာက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဘယ် နေရာကလာတယ်ဆို လာတယ်လို့ မှန်မှန်ကန်ကန် ပြောလိုက်ဖို့ပါပဲ။

ကပ်ရောဂါထိန်းချုပ်ရေးအတွက် တာဝန်ရှိ အဖွဲ့အစည်းတွေမှာပဲ အဓိကတာဝန်ရှိတာ မှန်ပေမယ့် ဒီအဖွဲ့အစည်းတွေက ရောဂါထိန်းချုပ်ရေးအပြင် တခြားတခြားသော ဗဟုဳရကိစ္စအဝဝနဲ့လည်း နပန်းလုံးနေကြရတယ်ဆိုတာကိုလည်း သိစေချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကောင်းစေချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုနဲ့၊ စွက်ဖက်မှုနဲ့လည်း ကွဲပြားစေချင်ပါတယ်။ ပြောစရာတွေကတော့ အများကြီးပါပဲ။

လူအရပ်ရပ် ပြဿနာအထွေထွေ ဖြစ်နေကြတဲ့ ဤမြေ၊ ဤကမ္ဘာမှာ ကိုယ်နဲ့တကွ ကိုယ့်ရပ်ကိုယ့်ရွာ အန္တရာယ်ကင်းစေဖို့အတွက် ကိုယ့်ရဲ့ခရီးသွားရာဇဝင်လေးလောက်ကိုတော့ မကွယ်မဝှက်တမ်း ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါလို့ တိုက်တွန်းလိုက်ချင်တာပါ။

ပိုးတွေ့ဒေသက ပြန်လာတာ ဘာမှရှက်စရာမလိုပါဘူး။ ဖုံးကွယ်ထားတာကမှ တကယ့်ကိုရှက်စရာပါ။

ကဲ ပြောလိုက်စမ်းပါ ပွင့်ပွင့်လင်းလင်း။

## မင်းဘူးမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးမှု အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိ

**မင်းဘူး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်သွားလာကြရေး အသိပညာပေးခြင်းကို ခရိုင်/မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ချမ်းသာကြီး ပရဟိတ လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များနှင့် လူအများသွားလာနေသော နေရာများ၌ စက်တင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မလိုအပ်ဘဲ အိမ်အပြင်မထွက်ကြရန်နှင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လက်ကို မကြာခဏ ဆေးကြရန်၊ လူစုလူဝေးမလုပ်ကြရန်စသည့် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး နှိုးဆော်၍ စေတနာရှင် အလှူရှင်များ လှူဒါန်းထားသော နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အမှတ် (၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်များ၊ မြို့မဈေးနှင့် မင်းဘူး-စကု ကားလမ်းတစ်လျှောက်တို့တွင်ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကာ ရောဂါကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာရန်အတွက် အသံချဲ့စက်ဖြင့် တစ်ရက်လျှင် နှစ်ကြိမ် လှည့်လည်နှိုးဆော်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို တိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ စုပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် စက်တင်ဘာ ၂၁ ရက်မှစ၍ အောက်တိုဘာ ၁ ရက်အထိ စည်ပင်သာယာဈေးများ အပါအဝင် ဈေးအားလုံးနှင့် ကုန်ပစ္စည်းအရောင်းဆိုင်များကို အခြေခံစားသောက်ကုန်နှင့် ဆေးဝါးရောင်းချခြင်း သို့မဟုတ် အခြားကုန်ပစ္စည်းများရောင်းချခြင်း စသည့် အမျိုးအစားအပေါ် မူတည်၍ အချိန်ပိုင်း ကန့်သတ်ဖွင့်လှစ်ရန် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ညွှန်ကြားချက်ထုတ်ပြန်ထား၍ သတ်မှတ်ချိန်အတိုင်း စနစ်တကျ ရောင်းချကြရန် ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြား ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့အစည်းများ စုပေါင်းကာ စစ်ဆေးမှုများ နေ့စဉ်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာတိုင်း နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေးအတွက် အသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း အစီအစဉ်များကိုလည်း မြို့တွင်း နေရာအနှံ့အပြား၌ သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ် ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၆ ရက်မှ စတင်ကာ စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စနစ်ဖြင့်မရောင်းဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။



ငါးသိုင်းချောင်းမြို့ စည်ပင်သာယာဈေးအတွင်း နှာခေါင်းစည်းတပ်ဆင်ရန် စစ်ဆေးမှုများပြုလုပ်နေစဉ်။

ထို့အပြင် ပုသိမ်-မုံရွာလမ်းမကြီးနှင့် ချမ်းသာကြီးလမ်းဆုံရှိ ငါးသိုင်းချောင်းမြို့အဝင်နေရာတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးရေးဂိတ် ဖွင့်လှစ်၍ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အလှည့်ကျတာဝန်ဖြင့် မြို့တွင်းသို့ဝင်မည့် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ ခရီးသွားထောက်ခံချက်နှင့် လိုအပ်သော အထောက်အထားများ စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းစသည်တို့ကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အခြားဒေသများမှ ဝင်ရောက်လာသူများအား အသွားအလာကန့်သတ် စောင့်ကြည့်ရန်အတွက် စင်တာကိုလည်း ငါးသိုင်းချောင်း အထကကျောင်းတွင် ဩဂုတ် ၂၄ ရက်က စတင် ဖွင့်လှစ်ထားခဲ့ရာ စက်တင်ဘာ ၂၆ ရက်အထိ စောင့်ကြပ်ကြည့်ရှုမှု ခံယူသူ စုစုပေါင်း ၆၇ ဦးရှိကာ လက်ရှိမှာ ၃၂ ဦးဖြစ်ကြောင်း၊ အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသူများအား ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ နေထိုင်စားသောက်မှုနှင့် အခြားလိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးခြင်းတို့ကို တာဝန်ရှိသူများနှင့်အဖွဲ့အစည်းများက နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## မတူပီမြို့၌ စားသောက်ဆိုင်များ ပါဆယ်သာရောင်းရန် စစ်ဆေး

**မတူပီ စက်တင်ဘာ ၂၇**

မတူပီမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ထမင်းဆိုင်များတွင် ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ပါဆယ်သာ ရောင်းချရန်အတွက် စစ်ဆေးကြပ်မတ်မှုကို စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့သည်။

မတူပီမြို့၌ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ထမင်းဆိုင်များ အနေဖြင့် စက်တင်ဘာ ၈ ရက်မှစ၍ နောက်ထပ် ညွှန်ကြားချက်တစ်စုံတစ်ရာ မရခင်အထိ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသိပေးကြေညာထားပြီးဖြစ်ရာ လိုက်နာခြင်းရှိမရှိကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။ **မြို့နယ်/(ပြန်/ဆက်)**

## ထန်းတပင်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပေးနှိုးဆော်

**ထန်းတပင် စက်တင်ဘာ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် သိရှိလိုက်နာရမည့် အချက်များကို သိရှိစေရန်အတွက် ရပ်ကွက်များနှင့် ကျေးရွာများအတွင်း မီးသတ်ယာဉ်ဖြင့် အသိပေးနှိုးဆော်မှုများကို လိုက်လံဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အသိပေးနှိုးဆော်မှုများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမိုးမင်းအောင် ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်အတွင်း မီးသတ်ယာဉ်ဖြင့် အသိပေးနှိုးဆော်မှုများကို စက်တင်ဘာ ၂၂ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ပြီးနောက် စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အနီးတစ်ဝိုက်ရှိ ကျေးရွာများ၌ ဆောင်ရွက်ခဲ့သည်။

အသိပေးနှိုးဆော်ချက်များအနေဖြင့် စက်ရုံ၊ အလုပ်ရုံများကို အောက်တိုဘာ ၇ ရက်အထိ ပိတ်ထားပြီဖြစ်၍ အရေးပေါ်အကြောင်းကိစ္စမရှိဘဲ နေအိမ်ပြင်ပသို့ ထွက်ခြင်းမပြုရန်နှင့် အရေးပေါ်ကိစ္စကြောင့် နေအိမ်ပြင်ပသို့ ထွက်လျှင်လည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ သတင်းပို့ ဆောင်ရွက်ကြရန်၊ ပြင်ပထွက်ခွာသွားလာလျှင် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရန် စသည့်အချက်များကို နှိုးဆော်လျက်ရှိသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



## စားသောက်ဆိုင်များ ပါဆယ်သာရောင်းချရန် မိုင်းရယ်မြို့၌ စစ်ဆေး

**မိုင်းရယ် စက်တင်ဘာ ၂၇**

မိုင်းရယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်ဖြင့်သာ ရောင်းချရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားပြီးဖြစ်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသိန်းစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်ဇော်၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ညွန့်စန်းရီနှင့် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရှိ စားသောက်ဆိုင်များကို စက်တင်ဘာ ၂၆ ရက်က လိုက်လံစစ်ဆေးခဲ့သည်။ မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိသေးသော်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

# မုံရွာမြို့၌ ကိုဗစ်ကာလတွင် ထီရောင်းအားကျဆင်း

**မုံရွာ စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ထီရောင်းအားများ ကျဆင်းနေသည့်အတွက် မုံရွာမြို့မှ ထီအရောင်းဆိုင်များအနေဖြင့် ဝယ်ယူထားပြီးသော အောင်ဘာလေ ထီလက်မှတ်များကို အရှုံးခံ၍ ရောင်းချနေကြရကြောင်း သိရသည်။

မုံရွာမြို့ အောင်ကောင်းဆင့်ထီဆိုင်မှ ပိုင်ရှင် ကိုကျော်ဇင်က "အရင်လက ရောင်းအားကောင်းသလောက် ဒီလမှာ ရန်ကုန်မြို့မှာ ကိုဗစ်လူနာတွေ များလာပြီး Stay at Home လုပ်လိုက်တော့ မုံရွာမှာလည်း ထီကမရောင်းရဘူး။ ဒီလ ထီအဖွင့်ဈေး ၁၀၂၀ ကျပ်ဈေးနဲ့ ဖွင့်တာကနေ ဈေးက တဖြည်းဖြည်းနဲ့ ကျလာလိုက်တာ အခုဆို ရန်ကုန် အချို့နေရာတွေမှာ လက်ကားဈေး တစ်စောင် ၆၀၀ လောက်နဲ့ ရနေတယ်လို့ သိရတယ်။ ကျွန်တော်တို့ကတော့ ၆၀၀ ရရ၊ ၄၀၀ ရရ၊ နောက်ဆုံးအလကားပေးမယ်ဆိုတောင် ထပ်မယူနိုင်တော့ဘူး။ အခု ကျွန်တော်တို့လက်ထဲမှာ ရှိတဲ့ ရောင်းနေတဲ့ထီတွေက တစ်စောင် ကျပ် ၁၀၀၀ ကျော်နဲ့ ဝယ်ထားရတာပါ။ ထီဈေးကျတော့ လက်ရှိအချိန်မှာ ၉၀၀ လောက်အထိ ဈေးလျှော့ပြီး အရှုံးခံရောင်းနေရတဲ့ အခြေအနေပါ"ဟု ပြောသည်။

မုံရွာမြို့မှ ထီသည်များမှာ ယခင်လများက ထီတစ်စောင်လျှင် ကျပ် ၁၂၀၀ ခန့်နှုန်းဖြင့် ရောင်းချခဲ့ရာမှ လက်ရှိတွင် ထီ ၁၀ စောင်တွဲ တစ်တွဲကို ကျပ် ၉၅၀၀၊ ကျပ် ၉၀၀၀ နှုန်းအထိ လျှော့ချ၍ ရောင်းချနေရပြီး အချို့ ထီဆိုင်များဆိုလျှင် ထီတစ်စောင် ကျပ် ၈၀၀ အထိ ဈေးချ၍ အိမ်တိုင်ရာရောက် ရောင်းချပေးနေသူများလည်းရှိနေကြောင်း သိရသည်။

"ဈေးကွက်မှာ အပြိုင်အဆိုင်နဲ့ ရောင်းနေကြရပေမယ့် ကိုဗစ်ကြောင့် လူတွေ ထွက်မရတာရယ်၊ ထီသည်တွေ အိမ်အရောက်သွားရောင်းလို့ မရတာတွေရယ်ကြောင့် ဈေးဘယ်လောက်ချရောင်းရောင်း မရောင်းရတဲ့ အခြေအနေပါ။ ဒီလိုသာ ကြာရင်တော့ ထီသမားတွေ တော်တော်စိတ်ပျက်ပြီး လျော့လာမယ့်ပုံ ဖြစ်နေပါပြီ"ဟု ကိုကျော်ဇင်က ဆက်ပြောသည်။



ဆိုင်ကယ်ကံစမ်းမဲပေး၍ ရောင်းချရန် ကြော်ငြာနေသည့် ထီကားတစ်စီး။

မုံရွာမြို့၌ ထီအရောင်းအဝယ် မကောင်းသောကြောင့် လက်ရှိအချိန်တွင် ထီလောကကို လုံးဝကျောခိုင်းသွားကြသူများရှိသလို အခြားအလုပ်မရ၍ ရရာအလုပ်အဖြစ် ထီဝင်ရောင်းနေသူများလည်း ရှိကြောင်း ထီဆိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်ယုယုခင်က ပြောသည်။

"အရင်လတွေထက် ထီက တစ်ဝက်လောက်ပဲ ရောင်းရတော့တာပါ။ ဆိုင်အချို့ဆို စိတ်ဓာတ်ကျပြီး မရောင်းကြတော့တာရှိသလို အလုပ်အကိုင်ရှားပါးတော့ အခုမှ ထီဝင်ရောင်းကြတာလည်း ရှိပါတယ်။ ထီ လက်ကားဈေးကွက်ကတော့ အတော်ကျဆင်းနေတယ်။ မရောင်းရဘူး။ ကိုဗစ် ပထမလှိုင်းဖြစ်စမတ်လတုန်းကလည်း ထီတွေ အတော်ကျန်ခဲ့ကြတယ်။ လက်ကားဈေးမှာ အရှုံးများခဲ့သလို လက်လီဈေးကွက်မှာလည်း ရောင်းမကောင်းခဲ့ဘူး။ လက်ရှိအချိန်ကတော့ အသွားအလာလည်း အဆင်မပြေလို့ ထီရောင်းထွက်ဖို့က အဆင်မပြေဘူး။ တော်တော်ခက်ခက်ခဲခဲ ရင်ဆိုင်ကြရလိမ့်မယ်"ဟု ဒေါ်ယုယုခင်က ဆက်ပြောသည်။

လက်ရှိအချိန်တွင် မုံရွာမြို့ရှိ ထီဆိုင်ရှင်များ၏ လက်ထဲတွင် ထီလက်ကျန် များနေသည့်အတွက် ထီဆိုင်ပိုင်ရှင်များအနေဖြင့် နောက်လအတွက် ထီစာအုပ်များဝယ်ယူရာတွင် ရောင်းအားကို ချင့်ချိန်၍ ဝယ်ယူရန်လည်း ပြင်ဆင်နေကြရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မြစ်သာမြစ်အတွင်း ငါးကောင်ရေတစ်သိန်း မျိုးစိုက်ထည့်

**ကလေး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငါးသယံဇာတ တိုးပွားစေရေးအတွက် မြစ်သာမြစ်အတွင်းသို့ ငါးကောင်ရေတစ်သိန်းကို ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

"ဌာနအနေနဲ့ ကလေးမြို့နယ်အတွင်းမှာ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်ရန်နဲ့ ရေချို ငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ နောက်ပြီးတော့ တိုင်းဒေသကြီး ရန်ပုံငွေအတွက် အခွန်အခရရှိစေရန်တို့ကို ရည်ရွယ်ပြီးတော့ ငါးသားပေါက်တွေကို မျိုးစိုက်ထည့်ရခြင်း ဖြစ်ပါတယ်၊ အခု မျိုးစိုက်ထည့်မှာကတော့ ငါးမြစ်ချင်း အကောင်ရေ ငါးသောင်းနဲ့ ထိုင်းငါးခုံးမ အကောင်ရေ ငါးသောင်း စုစုပေါင်းအကောင်ရေတစ်သိန်း ဖြစ်ပါတယ်"ဟု ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေါ်ခင်မိုးလွင်က ပြောကြားသည်။



ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်းကလည်း ငါးမြစ်ချင်းသားပေါက် အကောင်ရေ တစ်သိန်းကို မြစ်သာမြစ်အတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်းနှင့် ငါးသံဇာတ မပြုန်းတီးစေရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ ပြည်သူများအား အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်ရှိ ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့တွင် ပျိုးပင်များ အခမဲ့ရယူနိုင်

**ဘိုကလေး စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ သစ်ပင်ချစ်သူများ၊ သစ်ပင်စိုက်ပျိုးလိုသူများအနေဖြင့် လက်ရှိအချိန် မိုးအကုန် ဆောင်းအကူး ကာလတွင် သစ်ပင်များ စိုက်ပျိုးလိုပါက ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၄)ရပ်ကွက် စိန်ပန်း(၅)လမ်းရှိ ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့တွင် ပျိုးပင်များကို အခမဲ့ရယူနိုင်ကြောင်း သိရသည်။

ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့တွင် သရက်၊ ပိန္နဲ၊ ချယ်ရီ၊ ပုန်းညက်၊ စွယ်တော်၊ ဗာဒံ၊ တရုတ်ဆီးသီး၊ နှင်းသီး၊ ညမွှေးပန်း၊ သံသတ်၊ ခရေ၊ ပိတောက် စသည့် သစ်ပင်မျိုးစုံ ပျိုးပင်များကို ပျိုးထောင်ထားရှိရာ စိုက်ပျိုးလိုသူများအနေဖြင့် အခမဲ့ ရယူနိုင်ကြောင်းနှင့် ဘိုကလေးမြို့နယ်ရှိ အဆိုပါ ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့သည် အထိမ်းအမှတ်နေ့များ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး သစ်ပင်စိုက်ပျိုးရေးပွဲများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**


ပိတောက်ရွှေဝါ စိုက်ပျိုးရေးအဖွဲ့၏ ပျိုးခြံ

## သတင်းတိုများ

### ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးရွာရှစ်ရွာမှ Cash for Work စီမံကိန်းလုပ်ငန်းများ ပြီးစီး

**ကန်ကြီးထောင့် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် Cash For Work စီမံကိန်းဖြင့် မြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင်လမှ စတင် အကောင်အထည်ဖော်ခဲ့ရာ စက်တင်ဘာ ပထမပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပေပင်ကြီး၊ လယ်တီ၊ အစုကြီး၊ ရိုးကြီး၊ ကျုံဒရယ်၊ ဝဲချောင်း၊ ကွမ်းသီးပင်ဆိပ်၊ ကျီးတော(တောင်) ကျေးရွာတို့တွင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် အုတ်ပေါင်ခတ် သဲခင်းခြင်းလုပ်ငန်း၊ Box Culvert တည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ ကျေးရွာတွင်း မြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွာသူရွာသားများ၏ လုပ်အားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ပထမပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးသွားခြင်းဖြစ်သည်။

**နိုင်လင်း(KGD)**

### ရှမ်းရွာသစ်မြို့၌ ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**ရှမ်းရွာသစ် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အသက် ၈၀နှင့် ၈၅နှစ်ကြား ဘိုးဘွားများအား ထောက်ပံ့ငွေများကို လူမှုဝန်ထမ်းဦးစီးဌာနက စက်တင်ဘာ ၂၇ ရက်မှစ၍ ပေးအပ်လျက်ရှိသည်။ ရှမ်းရွာသစ်မြို့ မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု ကိုးစုတွင် ဘိုးဘွား ၃၂ ဦးရှိရာ တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်သုံးသောင်းစီကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုဗစ် -၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ပေးအပ်ခြင်းဖြစ်ပြီး ရှမ်းရွာသစ်မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဘိုးဘွားများထံ အိမ်အရောက် လိုက်လံထောက်ပံ့ပေးအပ်နေခြင်းဖြစ်သည်။

**ဇင်လေး(ပြန်/ဆက်)**

### ညောင်ရွှေ၌ စားသောက်ဆိုင်များ ပါဆယ်သာရောင်းရန် စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် စားသောက်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် ညွှန်ကြားထားရာ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ညောင်ရွှေမြို့တွင်းရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအားလုံးကို ရောဂါကာကွယ်ရေးအတွက် လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

**စိုင်းအယ်ဘဲ**

### အိမ်မဲမြို့၌ နှာခေါင်းစည်းတပ်ဆင်ရန် လိုက်လံစစ်ဆေး

**အိမ်မဲ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့မဈေးကြီး အတွင်းအပြင် ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချသူများနှင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အိမ်အပြင်ထွက်တိုင်း နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန် ကွင်းဆင်းစစ်ဆေးမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။ အိမ်မဲမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက အဖွဲ့သုံးဖွဲ့ခွဲပြီး နေ့စဉ် မနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ်၊ ညနေတစ်ကြိမ် မိုဘိုင်းစနစ်ဖြင့် ပြည်သူများ အပြင်ထွက်တိုင်း နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန် လိုက်လံစစ်ဆေးခြင်းဖြစ်ပြီး နှာခေါင်းစည်းမပါသူများအား အခုဝယ်၊ အခုတပ်စနစ်ဖြင့် တပ်ဆင်စေကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေးက ပြောကြားသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**


(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငါးသိုင်းချောင်းမြို့ နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်သန့်ဇင်မောင်နှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၂၀ က ငါးသိုင်းချောင်းမြို့ ကျက်သရေဆောင် အနန္တဂုဏလောကမာရဇိန်စေတီတော် ရင်ပြင်နှင့် တန်ဆောင်း၌ စက်တင်ဘာ ၂၃ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ **စိုးမင်းဦး(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်လူငယ်ရေးရာကော်မတီက ဒုတိယအကြိမ်မြောက် Mask Campaign ပြုလုပ်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ကျောက်ပန်းတောင်းမြို့နယ် လူငယ်ရေးရာကော်မတီက Pact Myanmar အဖွဲ့၏ နှာခေါင်းစည်းများ ပံ့ပိုးလှူဒါန်းမှုဖြင့် ဒုတိယအကြိမ်မြောက် Mask Campaign ကို မြို့မစည်ပင်သာယာဈေး၊ တမ္ပဝတီဈေးနှင့် ဘူတာလမ်းဆုံတို့တွင် စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီ၏စီစဉ်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် ကော်မတီဝင်များ၊ မြို့ နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်ကေခိုင်နှင့် ဝန်ထမ်းများ၊ အလှူရှင် Pact Myanmar အဖွဲ့မှ ဝန်ထမ်းများအင်အား ၂၅ ဦးက အဆိုပါဈေးများသို့ လာရောက်သည့် ရောင်းဝယ်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများအား Pact Myanmar က လှူဒါန်းသည့် တစ်ခါသုံးနှာခေါင်းစည်း အခုရေ ၇၅၀၀ ကို ဖြန့်ဝေပေးပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း ပညာပေးခြင်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**

## ကော့သောင်းအကျဉ်းထောင်မှ ထိုင်းနိုင်ငံသားတစ်ဦးအား ထိုင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေး

**ကော့သောင်း စက်တင်ဘာ ၂၇**

ကော့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော နိုင်ငံခြားသား (ထိုင်းနိုင်ငံသား) အကျဉ်းသားတစ်ဦးအား ပြစ်ဒဏ်စေ့သဖြင့် စက်တင်ဘာ ၂၇ ရက်တွင် အကျဉ်းဦးစီးဌာနက ကော့သောင်းမြို့နယ် လဝကသို့ လွှဲပြောင်းပေးအပ်ကာ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသားဖြစ်သူ ထက်စံဘူထရီနာမ် ဆိုသူမှာ ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၈(က)အရ ထောင်ဒဏ် ၅ နှစ်နှင့် လဝကအက်ဥပဒေ ပုဒ်မ ၁၃(၁)အရ ထောင်ဒဏ် ၂ နှစ် ကျခံနေရာမှ စက်တင်ဘာ ၂၆ ရက်တွင် လွတ်မြောက်ခဲ့၍ ထိုင်းနိုင်ငံသို့ပြန်နိုင်ရန် အကျဉ်းဦးစီးဌာနက ကော့သောင်းမြို့နယ် လဝက ဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ဆေးထောက်ခံချက်၊ ၎င်းအပ်နှံထားရှိသော ငွေကြေး၊ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့၍ မြန်မာ လဝကမှ တာဝန်ရှိသူများက ကော့သောင်းမြို့မ ဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းမြို့ တာဝန်ရှိသူများထံသို့ ပြန်လည် လွှဲပြောင်းပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## အင်းစိန်မြို့နယ် လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ Super Sunday လူမှုကူညီရေးအသင်းအနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်လျက် မော်တော်ယာဉ်တစ်စီးကို အလှူရှင် ဦးဝင်းကျော်-ဒေါ်နန်းသူဇာခင် ငွေကြယ်စင်(မော်တော်ယာဉ်ထုတ်လုပ်ရေး)ကုမ္ပဏီက စက်တင်ဘာ ၂၅ ရက်က လှူဒါန်းခဲ့သည်။ မော်တော်ယာဉ်ကို အင်းစိန်မြို့နယ် အဆိုပါ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ကိုသူရိန်ထွန်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အင်းစိန်မြို့နယ် Super Sunday လူမှုကူညီရေးအသင်းအတွက် ယခု အလှူခံရရှိသည့် မော်တော်ယာဉ်သည် ရှစ်စီးမြောက် အလှူခံရရှိခြင်းဖြစ်ပြီး အသင်းအနေဖြင့် လူမှုကူညီရေး လုပ်ငန်းများနှင့်အတူ အင်းစိန်မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင်လည်း အရှိန်အဟုန်မြှင့်၍ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စဉ်ဆက်မပြတ် အသိပညာပေးနေ

**သံတောင်ကြီး စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင် ရပ်ကွက်(၄) လမ်းဆုံ၌ ပြည်သူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာ အကွယ်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သံတောင်ကြီး အမျိုးသမီးများအဖွဲ့နှင့် သံတောင်ကြီးမြို့ လူငယ်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းများကို စနစ်တကျ လိုက်နာရန်၊ အပြင်ထွက်ပါက နှာခေါင်းစည်း တပ်ဆင်ကြရန်နှင့် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် အသိပညာပေး၍ ပြည်သူများအား နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## ငမိုးရိပ်လျှပ်စစ်ရေတင်လုပ်ငန်းဧရိယာအတွင်း ပါဝင်သွားသော လယ်မြေများအတွက် မြေယာနစ်နာကြေးပေးအပ်

**လှည်းကူး စက်တင်ဘာ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ငမိုးရိပ် လျှပ်စစ်ရေတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ရေပေးမြောင်းဧရိယာအတွင်း ပါဝင်သွားသော လယ်မြေများအတွက် မြေယာနစ်နာကြေးငွေများကို စက်တင်ဘာ ၂၅ ရက်က ဒေသခံတောင်သူများထံ ပေးအပ်ခဲ့သည်။

လက်ပံကျေးရွာရှိ ငမိုးရိပ်လျှပ်စစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင် ခန်းမ၌ ပြုလုပ်ခဲ့သည့် နစ်နာကြေးငွေပေးအပ်ပွဲတွင် လှည်းကူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်က နိုင်ငံတော်အစိုးရမှ နစ်နာကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ငမိုးရိပ်လျှပ်စစ်ရေတင်လုပ်ငန်း ရေပေးမြောင်း ဧရိယာအတွင်း ပါဝင်သွားသော တောင်သူ ၅၄ ဦး၏ လယ်ယာမြေ



၁၆၁ ဒသမ ၅၁ ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း ၅၀ နှုန်းဖြင့် နစ်နာကြေးငွေ ကျပ် ၈၀၇၅၅၀၀၀၀ ကို တောင်သူများထံ ခွဲဝေပေးအပ်သည်။ **နိုင်လင်း(လှည်းကူး)**

## အသေးစားရန်ပုံငွေအဖွဲ့(PGMF)က စိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေ ကျပ် ၈၅ ဘီလီယံကို ဦးစားပေး ဝန်ဆောင်မှုပေး

**ရန်ကုန် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်အလွန်ကာလတွင် ကုန်ထုတ်လုပ်ငန်း၊ အခြားသောစီးပွားရေးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့အတွက် ချေးငွေ ကျပ် ၃၁၂ ဘီလီယံကို အပြည်ပြည်ဆိုင်ရာ အသေးစားငွေကြေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း (Pact Global Microfinance Fund-PGMF)က အသင်းဝင်များအား ဝန်ဆောင်မှုပေးရာတွင် စိုက်ပျိုး ရေးကဏ္ဍတွင် အသုံးပြုရန် ကျပ် ၈၅ ဘီလီယံကို အထူးဦးစားပေး၍ ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရ သည်။

PGMF အဖွဲ့အနေဖြင့် ယခုနှစ် ဩဂုတ်လအထိ ကျေးရွာပေါင်း ၁၆၀၀၀ မှ ကျေးလက်နေပြည်သူ တစ်သန်းကျော်အား ငွေကြေးဝန်ဆောင်မှုများ ပေးခဲ့ပြီး ကိုဗစ်-၁၉ ရိုက်ခတ်မှုကို ကြုံတွေ့နေရသော တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုအပ်သော အရင်းအနှီးကို ထောက်ပံ့ခြင်းဖြစ်ကာ ဆုံးရှုံးမှုကို ပြန်လည်ရင်းနှီးမြှုပ်နှံရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်ကြောင်း သိရသည်။ PGMF အနေဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းဘဏ်များမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၃ မီလီယံ (မြန်မာငွေ ကျပ် ၈၄ ဘီလီယံ)ကို မြှင့်တင်နိုင်ခဲ့ပြီး အဆိုပါ ရန်ပုံငွေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သက်ရောက်မှု၏ စိန်ခေါ်မှုကာလတွင် ငွေကြေးဝန်ဆောင်မှုများကို ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်ရန် ခွင့်ပြုခဲ့ရာ PGMF သည် ၂၀၂၀ မေ ၁၈ ရက်တွင် ကွင်းဆင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့တွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် စိုက်ပျိုးရေးချေးငွေကို အထူးဦးစားပေး၍ ဝန်ဆောင်မှုပေးခဲ့ကြောင်း၊ PGMF အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် မတ်လမှစ၍ ဝန်ဆောင်မှုများကို ယာယီရပ်နားခဲ့ပြီး ရောဂါကြောင့် ချေးငွေ ပြန်လည်ပေးဆပ်ရန် ခက်ခဲသူများရှိသလို ချေးငွေအသစ်များ ချပေးရန် တောင်းဆိုသူနှင့် လက်ရှိချေးငွေများအတွက် ရက်ရွှေ့ပေးရန် တောင်းဆိုသူများလည်း ရှိခဲ့၍ ဧပြီလနှင့် မေလအတွင်း အသေးစားငွေကြေးဝန်ဆောင်မှုများပေးနိုင်ရန် ရေးဆွဲထားသော အစီအစဉ်တွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

PGMF သည် ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုများ စတင်ခဲ့ပြီး ဝင်ငွေနည်းပါးသူတို့အား အဖွဲ့လိုက် ချေးငွေထုတ်ပေးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်နှင့် တောင်ပေါ်ဒေသများရှိ မြို့နယ်ပေါင်း ၈၈ ခုတွင် ချေးငွေဝန်ဆောင်မှုများ ပေးလျက်ရှိကာ ထပ်မံ၍ ချေးငွေဝန်ဆောင်မှုများ ပေးနိုင်ရန်လည်း စီမံဆောင်ရွက်နေကြောင်း သိရသည်။ **သစ္စာ**

## မင်းတပ်မြို့နယ်၌ Cash for Work စီမံကိန်းအရ ဆောင်ရွက်သော ကုန်ထုတ်လမ်းလုပ်ငန်းများ ပြီးစီး

**မင်းတပ် စက်တင်ဘာ ၂၇**

ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ဝင်ငွေရရှိရေးနှင့် ကျေးရွာအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Cash for Work စီမံကိန်းဖြင့် ကျေးရွာ ၁၀ ရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ကျေးရွာ တစ်ရွာလျှင် စီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၀ သန်း ချပေး၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သောလုပ်ငန်းများကို ကျေးလက်နေပြည်သူများကိုယ်တိုင် လုပ်အားဖြင့် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေခြင်းဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်အတူ ကျေးလက်နေပြည်သူများကိုပါ ဝင်ငွေရရှိစေသည့် စီမံကိန်းဖြစ်သည်။

မင်းတပ်မြို့နယ်၌ Cash for Work စီမံကိန်းကို ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကျေးရွာများရှိ ဝဥစိုက်ခင်း၊ ဆပ်နီ၊ ဆပ်ဝါ၊ ပြောင်း၊ အားလူးစိုက်ခင်းများသို့ သွားလာသည့် လမ်းများကို ကျေးလက်ကုန်ထုတ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ ယခုအခါ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ ကျေးရွာ ၁၀ ရွာမှ ဒေသထွက်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်စဉ်အတွင်း အိမ်ထောင်စု ၅၃၉ စုမှ ကျေးလက်နေပြည်သူများအတွက် လုပ်အားခ ကျပ် ၉၆ ဒသမ ၀၄၈ သန်း ပေးချေနိုင်ခဲ့ပြီး လုပ်ငန်းအထောက်အကူပြုပစ္စည်းနှင့် ကော်မတီ အုပ်ချုပ်မှုစရိတ်အတွက် ကျပ် ၃ ဒသမ ၉၅၁၈ သန်းကိုသာ သုံးစွဲခဲ့ကြောင်း မင်းတပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးထံမှ သိရသည်။ **ဇော်မင်းငွေ**

## ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ အသုံးပြုရန် အလှူငွေနှင့် ဆေးဝါးများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး



လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား ကုသပေးနိုင်ရန်အတွက် အလှူငွေနှင့် ဆေးဝါးများကို Rotary Club of Victory Myanmar က စက်တင်ဘာ ၂၃ ရက်က လှူဒါန်းခဲ့သည်။

ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား ကုသပေးရာတွင် အသုံးပြုနိုင်ရန် အလှူငွေ ကျပ် ၁၀ သိန်းနှင့် ကျပ်သိန်း ၉၀ တန်ဖိုးရှိ ဆေးဝါးများကို အလှူရှင် Rotary Club of Victory Myanmar က ရန်ကုန်မြို့ဘက်ခြမ်းရှိ ဝါးတန်း ကားကူးတို့ ဇက်ဆိပ်တွင် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဒလမြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

လက်ရှိအချိန်တွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော အတွင်းလူနာ ၃၈ ဦး ရှိကြောင်းနှင့် ဒလမြို့နယ်အတွင်းမှ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်း ၁၂ ခုတွင် အသွားအလာကန့်သတ် စောင့်ကြည့်နေသူ ၅၇၀ ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းထံမှ သိရသည်။ **နိုင်လင်းကျော်(ဒလ)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်(၉)ခု၌ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း ကုန်းမြင့်လယ်ယာမြေ ၈၀၇ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာများတွင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၉-၉-၂၀၂၀ရက် |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၁၂-၁၀-၂၀၂၀ရက် |
| **တင်ဒါပုံစံပေးပို့ရမည့်နေရာ** | - အမှတ်(၃)ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းရုံး၊ဟားခါးမြို့၊ ချင်းပြည်နယ် |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - ၀၇၀၂၁၆၃၇၊၀၉-၂၄၅၁၀၅၈ |

**တင်ဒါကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ် Lot No အမျိုးအမည်

(၁) Lot-1 { Steel Structure ဂိုဒေါင်တည်ဆောက်ခြင်း(၉၀'x၄၅'x၁၅')

(၂) Lot-2 (က) (၄)ခန်းတွဲ(၁)ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း ကွန်ကရစ်ခင်းခြင်း(၁၇၅၀စ/ပေ၊ ၆"ထု)အပါ

(ခ) သင်တန်းသားအိပ်ဆောင်ဝင်းအတွင်းရှိ စားရိပ်သာဆောင် တိုးချဲ့တည်ဆောက်ခြင်း(၁၅'X၅၀')+၂x(၁၀'x၃၀')(၁၃၅၀စ/ပေ)

(ဂ) (၄)ခန်းတွဲအိမ်သာ တည်ဆောက်ခြင်း(၂၀'x၅')(၁၀၀စ/ပေ)

၂။ တင်ဒါအကြိုညှိနှိုင်းအစည်းအဝေးအား၁၅-၁၀-၂၀၂၀ရက်၊နံနက်၁၀:၃၀နာရီတွင် လုပ်ငန်း ဆောင်ရွက်မည့် ပျဉ်းမနားမြို့၊ မြောက်လွတ်ကုန်းကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သို့လှောင်ရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၄-၁၁-၂၀၂၀ရက် ၁၀:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)နေပြည်တော် ဖုန်း-၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၅၇ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့နယ်၊ ဆိတ်ချိုကျေးရွာနေ ဦးစံတင့် ၉/ပဘန(နိုင်)၀၃၄၂၆၈ ၏သား ဦးစိုးလှိုင် (ခ) ဦးညိုလုံး ၉/ပဘန(နိုင်) ၀၃၅၁၆၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးလှိုင်(ခ)ဦးညိုလုံး**

ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးထင်ပွန်းတစ်ချစ်သူစုံတွဲမင်္ဂလာရက်ရွေး
01-399136,09-401207303,09-73009994
09-515252 တိုက်အမှတ်(၉)ဒုထပ်၊၈၇လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

## မတည်ရင်းနှီးငွေလျှော့ချခြင်းအားအစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ KT Transport Services 2018 Co.,Ltd.၏ မတည်ရင်းနှီး ငွေကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၅၀ သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**KT Transport Services 2018 Co.,Ltd.**
**ဖုန်း-၀၉-၅၁၃၃၉၈၉**

## အစည်းအဝေးအကြောင်းကြားစာ

Nay GaBar Myanmar Development Co.,Ltd. သည် မတည်ငွေရင်း လျှော့ချခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ပုဒ်မ ၁၁၆(c)(၂)အရ မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် အများသိစေရန် အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **အစည်းအဝေးကျင်းပမည့်ရက်** | - ၂၉-၉-၂၀၂၀ ရက် |
| **အစည်းအဝေးကျင်းပမည့်အချိန်** | - နံနက် ၁၀:၃၀ နာရီ |
| **အစည်းအဝေးကျင်းပမည့်နေရာ** | - ကုမ္ပဏီရုံးခန်း |

## အစည်းအဝေးအကြောင်းကြားစာ

Nay GaBar Myanmar Construction Co.,Ltd. သည် မတည်ငွေရင်း လျှော့ချခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ပုဒ်မ ၁၁၆(c)(၂)အရ မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် အများသိစေရန် အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **အစည်းအဝေးကျင်းပမည့်ရက်** | - ၂၉-၉-၂၀၂၀ ရက် |
| **အစည်းအဝေးကျင်းပမည့်အချိန်** | - နံနက် ၁၀:၃၀ နာရီ |
| **အစည်းအဝေးကျင်းပမည့်နေရာ** | - ကုမ္ပဏီရုံးခန်း |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)၊ရန်ကုန်မြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ်ရှိ ပုကိုင်တာရေသွင်းတံခါးတည်ဆောက်ခြင်းနှင့် ညောင်လေးပင်မြို့နယ် တာဦး-ဆင်ရွာ ရေလျှံထိန်းတာဖို့ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်၊ကုမ္ပဏီများထံမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၅-၁၀-၂၀၂၀ ရက်မှ ၉-၁၀-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါတင်သွင်းရမည့်ရက်** | - ၂၀-၁၀-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက် ညနေ ၄ နာရီအထိ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၂၇-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီ |
| **တင်ဒါရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - ကြည်သာချမ်းမြေမွှာရုံ၊တိုင်းဆည်မြောင်းရုံးဝင်း၊ ပဲခူးမြို့ |

၂။ တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါပုံစံတင်သွင်းရန် ကိစ္စရပ်များအတွက် လူကိုယ်တိုင်လာရောက်ရန်အခက်အခဲရှိပါက တင်ဒါပုံစံရယူရန်နှင့် တင်ဒါလျှောက်လွှာကြေးများပေးသွင်းရန်အတွက် အောက်ပါလိပ်စာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

E-mail Address- con6yangon@gmail.com

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်းမေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၅၀၆၈၅၉၅၊ ၀၉-၇၇၆၁၇၃၈၀၃၊ ၀၉-၆၆၇၁၅၇၃၅၇**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## သက်ဆိုင်သူများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်ရုံး စည်းကြပ်နယ်မြေအတွင်း၌ဖြစ်ပွားခဲ့သည့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ၊ တောင်းဆိုမှုများနှင့် ပတ်သက်၍ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာတွင် အလုပ်သမားအားပေးရန်ရှိသော လုပ်ခလစာနှင့် နစ်နာကြေးငွေများကို အလုပ်သမားများမှ လာရောက်ထုတ်ယူခြင်း မရှိ၍လည်းကောင်း၊ လေလံတင်ရောင်းချရငွေမှ ပိုလျှံငွေများကို သက်ဆိုင်ရာအလုပ်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိ၍ လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အခွန်အရာရှိမှ လှိုင်သာယာ မြန်မာ့စီးပွားရေးဘဏ်၌ စာရင်းရှင်ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိခဲ့ပါသည်။

သို့ဖြစ်၍ လာရောက်ထုတ်ယူခြင်းမရှိသေးသည့် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လှိုင်သာယာ စက်မှုဇုန်ရုံးသို့ ဆက်သွယ်သတင်းပေးပို့ရန်၊လာရောက်ထုတ်ယူသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) ငွေထုတ်ပေးရန် ခိုင်လုံသော အထောက်အထား တစ်ခုခု ယူဆောင်လာကြပါရန်နှင့် ထုတ်ယူရန်ကျန်ရှိသည့် စက်ရုံ၊အလုပ်ရုံ အလုပ်သမားစာရင်းကို သိရှိနိုင်ရန် ပူးတွဲလျက် အသိပေးကြေညာအပ်ပါသည်။

| စဉ် | စက်ရုံအမည် | ခုနှစ် | လက်ကျန်ငွေ | အလုပ်သမားသို့ ပေးရန်ငွေ | အလုပ်ရှင်သို့ ပေးရန်ငွေ | အလုပ်သမားအမည်/ မှတ်ပုံတင်အမှတ် | (ဘ)အမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မန်းမြို့တော် ပေါက်စီစက်ရုံ | ၂၀၁၄ | ၁၂၉၆၀၀၀ | ၁၂၉၆၀၀၀ | - | ဦးမောင်အေးဇော် ၁၃/ကလန(နိုင်)၀၆၄၉၉၉ | ဦးအောင်ထွန်း | |
| ၂ | Master Sports ဖိနပ်စက်ရုံ အလုပ်သမား(၁၀)ဦး | ၂၀၁၄ | ၇၄၈၇၂၂၄ | ၂၂၈၀၉၀၀ | ၇၂၅၉၁၂၂၄ | ဒေါ်မြမြဝင်း ပါ အလုပ်သမား(၁၀)ဦး | - | |
| ၃ | The Myth Apparel အထည်ချုပ်စက်ရုံ အလုပ်သမား(၅၉)ဦး | ၂၀၁၄ | ၅၅၈၈၂၂၂ | ၁၀၁၃၈၆၃ | ၄၅၇၄၃၅၉ | ဒေါ်စိုးမိုးထွေး ပါ အလုပ်သမား(၅၉)ဦး | - | |
| ၄ | ထိပ်တန်းအထည်ချုပ်စက်ရုံ အလုပ်သမား(၆)ဦး | ၂၀၁၆ | ၉၃၂၄၀၀ | ၉၃၂၄၀၀ | - | မဇင်မာသက် ပါ အလုပ်သမား(၆)ဦး | - | - |
| ၅ | မိုရာဆံပင်တုစက်ရုံ | ၂၀၁၅ | ၁၆၂၉၀၀ | ၁၆၂၉၀၀ | - | မောင်ထိန်လင်းမောင် | - | - |
| ၆ | North Shore အထည်ချုပ်စက်ရုံ အလုပ်သမား(၃)ဦး | ၂၀၁၆ | ၂၁၆၀၀၀ | ၂၁၆၀၀၀ | - | မနှင်းနှင်းအေး ၈/တတက(နိုင်)၁၅၉၆၀၄ မသန်းသန်းဝေ ၁၄/ဖပန(နိုင်)၂၀၁၂၇၉ မနွယ်နွယ်စိုး ၁၁/မပန(နိုင်)၁၂၀၀၃၅ | ဦးရဲမောင် ဦးဟန်ဝင်း ဦးလှထွန်းသာ | - |
| | စုစုပေါင်း | | ၈၃၀၆၇၆၄၆ | ၅၉၀၂၀၆၃ | ၇၇၁၆၅၅၈၃ | | | |

### ကယားပြည်နယ်အစိုးရ
### လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန
### လမ်းဦးစီးဌာန ကယားပြည်နယ်
### တင်ဒါခေါ်ယူခြင်း

ကယားပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား၊ တိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၉-၂၀၂၀ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၈-၁၀-၂၀၂၀)ရက်၊ ညနေ(၄:၃၀)နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန်** - အချိန်မီ တင်ဒါတင်သွင်းပြီးသူများသို့ အကြောင်းကြားပါမည်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန လွိုင်ကော်မြို့၊ ကယားပြည်နယ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကိုအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
ဖုန်း-၀၈၃-၂၂၁၄၉၄၊၀၈၃-၂၂၁၀၀၈၊၀၈၃-၅၀၁၀၂

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှ ဖယောင်းတိုင် ၃၈၃ သေတ္တာ(သေတ္တာသုံးရာရှစ်ဆယ်သုံးတိတိ)အား ၂၇-၁၀-၂၀၂၀ ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀နာရီတွင် တင်ဒါဖွင့်လှစ် ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်း ရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ
### ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၂၈ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၀) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "ကဆ" ထိ** စုစုပေါင်းအက္ခရာ (၄၀) လုံး၊ ထီစာအုပ် (၃၂၇၂၇၂၀) အုပ် ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့ရာတွင် ထီစာအုပ် (၃၁၈၅၀၀၁) အုပ် ရောင်းချခဲ့ရပြီး ထီစာအုပ်(၈၇၇၁၉) အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း (၃၁၈၅၀.၀၁၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၉၁၁၀.၀၀၆) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) အထူးဆုကြီးစနစ်
(၁) ကျပ်သိန်းတစ်သောင်းငါးထောင် = (၁) ဆု
(၂) ကျပ်သိန်းတစ်သောင်း = (၁) ဆု
(၃) ကျပ်သိန်းငါးထောင် = (၂) ဆု
(၄) ကျပ်သိန်းနှစ်ထောင် = (၅) ဆု
(၅) ကျပ်သိန်းတစ်ထောင် = (၇) ဆု

(ခ) ဆုတစ်ဆုချင်းစနစ်
(၁) ကျပ်သိန်းငါးရာ = (၂၄) ဆု
(၂) ကျပ်သိန်းနှစ်ရာ = (၂၆) ဆု
(၃) ကျပ်သိန်းတစ်ရာ = (၂၈) ဆု
(၄) ကျပ်သိန်းငါးဆယ် = (၃၁) ဆု
(၅) ကျပ်သိန်းနှစ်ဆယ် = (၃၄) ဆု
(၆) ကျပ်ဆယ်သိန်း = (၄၂) ဆု

(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်
(၁) ကျပ် သုံးသိန်း = (၁၅၀) ဆု
(၂) ကျပ် နှစ်သိန်း = (၁၅၀၀) ဆု
(၃) ကျပ် တစ်သိန်း = (၁၈၀၀၀) ဆု
(၄) ကျပ် ငါးသောင်း = (၁၉၀၀၀၀) ဆု

၄။ ထိုပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း(၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၀) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၁၀.၂၀၂၀)ရက်နေ့(ကြာသပတေးနေ့)၊ နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၁၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မန္တလေးအဝေးသင်တက္ကသိုလ်
### (သင်ကြားရေးရာထူးများ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ လျှောက်လွှာခေါ်ယူခြင်း)

၁။ မန္တလေးအဝေးသင်တက္ကသိုလ်ရှိ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ စီးပွားရေးပညာ ဘာသာရပ်ဌာနများတွင် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော မန္တလေးအဝေးသင်တက္ကသိုလ်နှင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ရာထူးတိုးမြှင့်လျှောက်ထားလိုသူ တွဲဖက်ပါမောက္ခ၊ကထိက၊ လက်ထောက်ကထိက၊ နည်းပြ/သရုပ်ပြများနှင့် ပြောင်းရွှေ့လျှောက်ထားလိုသူ(အဆင့်မြင့်ပညာဦးစီးဌာနက သတ်မှတ်ထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအလိုက် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့်နှစ် သတ်မှတ်ချက် အသားတင်ကာလပြည့်မီသူ) ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ/သရုပ်ပြများသည် သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများမှတစ်ဆင့် မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ အထောက်အထားများ ပြည့်စုံစွာဖြင့် ၁၂-၁၀-၂၀၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
၂။ သတ်မှတ်ပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေး အဝေးသင်တက္ကသိုလ်၏ Website:www.mude.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၃။ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးတင်သွင်းသည့် လျှောက်လွှာများနှင့် အချက်အလက်ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို မန္တလေးအဝေးသင်တက္ကသိုလ် ဌာနမှူး (စီမံ/ဘဏ္ဍာ) ဖုန်း-၀၉-၇၅၀၁၃၉၀၅၅၅နှင့် ဌာနမှူး (ထုတ်လုပ်ရေး) ဖုန်း-၀၉-၄၀၂၅၈၉၄၃၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
၅။ ရာထူးခေါ်စာနှင့် သတ်မှတ်ပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့ email ဖြင့်လည်း ဖြန့်ဝေပေးပို့ထားမည်ဖြစ်ပါသည်။

**မန္တလေးအဝေးသင်တက္ကသိုလ်**

### ပြည်ထဲရေးဝန်ကြီးဌာန
### ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
### အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ၊ မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး၊သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၆-၁၀-၂၀၂၀ ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။
၄။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး** ဖုန်း-၀၆၇-၃၄၁၂၆၂၊ ၀၆၇-၃၄၁၂၄၃၇
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့** ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅
(ဃ) **အကျဉ်းဦးစီးဌာန** ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀
(င) **မီးသတ်ဦးစီးဌာန** ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

### ပြည်ထဲရေးဝန်ကြီးဌာန
### တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**-နေပြည်တော်
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**- နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**-နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး။
(ဃ) **အကျဉ်းဦးစီးဌာန**-နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(င) **မီးသတ်ဦးစီးဌာန**- နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်မှ စတင်ဝယ်ယူနိုင်ပြီး၂၇-၁၀-၂၀၂၀ ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို သက်ဆိုင်ရာတပ်ဖွဲ့/ ဦးစီးဌာန(ရုံးချုပ်)များတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) **ဝန်ကြီးရုံး** ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့** ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅
(ဃ) **အကျဉ်းဦးစီးဌာန** ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆
(င) **မီးသတ်ဦးစီးဌာန** ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ဦးစိုင်းအောင်ထွန်း(သီပေါ)
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဆရာမကြီး ဒေါ်နန်းနွံ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဦး-နန်းဟွမ်နွမ်၊ စိုင်းဆိုင်မိုင်း-မာလီစိုင်းတို့၏ဖခင်ကြီး ဆရာကြီး ဦးစိုင်းအောင်ထွန်း၏ ဈာပနအစီအစဉ်ကို ၂၉-၉-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် သင်္ဂြိုဟ်မည့်အစား မိသားစု၏ဆန္ဒအရ ၂၇-၉-၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

---

## ဦးလှကြည် အသက် (၇၇)နှစ်
### ယာဉ်မောင်း စက်ပြင်(၃)၊
### စီးပွားကူးသန်းရောင်းဝယ်ရေး(ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ် (၃၉)နေ (ဦးထွန်းစိန်-ဒေါ်ထူးငွေ)တို့၏သား၊ (ဦးကျင်အောင်-ဒေါ်တင်တင်အုန်း)တို့၏သားသမက်၊ (ဒေါ်တင်စိန်)၏ခင်ပွန်း၊ ဦးသန်းထွန်းဦး-ဒေါ်စိုးစိုးဝင်း၊ ဦးသန်းလွင်-(ဒေါ်နုနုရီ)၊ (ဦးဇော်ထွန်း)-ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်သူဇာရွှေဇင်တို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏ ဘိုးဘိုးသည် ၂၆-၉-၂၀၂၀ရက် ည ၉:၄၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## Capt. သက်နိုင်
### (Master Mariner) IMT CD-14
### အသက် (၅၈)နှစ်

ရေကြောင်းပညာသိပ္ပံ(IMT) အပတ်စဉ် CD-14 မှ သူငယ်ချင်း Capt. သက်နိုင် (Master Mariner) သည် ၂၅-၉-၂၀၂၀ရက် မွန်းလွဲ ၁:၅၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**IMT Cadet Course**

**(1982-83) ကျောင်းဆင်းသူငယ်ချင်းများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစင်၊ တံတားဒါယိကာမကြီး
## ဒေါ်မြမြသန်း
### သမဝါယမဦးစီးဌာန၊ မင်္ဂလာဒုံမြို့နယ်(ငြိမ်း)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် (၁၅)၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာနေ (ဦးမောင်ပု)- ဒေါ်စိန်ရီတို့၏သမီး၊ (သခင်မြလေး)-ဒေါ်ဝင်းဝင်းကြည်တို့၏သမီးချွေးမ၊ (ဦးဇေယျကို)၏ဇနီး၊ ဦးဇော်ဇော်မင်းထွန်း(ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း)-ဒေါ်သက်မမကျော်၊ ဦးဖြိုးဖြိုးမင်းထွန်း (Uniteam Marine)-ဒေါ်ယဉ်လှဲ့ဝင်းတို့၏မိခင်၊ ဦးသန်းဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးဘစန်း-(ဒေါ်ခင်အေးသစ်)တို့၏ညီမ၊ ဦးခင်စိုး-ဒေါ်ဝင်းသန်း၊ ဦးဝင်းနိုင်-ဒေါ်မိုးမိုးဝင်း၊ ဦးဝင်းသန်း-ဒေါ်နွယ်နွယ်ချို၊ ဦးခင်မောင်နိုင်-ဒေါ်စန်းစန်းဝင်းတို့၏အစ်မ၊ မောင်ဇေယျထက်၊ မဖြိုးမြမှူးကိုတို့၏အဘွားသည် ၂၆-၉-၂၀၂၀ရက် (စနေနေ့) ည ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သွေးသည် အသက်

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုမင်္ဂလမထေရ်
### (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူ ပထမဆုရှင်)
### သက်တော် (၆၂)နှစ်၊ သိက္ခာတော် (၄၃)ဝါ

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ဘိုကုန်းကျေးရွာ၊ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလမထေရ်သည် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၉ရက်) ၂၅-၉-၂၀၂၀ရက် ည ၉:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) ၂၈-၉-၂၀၂၀ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဝေပုလ္လာရာမကျောင်းတွင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ/ဒါယိကာမများ

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်မြင့်
### BAEd, B.Ed
### အထက (၃) မော်လမြိုင်၊ အလက (၆) သာကေတ၊ အထက (၃) အလုံ တိုက်ကြီးဘန့်ပွေးကွင်း အလယ်တန်း ကျောင်းအုပ်၊ လက်ခုပ်ကုန်း အထက အထက်တန်းကျောင်းအုပ် အငြိမ်းစား
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးသိန်းရင်-ဒေါ်ဖွားသင်)တို့၏သမီး၊ (ဒေါ်သန်းသန်းမြင့်)၏ညီမ၊ (ဒေါ်နုဝင်းလှိုင်)၏အစ်မ၊ ဦးမျိုးမင်းဝင်း-ဒေါ်နီလာကျော်၊ ဦးကျော်ဇင်ဦး-ဒေါ်မေမြတ်မွန်တို့၏ကြီးတော်၊ မောင်ဝင်းထိုက်သိန်း၊ မောင်ဝေယံမျိုးမင်း၊ မဝေနှင်းပွင့်သူတို့၏အဘွားသည် ၂၇-၉-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အသိပေးကြေညာခြင်း

စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကော်ဖီစီမံကိန်းဧရိယာ၊ ရေချမ်းအိုးဒေသ၊ သစ်တောကွက်အမှတ် ၄/၅၊ မြေကွက်အမှတ် ၂/၁ အတွင်းရှိ မြေအကျယ် ငါးကေကို ဦးစိုးတင့်(ဘ)ဦးလူလေး ၁၂/သကတ(နိုင်)၀၃၆၈၈၀အား ၂၅-၂-၂၀၀၂ ရက်စွဲပါစာဖြင့် ထိုစဉ်က ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြုခဲ့ရာ ဦးစိုးတင့်မှာ ယင်းမြေအကျယ် ငါးကေ၏ လုပ်ငန်းခွင်အား ဦးချိုဦး ၅/ရဘန(နိုင်)၁၁၈၅၄၁အား ပြန်လည်ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးချိုဦးက ၎င်းဝယ်ယူထားသော ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့သည့် ခွင့်ပြုစာ (၁၈-၃-၂၀၁၆)ရက်စွဲပါ စာအမှတ် (စီမံ-၂၇/၀၄၁/၂၀၁၆)မှာ ပျောက်ဆုံး၍ အသစ်ပြန်လည် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောသက်သေအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက ပျောက်ဆုံးသွားသည့် စာချုပ်အား ပယ်ဖျက်ပြီး ဒုတိယအကြိမ် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုစာ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်**

---

## ဦးကောဒေါသိစေရန်ကြေညာခြင်း

ဗန်းမော်မြို့၊ ရှမ်းဝိုင်းရပ်ကွက်၊ အကွက်အမှတ် -၃၄၊ ဦးပိုင်အမှတ် ၂၁၅၊ မြေဧရိယာ ၀ဒသမ၀၆၇ဧကရှိမြေကွက်၏ မြေငှားဂရန်အမည်ပေါက်သူ ဦးကောဒေါ (AI-၀၀၂၂၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျားမို(ခ) ဦးအောင်မြင့် (BMO -၁၆၃၂၈၅)က ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် အိမ်မြေနေရာအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်လျက်ရှိပြီး အဆိုပါမြေကွက် အား ကျွန်ုပ်မိတ်ဆွေ ဦးကျားမို(ခ) ဦးအောင်မြင့်မှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ရရှိစေရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးကောဒေါမှ ကျွန်ုပ်သို့ဖြစ်စေ၊ ဦးကျားမို(ခ)ဦးအောင်မြင့်ထံသို့ဖြစ်စေ ဆက်သွယ်၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိပါက သက်ဆိုင်ရာတရား ရုံးတော်တွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကောဒေါသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျားမို(ခ)ဦးအောင်မြင့်** | **ဒေါ်စန်းစန်းလွင်(တရားလွှတ်တော်ရှေ့နေ)** |
| **(BMO -၁၆၃၂၈၅)၏** | **စဉ်-၉၇၃၈(၂၆-၃-၂၀၁၄)** |
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **ဆင်ကုန်းရပ်၊ဗန်းမော်မြို့၊ဖုန်း-၀၉-၄၀၀၀၂၈၁၅၄** |

---

## ဦးအောင်ခန့်သိစေရန်ကြေညာခြင်း

ဗန်းမော်မြို့၊ ရှမ်းဝိုင်းရပ်ကွက်၊ အကွက်အမှတ် -၃၄၊ ဦးပိုင်အမှတ် ၂၁၄၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကွက်၏ မြေငှားဂရန်အမည်ပေါက်သူ ဦးအောင်ခန့် (မြို့နယ်ရဲတပ်ဖွဲ့မှူး)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျားမို(ခ)ဦးအောင်မြင့် (BMO -၁၆၃၂၈၅)က ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ရက်တွင် အိမ်မြေနေရာအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်လျက်ရှိပြီး အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဦးကျားမို(ခ)ဦးအောင်မြင့်မှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ရရှိစေရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးအောင်ခန့်မှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးကျားမို(ခ)ဦးအောင်မြင့်ထံသို့ဖြစ်စေ ဆက်သွယ်၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း မရှိပါက သက်ဆိုင်ရာတရားရုံးတော်တွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဦးအောင်ခန့်သိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျားမို(ခ)ဦးအောင်မြင့်** | **ဒေါ်စန်းစန်းလွင်(တရားလွှတ်တော်ရှေ့နေ)** |
| **(BMO -၁၆၃၂၈၅)၏** | **စဉ်-၉၇၃၈(၂၆-၃-၂၀၁၄)** |
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **ဆင်ကုန်းရပ်၊ဗန်းမော်မြို့၊ဖုန်း-၀၉-၄၀၀၀၂၈၁၅၄** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ချမ်းအေးသာယာရပ်ရှိ အကွက်အမှတ် (၅၆)နှင့် အကွက်အမှတ် (၅၇)၊ တိုးချဲ့ကွက်စိပ် မြေပေးစလစ်ရ မြေနှစ်ကွက်အား ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ရီရီဆွေ ၉/မထလ(နိုင်)၁၄၄၁၆၂ က ယင်းမြေကွက်နှစ်ကွက်အား အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအား ပြသဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမောင် ၉/မထလ(နိုင်)၀၄၅၀၇၁ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင် ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင် (LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၈၅)**
**(၁/၂)လမ်းကြား၊ ပြည်သာယာတောင်ပိုင်း၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၂၀၀၁၅၅**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင် လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိ လက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်း ကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ် တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင် ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင် ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၄၃ ဦး တွေ့ရှိ

(၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၂၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၄၃) ဦး တွေ့ရှိ ရပါသည်။

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၁၅၁) ခု | (၄၁၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၉၀) ခု | (၁၈၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၆၀၉) ခု | (၁၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၇၀) ခု | (၁၅) ဦး |
| - နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | (၅) ခု | - |
| ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံ၊ မုံရွာမြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ | (၁၀) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | (၂) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | (၃၉) ခု | (၁၀) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၁၁၉) ခု | (၃၈) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | (၈) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | (၈) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၂၇) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) | (၁,၂၃၃) ခု | (၅၉) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၆) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၂၇၂) ခု | (၇၄၃) ဦး |

၂။ (၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၀,၇၃၄) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၂,၈၆၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၂၂၆) ဦး ရှိပါသည်။

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case 8684 | ၃၁ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ညနေ (၄:၄၀) နာရီ |
| ၂ | Case 2474 | ၈၂ | ကျား | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၇:၄၅) နာရီ |
| ၃ | Case 5401 | ၆၉ | မ | ဝေဘာဂီအထူးကုဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၁၁:၃၀) နာရီ |
| ၄ | Case 4400 | ၆၈ | ကျား | ဝေဘာဂီအထူးကုဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၁၀:၄၅) နာရီ |
| ၅ | Case 5120 | ၃၁ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၇-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ |
| ၆ | Case 1666 | ၇၂ | မ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၇-၉-၂၀၂၀) ရက်နေ့ နံနက် (၁၀:၄၀) နာရီ |
| ၇ | Case 9768 * | ၈၄ | ကျား | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ နံနက် (၁၀:၃၀) နာရီ |
| ၈ | Case 9783 * | ၆၂ | မ | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၉:၁၀) နာရီ |
| ၉ | Case 8494 | ၅၇ | ကျား | ခုတင် (၅၀၀) အထူးကုဆေးရုံကြီး ရန်ကုန်မြို့ | (၂၇-၉-၂၀၂၀) ရက်နေ့ နံနက် (၄:၀၀) နာရီ |
| ၁၀ | Case 8487 | ၅၁ | ကျား | ခုတင် (၅၀၀) အထူးကုဆေးရုံကြီး ရန်ကုန်မြို့ | (၂၇-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၁၂:၃၀) နာရီ |
| ၁၁ | Case 8035 | ၃၇ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၇:၄၀) နာရီ |
| ၁၂ | Case 8683 | ၆၀ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၉:၀၀) နာရီ |
| ၁၃ | Case 9699 * | ၅၃ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ နံနက် (၁၁:၄၀) နာရီ |
| ၁၄ | Case 9692 * | ၅၂ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ညနေ (၅:၁၅) နာရီ |
| ၁၅ | Case 9701 * | ၄၇ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၁၀:၃၀) နာရီ |
| ၁၆ | Case 9702 * | ၆၅ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၁၁:၀၅) နာရီ |
| ၁၇ | Case 9705 * | ၇၂ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ ည (၈:၁၀) နာရီ |

စာမျက်နှာ ၉ ကော်လံ ၁ ❋

## နေရပ်ပြန် မြန်မာသင်္ဘောသားများ ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

ကော့သောင်း စက်တင်ဘာ ၂၇

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်ရန် တရုတ်နိုင်ငံမှ လာရောက်သည့် MV.DOREEN သင်္ဘောပေါ်မှ သင်္ဘောသားရှစ်ဦး၊ စင်ကာပူနိုင်ငံမှ လာရောက်သည့် M.T S-T JACOBI သင်္ဘောပေါ်မှ သင်္ဘောသား ၁၀ ဦး၊ တရုတ်နိုင်ငံမှ လာရောက်သည့် MT GLOBAL IRIS သင်္ဘောပေါ်မှ သင်္ဘောသား ရှစ်ဦး၊ စင်ကာပူနိုင်ငံမှ လာရောက်သည့် MV YU RONG သင်္ဘောပေါ်မှ သင်္ဘောသား ခုနစ်ဦး၊ စင်ကာပူနိုင်ငံမှ လာရောက်သည့်

စာမျက်နှာ ၇ ကော်လံ ၁ ❏



## ပရီမီယာလိဂ် ပွဲစဉ်(၃) အကြိတ်အနယ်ယှဉ်ပြိုင်မည့် လီဗာပူးနှင့် အာဆင်နယ်

စက်တင်ဘာ ၂၉ ရက် နံနက် ၁ နာရီခွဲတွင် ပရီမီယာလိဂ်ပွဲစဉ် (၃)၏ အကောင်းဆုံးပွဲစဉ်အဖြစ် ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းနှင့် အက်ဖ်အေဖလားချန်ပီယံ အာဆင်နယ်အသင်းတို့ ထိပ်တိုက်ဆုံတွေ့နေသည်။ လီဗာပူးအသင်းရော အာဆင်နယ်အသင်းပါ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် နှစ်ပွဲစလုံး အနိုင်ရရှိသည့်အတွက် ယခုပွဲတွင် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာမည်မှာ မလွဲပေ။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်နှစ်ပွဲတွင် ရဂိုး ခြောက်ဂိုးအထိရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးက သုံးဂိုးရှိသည်။ အာဆင်နယ်အသင်းက ရဂိုး ငါးဂိုးရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးက တစ်ဂိုးရှိသည်။ လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယခုပွဲစဉ်မတိုင်မီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် ကွန်မြူနတီဒိုင်းလုပွဲတွင် နောက်ဆုံးအကြိမ် ဆုံတွေ့ထားပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် အာဆင်နယ်အသင်းက ငါးဂိုး-လေးဂိုးဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

## လူ့ဘောင်သစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၂၇

လူ့ဘောင်သစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ခေတ်သစ်ပြည်ထောင်စုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

ခေတ်သစ်ပြည်ထောင်စုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

